**၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁ ခု၊ အောက်တိုဘာလမှ ၂၀၂၂ ခု၊ မတ်လအထိ (၆) လကာလတို့အတွက် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များနှင့် CERP's Action Plan အရ ကိုဗစ်-၁၉ အသုံးစရိတ်များ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်များ အကျဉ်းချုပ်အစီရင်ခံစာ**

**နိဒါန်း**

၁။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ပြည်သူတို့၏ လူမှုစီးပွားရေးဆိုင်ရာထိခိုက်မှုများကို ကုစားနိုင်ရေးအတွက် သုံးစွဲခဲ့သည့်အသုံးစရိတ်များအား စာရင်းစစ်ဆေးမှုခံယူရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၉-၅-၂၀၂၃ ရက်စွဲပါစာများဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ စာရင်းစစ်ဆေးမှုခံယူရန်၊ ၎င်းရုံးသို့ စာရင်းစစ်ဆေးမှုတွင် ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် ငွေတိုက်ဦးစီးဌာနသို့ အစီရင်ခံစာမိတ္တူများ ပေးပို့ရန် အကြောင်းကြားခဲ့ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၁-၁၂-၂၀၂၃ ရက်စွဲပါစာအမှတ်၊ စဘ/ဘဏ္ဍာ-၄/၂/၂ (၆၆၈၄/၂၀၂၃) ဖြင့် အစီရင်ခံစာအကျဉ်းချုပ် ပြုစုပေးပို့ရန် ညှိနှိုင်းအကြောင်းကြားမှုအရ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ ကာကွယ်ရေး ဝန်ကြီးဌာနမှအပ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကိုဗစ်-၁၉ အသုံးစရိတ်များနှင့် မြန်မာနိုင်ငံ၏ဘဏ္ဍာရေးနှင့်အရေးပေါ် ငွေကြေးထောက်ပံ့ရေး နှင့်စီးပွားရေး အစီအစဉ်များပါသည့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက် (COVID-19 Economic Relief Plan- CERP's Action Plan) အကောင်အထည်ဖော်မှု အခြေအနေကို စစ်ဆေးပြီး အဓိကကျသော စစ်ဆေးတွေ့ရှိချက်များကို စုစည်းထားသည့် အကျဉ်းချုပ်အစီရင်ခံစာ ဖြစ်ပါသည်။

**COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP's Action Plan)**

၂။ မြန်မာနိုင်ငံသည် ဘဏ္ဍာရေးနှင့်အရေးပေါ်ငွေကြေးထောက်ပံ့ရေးနှင့် စီးပွားရေးအစီအစဉ်များပါသည့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (COVID-19 Economic Relief Plan- CERP's Action Plan) ကို ၂၈-၄-၂၀၂၀ ရက်နေ့တွင် ရေးဆွဲထုတ်ပြန်ခဲ့ပြီး ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်တွင် ပန်းတိုင် (၇) ခု၊ မဟာဗျူဟာ (၁၀) ခု၊ လုပ်ငန်းစဉ် (၃၆) ခုနှင့် လုပ်ဆောင်ချက် (၇၈) ခု ပါဝင်ပြီး ပြည်သူတိုင်း သာမန်အသိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် မူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များ၊ ထူးခြားသည့် အခြေအနေအရ ဆောင်ရွက်ရမည့် ဘဏ္ဍာရေးဆိုင်ရာ အစီအမံများပါဝင်ပါသည်။

**စစ်ဆေးမှုနယ်ပယ်**

၃။ အစိုးရဌာန၊ အဖွဲ့အစည်းများအားလုံး၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁ ခု၊ အောက်တိုဘာလမှ ၂၀၂၂ ခု၊ မတ်လအထိ(၆)လကာလအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များ၊ CERP's Action Plan အရ ကိုဗစ်-၁၉ အသုံးစရိတ်များနှင့်လုပ်ငန်းစဉ်များကို စစ်ဆေးရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ website ရှိ ကိုဗစ်-၁၉ အသုံးစရိတ်စာရင်း၊ ဌာနအဖွဲ့အစည်းများ၏ နှစ်ချုပ်စာရင်း/ ရသစ-၆၊ ဌာနဆိုင်ရာ ငွေစာရင်း (ဌစစာရင်း)၊ ခွင့်ပြုရန်ပုံငွေ ရရှိ/သုံးစွဲမှု အထောက်အထားများ၊ အသုံးစရိတ်ပြေစာ အထောက်အထားများ၊ ခွင့်ပြုမိန့်များ၊ ပစ္စည်းများ ဝယ်ယူ/သုံးစွဲခြင်းအတွက် ပစ္စည်းစာရင်းရေးသွင်းမှု အထောက်အထားများ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)သို့ သုံးလပတ်အလိုက် ပေးပို့ထားသည့် ကိုဗစ်-၁၉ အသုံးစရိတ်စာရင်းများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့မှ ထုတ်ချေးထားသည့် ချေးငွေများနှင့်စပ်လျဉ်းသည့် စာရင်းအထောက်အထားများ၊ ပုဂ္ဂလိကဘဏ်များမှ ထုတ်ချေးထားသည့် ချေးငွေများနှင့်စပ်လျဉ်းသည့် မြန်မာ့စီးပွားရေးဘဏ်မှ တင်ပြသည့် ထုတ်ချေးမှုစာရင်းတို့ဖြင့် စစ်ဆေးခဲ့ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၃-၇-၂၀၂၀ ရက်စွဲပါ အကြောင်းကြားစာနှင့်အညီ ဌာနမှ စာရင်းများပြုစုထားခြင်း ရှိ၊ မရှိ နှင့် ၂၈-၄-၂၀၂၀ ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်ပါ ပန်းတိုင်နှင့် လုပ်ငန်းစဉ်များ အပေါ် ဌာန၊ အဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ရှိ ၊ မရှိတို့ကို တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ၊ ဒေသစာရင်းစစ်ရုံးများနှင့် ပေါင်းစပ်စစ်ဆေးခဲ့ပါသည်။

**ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအလိုက် အသုံးစရိတ်များသုံးစွဲမှု အခြေအနေ**

၄။ ၂၀၂၀-၂၀၂၁ ခု၊ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁ ခု၊ အောက်တိုဘာလမှ ၂၀၂၂ ခု၊ မတ်လအထိ(၆)လကာလ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့်အသုံးစရိတ်များ သုံးစွဲရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ website စာရင်းအရ ကြွေးမြီအသုံးစရိတ်ခေါင်းစဉ်မှ သုံးစွဲမှုမရှိခြင်းနှင့် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် သုံးစွဲမှုအခြေအနေကို ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအလိုက် အောက်ပါဇယား (၁) ဖြင့် ဖော်ပြပါသည် -

**ဇယား ( ၁ )**

**ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့်အသုံးစရိတ်များ သုံးစွဲမှုအခြေအနေ**

**(ကျပ်သန်း)**

| စဉ် | | | ဌာန/အဖွဲ့အစည်း | ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | သာမန် | ငွေလုံး | စုစုပေါင်း | သာမန် | ငွေလုံး | စုစုပေါင်း |
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ** | | | | | | |
| | **၁** | | **ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ** | **၁,၈၉၉.၆၄၉** | - | **၁,၈၉၉.၆၄၉** | **၅၉.၅၆၂** | - | **၅၉.၅၆၂** |
| | | ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | - | - | - | - | - | - |
| | | ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး | ၁၂.၂၃၃ | - | ၁၂.၂၃၃ | - | - | - |
| | | ၃ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၁၈.၈၆၄ | - | ၁၈.၈၆၄ | ၈.၉၇၉ | - | ၈.၉၇၉ |
| | | ၄ | ပြည်ထောင်စုလွှတ်တော်ရုံး | ၂.၅၃၃ | - | ၂.၅၃၃ | ၀.၉၄ | - | ၀.၉၄ |
| | | ၅ | ပြည်သူ့လွှတ်တော်ရုံး | ၃.၂၆၉ | - | ၃.၂၆၉ | - | - | - |
| | | ၆ | အမျိုးသားလွှတ်တော်ရုံး | ၃.၉၀၈ | - | ၃.၉၀၈ | ၀.၉၅၆ | - | ၀.၉၅၆ |
| | | ၇ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၄.၄၈၄ | - | ၄.၄၈၄ | ၂.၆၁၈ | - | ၂.၆၁၈ |
| | | ၈ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး | ၂.၇၁၀ | - | ၂.၇၁၀ | ၀.၀၀၂ | - | ၀.၀၀၂ |
| | | ၉ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၁,၆၈၉.၂၀၅ | - | ၁,၆၈၉.၂၀၅ | ၀.၄၁၁ | - | ၀.၄၁၁ |
| | | ၁၀ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၂၀.၈၄၁ | - | ၂၀.၈၄၁ | - | - | |
| | | ၁၁ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၄၅.၁၈၀ | - | ၄၅.၁၈၀ | ၃၇.၈၈၈ | - | ၃၇.၈၈၈ |
| | | ၁၂ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၆၆.၇၈၄ | - | ၆၆.၇၈၄ | ၇.၇၆၈ | - | ၇.၇၆၈ |
| | | ၁၃ | ယခင် နိုင်ငံတော်သမ္မတရုံး | ၁၅.၁၅၀ | - | ၁၅.၁၅၀ | - | - | - |

(ကျပ်သန်း)

| စဉ် | | ဌာန/အဖွဲ့အစည်း | ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ | | |
|---|---|---|---|---|---|---|---|---|
| | | | သာမန် | ငွေလုံး | စုစုပေါင်း | သာမန် | ငွေလုံး | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | ၁၄ | ယခင်ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၁၄.၄၈၈ | - | ၁၄.၄၈၈ | - | - | - |
| **၂** | | **ပြည်ထောင်စုဝန်ကြီးဌာနများ** | **၆၀၅,၆၆၁.၄၂၂** | **၅,၅၅၇.၆၂၀** | **၆၁၁,၂၁၉.၀၄၂** | **၅၁,၄၅၇.၃၉၆** | **၁၈,၉၂၄.၀၃၄** | **၇၀,၃၈၁.၄၃၀** |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၆၃.၆၁၂ | - | ၂၆၃.၆၁၂ | ၃၉.၆၉၉ | - | ၃၉.၆၉၉ |
| | ၂ | ကာကွယ်ရေး | ၁၀,၆၂၇.၇၂၇ | - | ၁၀,၆၂၇.၇၂၇ | ၁,၀၄၃.၁၈ | - | ၁,၀၄၃.၁၈ |
| | ၃ | ပြည်ထဲရေး | ၂၅၀.၅၅၃ | - | ၂၅၀.၅၅၃ | ၁၇.၈၇ | - | ၁၇.၈၇ |
| | ၄ | ယခင်နိုင်ငံတော်အတိုင်ပင်ခံရုံး | ၇.၄၄၈ | - | ၇.၄၄၈ | - | - | - |
| | ၅ | ယခင်စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှု | ၃၃၆,၃၄၈.၅၂၂ | - | ၃၃၆,၃၄၈.၅၂၂ | - | - | - |
| | | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂၁၄,၉၉၇.၃၄၁ | - | ၂၁၄,၉၉၇.၃၄၁ | ၈၇.၃၆၇ | - | ၈၇.၃၆၇ |
| | ၆ | နိုင်ငံခြားရေး | ၂၁၈.၀၇၅ | - | ၂၁၈.၀၇၅ | ၇၅.၃၂၃ | - | ၇၅.၃၂၃ |
| | ၇ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး(၁) | ၁၁.၈၁၆ | - | ၁၁.၈၁၆ | ၂.၀၉၂ | - | ၂.၀၉၂ |
| | ၈ | နယ်စပ်ရေးရာ | ၁၂၀.၀၀၀ | - | ၁၂၀.၀၀၀ | ၄၈.၇၉၇ | - | ၄၈.၇၉၇ |
| | ၉ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေး | ၂၆.၅၄၅ | - | ၂၆.၅၄၅ | ၆.၅၉၄ | - | ၆.၅၉၄ |
| | ၁၀ | ဥပဒေရေးရာ | - | - | - | ၃.၅၇၀ | - | ၃.၅၇၀ |
| | ၁၁ | ပြန်ကြားရေး | ၁၆၄.၆၄၄ | - | ၁၆၄.၆၄၄ | ၃၀.၁၉၄ | - | ၃၀.၁၉၄ |
| | ၁၂ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၇၀.၇၅၀ | - | ၇၀.၇၅၀ | ၁၅.၄၈၈ | - | ၁၅.၄၈၈ |
| | ၁၃ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း | ၇၀.၉၀၆ | ၇.၉၇၉ | ၇၈.၈၈၅ | ၂၁.၉၀၅ | - | ၂၁.၉၀၅ |
| | ၁၄ | သမဝါယမနှင့်ကျေးလက် | ၂၄.၄၆၄ | - | ၂၄.၄၆၄ | ၃.၅၅၀ | - | ၃.၅၅၀ |

(ကျပ်သန်း)

| စဉ် | ဌာန/အဖွဲ့အစည်း | ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ | | |
|---|---|---|---|---|---|---|---|
| | | သာမန် | ငွေလုံး | စုစုပေါင်း | သာမန် | ငွေလုံး | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁၅ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၃၉.၃၄၁ | - | ၃၉.၃၄၁ | ၁၄.၄၉၂ | - | ၁၄.၄၉၂ |
| ၁၆ | လျှပ်စစ်နှင့်စွမ်းအင် | ၂၃၉.၃၇၇ | - | ၂၃၉.၃၇၇ | ၅၄.၉၀၇ | - | ၅၄.၉၀၇ |
| ၁၇ | စက်မှု | ၄၇.၄၆၆ | - | ၄၇.၄၆၆ | ၂၆,၀၇၅.၀၈၃ | - | ၂၆,၀၇၅.၀၈၃ |
| ၁၈ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၄၁.၆၇၀ | - | ၄၁.၆၇၀ | ၂.၄၅၅ | - | ၂.၄၅၅ |
| ၁၉ | အလုပ်သမား | - | - | - | ၁.၉၇၅ | - | ၁.၉၇၅ |
| ၂၀ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၉၅.၂၈၃ | - | ၉၅.၂၈၃ | ၉.၂၉၆ | - | ၉.၂၉၆ |
| ၂၁ | ပညာရေး | ၁,၁၀၀.၅၄၁ | - | ၁,၁၀၀.၅၄၁ | ၇၉.၉၈၃ | - | ၇၉.၉၈၃ |
| ၂၂ | သိပ္ပံနှင့်နည်းပညာ | | - | | ၃၉.၈၇၁ | - | ၃၉.၈၇၁ |
| ၂၃ | **ယခင်** ကျန်းမာရေးနှင့်အားကစား | ၄၀,၂၀၂.၂၁၅ | ၅,၅၄၉.၆၄၁ | ၄၅,၇၅၁.၈၅၆ | - | - | - |
| | ကျန်းမာရေး | - | - | - | ၂၃,၇၅၅.၂၆၀ | ၁၈,၉၂၄.၀၃၄ | ၄၂,၆၇၉.၂၉၄ |
| ၂၄ | အားကစားနှင့်လူငယ်ရေးရာ | - | - | - | - | - | - |
| ၂၅ | ဆောက်လုပ်ရေး | ၂၇.၇၈၂ | - | ၂၇.၇၈၂ | ၇.၇၃၇ | - | ၇.၇၃၇ |
| ၂၆ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၅၇၆.၅၂၃ | - | ၅၇၆.၅၂၃ | ၁၅.၉၂၁ | - | ၁၅.၉၂၁ |
| ၂၇ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၇၅.၂၂၁ | - | ၇၅.၂၂၁ | ၁.၉၄၂ | - | ၁.၉၄၂ |
| ၂၈ | တိုင်းရင်းသားလူမျိုးများရေးရာ | ၁၃.၅၀၀ | - | ၁၃.၅၀၀ | ၂.၈၄၅ | - | ၂.၈၄၅ |

(ကျပ်သန်း)

| စဉ် | | | ဌာန/အဖွဲ့အစည်း | ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | သာမန် | ငွေလုံး | စုစုပေါင်း | သာမန် | ငွေလုံး | စုစုပေါင်း |
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၂** | | | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ** | **၅၁,၅၂၀.၁၀၉** | **၄.၀၅၄** | **၅၁,၅၂၄.၁၆၃** | **၁,၂၈၀.၄၄၅** | **-** | **၁,၂၈၀.၄၄၅** |
| | | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၃၉.၇၉၂ | - | ၂၃၉.၇၉၂ | ၈၇.၅၄၅ | - | ၈၇.၅၄၅ |
| | | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၇.၀၄၈ | - | ၇.၀၄၈ | - | - | |
| | | ၃ | လူမှုဖူလုံရေးအဖွဲ့ | ၅၁,၀၉၅.၅၂၀ | ၄.၀၅၄ | ၅၁,၀၉၉.၅၇၄ | ၁,၁၂၈.၄၃၀ | - | ၁,၁၂၈.၄၃၀ |
| | | ၄ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁၃၄.၁၆၅ | - | ၁၃၄.၁၆၅ | ၁၈.၆၁၅ | - | ၁၈.၆၁၅ |
| | | ၅ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၄၃.၅၈၄ | - | ၄၃.၅၈၄ | ၂၅.၈၅၅ | - | ၂၅.၈၅၅ |
| | | | **စုစုပေါင်း** | **၆၅၉,၀၈၁.၁၈၀** | **၅,၅၆၁.၆၇၄** | **၆၆၄,၆၄၃.၀၅၄** | **၅၂,၇၉၇.၄၀၃** | **၁၈,၉၂၄.၀၁၄** | **၇၁,၇၂၁.၄၁၇** |

၅။ အထက်ပါဇယားအရ အောက်ပါတို့ကို တွေ့ရှိရပါသည် -

(က) ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် သာမန်အသုံးစရိတ်တွင် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ယခင်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ အသုံးစရိတ်စုစုပေါင်း၏ ၅၁.၀၃ ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ (၆) လကာလ တွင် စက်မှုဝန်ကြီးဌာနမှ ၄၉.၃၉ ရာခိုင်နှုန်းဖြင့် အများဆုံး သုံးစွဲခဲ့ခြင်း၊

(ခ) သာမန်အသုံးစရိတ် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ကျပ်သန်း ၆၅၉,၀၈၁.၃၈၀ မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး မတည်ရန်ပုံငွေသို့ ထည့်ဝင်ငွေ ကျပ်သန်း ၅၅၀,၈၇၄.၈၇၉ နှင့် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများဝယ်ယူခြင်း ကျပ်သန်း ၁၀၈,၂၀၆.၅၀၁ တို့ဖြစ်ပါသည်။ မတည်ရန်ပုံငွေသို့ ထည့်ဝင်ငွေ ကျပ်သန်း ၅၅၀,၈၇၄.၈၇၉ မှာ ထောက်ပံ့အသုံးစရိတ် JICA ချေးငွေဖြင့် ကျပ်သန်း ၃၈၃,၄၀၀ ၊ ADB ချေးငွေဖြင့် ကျပ်သန်း ၁၆၆,၄၇၄.၈၇၉ နှင့် နိုင်ငံတော်မတည်ငွေ ကျပ်သန်း ၁,၀၀၀ တို့ဖြစ်ပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကျပ်သန်း ၁၀၈,၂၀၆.၅၀၁ နှင့် ၂၀၂၁ ခု၊ အောက်တိုဘာလ မှ၂၀၂၂ ခု၊ မတ်လ အထိ (၆)လကာလ ဘဏ္ဍာရေးနှစ် ကျပ်သန်း ၅၂,၇၉၇.၄၀၀ သုံးစွဲမှုမှာ ဝန်ထမ်းများအတွက် Mask၊ လက်အိတ်၊ PPE ဝတ်စုံများ၊ လက်သန့်ဆေးရည် ဝယ်ယူခြင်းများ၊ ပိုးသတ်ဆေးဖြန်းခြင်း၊ Core Group ဝန်ထမ်းများအား ချီးမြှင့်ငွေပေးခြင်း၊ Video Coferencing နှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူခဲ့ခြင်း၊

(ဂ) ငွေလုံးငွေရင်းအသုံးစရိတ် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ကျပ်သန်း ၅,၅၆၁.၆၇၄ မှာ ယခင်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျပ် ၅,၅၄၉.၆၄၁ ( ၉၉.၇၈ ရာခိုင်နှုန်း ) ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကျပ်သန်း ၇.၉၇၉( ၀.၁၅ ရာခိုင်နှုန်း) နှင့် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ ကျပ်သန်း ၄.၀၅၄ ( ၀.၀၇ ရာခိုင်နှုန်း ) သုံးစွဲခဲ့ပြီး ၂၀၂၁ ခု ၊ အောက်တိုဘာလမှ ၂၀၂၂ ခု၊ မတ်လအထိ (၆)လကာလ ကျပ်သန်း ၁,၈၉၂၄.၀၃၄ မှာ ကျန်းမာရေးဝန်ကြီးဌာနမှ သုံးစွဲခဲ့ခြင်း၊

(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း ၇.၉၇၉ မှာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် မှ Volunteer Team တူညီဝတ်စုံ၊ ပလပ်စတစ် လေးထောင့်ပုံး၊ တစ်ယောက်အိပ်ပိုက်ဖျာ ၊ 10 L oxygen concentractor ၊ 15 L oxygen cylinder ၊ 3KV မီးစက်၊ stretcher ၊

oxygen Mask၊ ကလိုရင်းဆေးရည်၊ surgical crown၊ disposal cap၊ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဝယ်ယူခြင်းတို့အတွက် သုံးစွဲထားပြီး 10 L oxygen concentractor, 15 L oxygen cylinder, 3KV မီးစက်တို့ကို စီမံရေးရာဌာနတွင် ပစ္စည်းစာရင်းရေးသွင်း၍ ထိန်းသိမ်းထားရှိကြောင်းတွေ့ရှိရခြင်း၊

(င) အလုပ်သမားဝန်ကြီးဌာန မှ ၂၀၂၀-၂၀၂၁ ခုဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း ၄.၀၅၄ သုံးစွဲမှုမှာ ထန်းတပင်အလုပ်သမားဆေးရုံရှိ Isolation Ward တွင် ကိုဗစ်-၁၉ လူနာ (၂၀) ဦး ထပ်တိုးထားရှိနိုင်ရေးအတွက် Intercon Fixing Work (1) Set နှင့် Aircondition Unit (6) လုံးတပ်ဆင်ခြင်းတို့အတွက် သုံးစွဲထားခြင်း၊

(စ) ယခင်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ၂၀၂၀-၂၀၂၁ ခုဘဏ္ဍာရေးနှစ်တွင် ဆေးဘက်ဆိုင်ရာကိရိယာများဖြစ်သည့် Reverse Osmosis Machine၊ Mobile Oxygen Plant အပါအဝင် ပစ္စည်း (၁၈)မျိုး၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ (၆) လကာလတွင် Video Laryngoscope ၊ CPAP Machine အပါအဝင် ပစ္စည်း (၂၃)မျိုး ဝယ်ယူခဲ့ခြင်း။

**စစ်ဆေးတွေ့ရှိချက်များ**

၆။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ(၆) လကာလတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များ၊ CERP's Action Plan အရ အသုံးစရိတ်များနှင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ သုံးလပတ်အလိုက်အသုံးစရိတ်စာရင်းများအား ပိုမို/လျော့နည်း ပေးပို့ထားခြင်း**

၇။ အစိုးရ ဌာန၊ အဖွဲ့အစည်းများ၏ သုံးလပတ်အလိုက် ကိုဗစ်-၁၉ အသုံးစရိတ်စာရင်းများအား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရာတွင် ကိုဗစ်-၁၉ အသုံးစရိတ်များ ပိုမို/ လျော့နည်း ပေးပို့ထားခြင်းများကို အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) **ပြည်ထောင်စုလွှတ်တော်ရုံး**မှ ဒုတိယသုံးလပတ်စာရင်း ပေးပို့ရာတွင် ဝ၃-ဝ၁ လုပ်အားခ ခေါင်းစဉ်မှ ပလပ်စတစ်အကန့် (၅၀) ခု တပ်ဆင်ခြင်း လုပ်အားခ ကျပ်သန်း ဝ.ဝ၂၅ ပါဝင်မှုမရှိခြင်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လ အထိ(၆)လ

ကာလ၊ ဒုတိယသုံးလပတ်စာရင်း ပေးပို့ရာတွင် ၀၃-၀၁ လုပ်အားခခေါင်းစဉ်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်နှင့် ရုံးဝန်ထမ်းများ လိုက်နာဆောင်ရွက်ရန်အချက်များ (Vinyl Stand) (၄) ခုပြုလုပ်ခြင်း ကျပ်သန်း ၀.၂၄၀ ပါဝင်မှုမရှိခဲ့ခြင်း၊

(ခ) **ပြည်သူ့လွှတ်တော်ရုံးမှ** ဒုတိယသုံးလပတ်စာရင်းပေးပို့ရာတွင် ၀၆-၀၂ ကျွေးမွေးစရိတ်ခေါင်းစဉ်မှ လွှတ်တော်ကိုယ်စားလှယ်များအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးသည့် ကျန်းမာရေးအဖွဲ့များအား ဧည့်ခံကျွေးမွေးစရိတ် ကျပ်သန်း ၀.၁၆၈ ပါဝင်မှုမရှိခြင်း၊

(ဂ) **အမျိုးသားလွှတ်တော်ရုံးမှ** ပထမသုံးလပတ်စာရင်းပေးပို့ရာတွင် တစ်ခါသုံး လက်အိတ် (၃)ထုပ်ဝယ်ယူခြင်း ကျပ်သန်း ၀.၀၂၃ ပါဝင်မှု မရှိခြင်းနှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ(၆)လကာလ၊ ပထမသုံးလပတ် စာရင်းပေးပို့ရာတွင် တစ်ခါသုံး လက်အိတ် (၃) ထုပ် ဝယ်ယူခြင်း ကျပ်သန်း ၀.၀၅၇ တို့ ပါဝင်မှုမရှိခြင်း၊

(ဃ) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

(၁) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊** ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်တွင် ၀၃-၁၃ လုပ်ငန်းသုံးခေါင်းစဉ်မှ တရားသူကြီးများရုံးခန်း၊ တရားခွင်များ၊ အစည်းအဝေးခန်းနှင့် ဧည့်ခန်းများတွင် အသုံးပြုရန် လက်သန့်ဆေးရည် ဝယ်ယူခြင်း ကျပ်သန်း ၀.၁၂၂ နှင့် စတုတ္ထသုံးလပတ်တွင် ၀၃-၁၃ လုပ်ငန်းသုံးခေါင်းစဉ်မှ ပလပ်စတစ် အကာ (၂၄)ခု ဝယ်ယူခြင်း ကျပ်သန်း ၀.၁၅၂ ၊ ၀၃-၀၁ လုပ်အားခခေါင်းစဉ်မှ ကျပ်သန်း ၀.၀၄၈ စုစုပေါင်းကျပ်သန်း ၀.၂၀၀ တို့ပါဝင်မှု မရှိခြင်းနှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၂ ခုနှစ် ၊ မတ်လ အထိ(၆)လကာလ ဒုတိယသုံးလပတ်စာရင်းပေးပို့ရာတွင် ၀၄-၀၉ အခြားခေါင်းစဉ်မှ အစည်းအဝေးခန်းမတွင်အသုံးပြုရန် Acrylic 2 mm နှင့် စားပွဲတင် Partition (၅) ခု ဝယ်ယူခြင်း ကျပ်သန်း ၀.၂၉၀ ပါဝင်မှုမရှိခြင်း၊

(၂) **ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေး ရေးအဖွဲ့ရုံး (ရုံးချုပ်)မှ** ၂၀၂၀-၂၀၂၁ ခု ၊ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ် ၀၃-၁၃ လုပ်ငန်းသုံး ခေါင်းစဉ်မှ ကျပ်သန်း ၀.၀၀၃ အား ကျပ်သန်း ၀.၀၃၀ ဟု မှားယွင်းဖော်ပြခြင်း ၊ စတုတ္ထသုံးလပတ်တွင် ၀၃-၁၃ လုပ်ငန်းသုံးခေါင်းစဉ်တွင် ကျပ်သန်း ၀.၀၆၆ အား

ထည့်သွင်းထားမှုမရှိခြင်းနှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ၂၀၂၂ ခုနှစ် မတ်လထိ (၆)လကာလ ပထမသုံးလပတ် ၀၃-၁၃ လုပ်ငန်းသုံးခေါင်းစဉ်မှ ကျပ်သန်း ၀.၀၂၄ ၊ ဒုတိယသုံး လပတ် ၀၃-၁၃ လုပ်ငန်းသုံး ခေါင်းစဉ်မှ ကျပ်သန်း ၀.၂၉၉ တို့ အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ သုံးလပတ် စာရင်းပေးပို့ရာတွင် ပါဝင်မှုမရှိခြင်း၊

(င) **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ** ၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ (၆) လကာလ၊ ဒုတိယသုံးလပတ်စာရင်းပေးပို့ရာတွင် ၀၃-၀၅ ရုံးအသုံးအဆောင်ပစ္စည်းများ ခေါင်းစဉ်တွင် Vinyl Stand) (၂) ခုပြုလုပ်ခြင်း ကျပ်သန်း ၀.၀၁၂ ပါဝင်မှု မရှိခြင်း၊

(စ) **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ** ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆) လကာလ ပထမသုံးလပတ်စာရင်းပေးပို့ရာတွင် ၀၃-၀၄ သယ်ယူပို့ဆောင်ခခေါင်းစဉ်မှ ကိုဗစ်-၁၉ Protection Folding Screen များ ပို့ဆောင်ခြင်း ကျပ်သန်း ၀.၀၀၇ ၊ ဒုတိယသုံးလပတ်စာရင်းပေးပို့ရာတွင် ၀၃-၁၃ လုပ်ငန်းသုံးပစ္စည်းများခေါင်းစဉ်မှ Methyl Alcohol Sprit (၅) ဘူး ဝယ်ယူခြင်းကျပ်သန်း ၀.၀၀၉ ပါဝင်မှုမရှိခြင်း၊

(ဆ) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊** ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် သုံးလပတ်စာရင်း ပေးပို့ရာတွင် ကျပ်သန်း ၀.၆၈၀ လျော့နည်းပေးပို့ထားခြင်းနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လထိ (၆) လအတွက် သုံးလပတ် စာရင်းပေးပို့ရာတွင် ကျပ်သန်း ၁.၁၁၁ လျော့နည်းပေးပို့ထားခြင်း၊

(ဇ) **ပြည်ထဲရေးဝန်ကြီးဌာနမှ** ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၀၃-၁၃ လုပ်ငန်းသုံးပစ္စည်းများခေါင်းစဉ်မှ ကိုဗစ်-၁၉ Positive Center များတွင် လိုအပ်မည့် ဆေးဝါးများဝယ်ယူခြင်း ကျပ်သန်း ၉၀၇.၀၈၈ ၊ အထူးစုံးစမ်းစစ်ဆေးရေးဦးစီးဌာန၏ ၀၁-၀၂ စရိတ်ချီးမြှင့်ငွေခေါင်းစဉ်မှ Core Group အဖွဲ့တွင်ပါဝင်သော ဝန်ထမ်းများအား ထောက်ပံ့ငွေ ကျပ်သန်း ၀.၇၅၀ ၊ မီးသတ်ဦးစီးဌာန၏ ၀၃-၀၆ စက်ဆီ၊ ဓာတ်ဆီ၊ ချောဆီခေါင်းစဉ်မှ စက်သုံးဆီဖိုး ကျပ်သန်း ၂၃.၉၁၈ ၊ ၀၃-၁၃ လုပ်ငန်းသုံး

ပစ္စည်းများခေါင်းစဉ်မှ Quarantine Center များတွင် လိုအပ်သောပစ္စည်းများ ဝယ်ယူခြင်းကျပ်သန်း ၂.၉၉၂ နှင့် ၀၃-၁၆ ဆေးဝါးကုသစရိတ်ခေါင်းစဉ်မှ ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူခြင်း ကျပ်သန်း ၁.၂၈၈ တို့အား သုံးလပတ်အလိုက်စာရင်းများ ပေးပို့ရာတွင် ပါဝင်မှုမရှိခြင်း၊

(ဈ) **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊** မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ရန်ကုန်ရုံးချုပ် ကျပ်သန်း ၀.၃၈၄ နှင့် မန္တလေးဘဏ်ခွဲ ကျပ်သန်း ၀.၀၄၅ စုစုပေါင်းကျပ်သန်း ၀.၄၂၉ အား ဒုတိယသုံးလပတ် ပူးတွဲဇယားပေးပို့ရာတွင် ကျပ်သန်း ၀.၀၈၅ ဟု မှားယွင်း၍ ကျပ်သန်း ၀.၃၄၄ လျော့နည်းဖော်ပြခဲ့ခြင်းနှင့် ပထမသုံးလပတ်တွင် ကျပ်သန်း ၀.၀၀၂ ၊ စတုတ္ထသုံးလပတ်တွင် ကျပ်သန်း ၀.၀၀၁ ကျပ်ပြည့် ဂဏန်းအား ဒဿမနေရာဖြတ်ရာတွင် မှားယွင်းခြင်းတို့ကြောင့် အမှန်အသုံးစရိတ်နှင့် ကျပ်သန်း ၀.၃၄၇ ကွဲလွဲခဲ့ခြင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)၏ အမှန်အသုံးစရိတ်ကျပ်သန်း ၁၂.၅၉၅ အား သုံးလပတ်ပူးတွဲဇယားတွင် ကျပ်သန်း ၈.၀၇၈ ဟု မှားယွင်းပေးပို့ခဲ့ခြင်းကြောင့် အမှန်အသုံးစရိတ်နှင့် ကျပ်သန်း ၄.၅၁၇ ကွဲလွဲခဲ့ကြောင်း တွေ့ရှိရခြင်း၊

(ည) **နိုင်ငံခြားရေးဝန်ကြီးဌာန ၊ နိုင်ငံခြားရေးရာဦးစီးဌာန**တွင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ (၆) လကာလ ပထမနှင့် ဒုတိယသုံးလပတ်စာရင်းများပေးပို့ရာတွင် ၀၃-၁၃ လုပ်ငန်းသုံးပစ္စည်းများခေါင်းစဉ်မှ အစည်းအဝေးခန်းအတွက်ကိုဗစ်ကာကွယ်ရေးပစ္စည်းများ ဝယ်ယူခြင်းစရိတ် ကျပ်သန်း ၃.၄၇၄ ပါဝင်မှုမရှိခြင်း၊

**(ဋ) ပြန်ကြားရေးဝန်ကြီးဌာန**မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ်တွင် ကျပ်သန်း ၀.၀၇၅ ၊ စတုတ္ထသုံး လပတ်တွင် ကျပ်သန်း ၁.၃၂၁ လျော့နည်းပေးပို့ခဲ့ခြင်းနှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လအတွင်း ဒုတိယသုံးလပတ်တွင် ၀၃-၁၃လုပ်ငန်းသုံးပစ္စည်းများခေါင်းစဉ်မှ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများရှိ ပြည်သူ့စာကြည့်တိုက်များတွင် စာဖတ်ပရိတ်သတ်များ အတွက် ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်ရေးအတွက် Mask ၊ Handgel နှင့် ဆပ်ပြာများဝယ်ယူခြင်း ကျပ်သန်း ၂.၁၃၅ ပါဝင်မှုမရှိခြင်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကျပ်သန်းဂဏန်း ဒဿမဖြတ်ရာတွင် မှားယွင်း၍ ကျပ်သန်း ၀.၀၀၂ လျော့နည်းခြင်း၊

(၄) **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန** အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြု တက္ကသိုလ် ၂၀၂၀-၂၀၂၁ ခု ၊ ဘဏ္ဍာရေးနှစ်တွင် Hand Speaker ဖြင့် သတိပေး နှိုးဆော်ရသည့် ဝန်ထမ်းများသို့ ပေးချေသည့်လုပ်အားခ ကျပ်သန်း ၀.၀၄၀၊ ၀၃-၁၃ လုပ်ငန်းသုံးပစ္စည်းခေါင်းစဉ်မှ ကျပ်သန်း ၀.၀၇၄ နှင့် ၀၃-၁၆ ဆေးဝါးကုသစရိတ်ခေါင်းစဉ်မှ ကျပ်သန်း ၀.၀၅၃ တို့ကို ထည့်သွင်းပေးပို့မှုမရှိခြင်း နှင့် ၂၀၂၁ ခုနှစ်၊အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လ အထိ (၆)လ ကာလတွင် ၀၃-၁၃ လုပ်ငန်းသုံးပစ္စည်းအသုံးစရိတ် ကျပ်သန်း ၀.၂၇၀ ကို ကိုဗစ်-၁၉ အသုံး စရိတ်အနေဖြင့် မှားယွင်းပေးပို့ခဲ့ခြင်း။

(၃) **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

(၁) **စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှူးရုံးမှ** ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကိုဗစ်-၁၉ အသုံးစရိတ်လချုပ် ပေးပို့ရာတွင် ကျပ်သန်း ၀.၂၃၅ လျော့နည်းပေးပို့ခဲ့ခြင်း၊

(၂) **မွန်ပြည်နယ်၊ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၊ မုဒုံမြို့**၏ ကိုဗစ်အသုံးစရိတ် ပေးပို့ရာတွင် လက်ဆေးဘေစင်ပြုလုပ်ရန်ဝယ်ယူသည့် ပစ္စည်းတန်ဖိုး ကျပ်သန်း ၀.၃၃၆ ပေးပို့ပါဝင်မှုမရှိခဲ့ခြင်း၊

(ဃ) **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

(၁) **ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၏ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ကိုဗစ်-၁၉အသုံးစရိတ်လချုပ်ပေးပို့ရာတွင် ၀၃-၁၃ လုပ်ငန်းသုံး ပစ္စည်း ခေါင်းစဉ်၏ အမှန်သုံးစွဲငွေ ကျပ်သန်း ၀.၂၄၄ ကို ကျပ်သန်း ၁.၂၃၄ ဟု တိုင်းရုံးသို့ မှားယွင်းပေးပို့ခဲ့ခြင်းကြောင့် ကျပ်သန်း ၀.၉၉၀ ကွာခြားနေခြင်း၊

(၂) **ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** အတွင်းရှိ ခရိုင်/ မြို့နယ်ရုံးများ၏ သာမန်အသုံးစရိတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်မှပေးပို့သည့် အသုံးစရိတ်တို့ အောက်ပါအတိုင်း ကွဲလွဲနေကြောင်း တွေ့ရှိရခြင်း၊$၁$

$

$

,· Á¾ ˝þ$

| စဉ် | မြို့နယ် | ငွေစာရင်း ခေါင်းစဉ် | ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လထိ ၆လကာလ | | |
|---|---|---|---|---|---|---|---|---|
| | | | ရှုံးချုပ် စာရင်း အရ | စစ်ဆေး ချက်အရ | ကွာခြား (+) ပို/ (-)လျော့ | ရှုံးချုပ် စာရင်း အရ | စစ်ဆေး ချက် အရ | ကွာခြား (+) ပို/ (-)လျော့ |
| ၁။ | တောင်ငူ | ၀၃-၁၃ | ၀.၀၉၃ | - | (-) ၀.၀၉၃ | - | - | |
| ၂။ | ကဝ | ၀၃-၀၅ | ၀.၄၅၁ | ၀.၃၀၀ | (-) ၀.၁၅၁ | - | - | |
| | | ၀၃-၁၃ | ၀.၂၅၀ | ၀.၄၂၆ | (+) ၀.၁၇၆ | - | - | |
| ၃။ | ကျောက် တံခါး | ၀၃-၀၅ | ၀.၀၉၀ | - | (-) ၀.၀၉၀ | - | - | |
| | | ၀၃-၁၃ | ၀.၀၈၅ | ၀.၁၇၀ | (+) ၀.၀၈၅ | ၀.၀၃၃ | ၀.၀၉၂ | (+)၀.၀၅၉ |
| ၄။ | ပြည်ခရိုင် | ၀၃-၀၅ | ၀.၁၂၈ | ၀.၁၂၈ | - | - | - | |
| | | ၀၃-၁၃ | ၀.၃၀၀ | ၀.၃၃၈ | (+) ၀.၀၃၈ | - | - | |
| ၅။ | ရွှေတောင် | ၀၃-၀၅ | ၀.၀၇၅ | - | (-) ၀.၀၇၅ | - | - | |
| | | ၀၃-၁၃ | ၀.၃၀၀ | ၀.၃၀၀ | - | - | - | |
| ၆။ | မိုးညို | ၀၃-၁၃ | ၀.၁၀၀ | - | (-) ၀.၁၀၀ | - | - | |

(၃) **ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ** တိုင်းရုံးသို့ လချုပ်မှားယွင်း ပေးပို့ခဲ့ခြင်းကြောင့် ၂၀၂၀-၂၀၂၁ ခု ၊ ဘဏ္ဍာရေးနှစ် ကိုဗစ်-၁၉ အမှန်အသုံးစရိတ်တွင် ကျပ်သန်း ၀.၀၉၉ ပိုမိုနေခြင်းနှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ (၆)လကာလ အမှန်အသုံးစရိတ်တွင် ကျပ်သန်း ၀.၀၀၈ လျော့နည်းနေခြင်း၊

**(ဆ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ** ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ် စာရင်းပေးပို့ရာတွင် သတ္တုတွင်းဦးစီးဌာန၏ ၀၃-၀၅၊ ရုံးအသုံးအဆောင်ပစ္စည်းများ ခေါင်းစဉ်မှ ကျပ်သန်း ၄.၀၄၂ ၊ ၀၃-၁၃ လုပ်ငန်းသုံးပစ္စည်းများ ခေါင်းစဉ်မှ ကျပ်သန်း ၀.၅၇၇ နှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာန၏ ၀၃-၁၃ လုပ်ငန်းသုံးပစ္စည်းများ ခေါင်းစဉ်မှ ကျပ်သန်း ၀.၀၈၄ တို့ ပါဝင်မှုမရှိခြင်း၊

(တ) **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

(၁) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း** ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် Core group အဖွဲ့ဝင်ဝန်ထမ်း(၁၀)ဦး၏ ပထမသုံးလပတ် လချုပ်စာရင်းပေးပို့ရာတွင် ၁၂/၂၀၂၀လတွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး အမှန်ထုတ်ယူမှုမရှိသော လက်ထောက်အင်ဂျင်နီယာ(၁)ဦးအတွက်ကျပ်သန်း ၀.၀၅၀ ထည့်သွင်းတွက်ချက်ပေးပို့ထားခြင်း။

(၂) **ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ**၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ မှ၂၀၂၂ ခုနှစ်၊ မတ်လအထိ(၆)လ ကာလအတွက် အမှန်အသုံးစရိတ်မှာ သ-၂၁၄ (၁၃)၊ ဆေးကု သစရိတ်ခေါင်းစဉ်မှ Face Mask ၊ ပိုးသတ်ဆေး (NaClo) ၊ Godzilla Hand Sanitizer ၊ Hand Sanitizer (500ml) ၊ $H_2O_2$ (ပိုးသတ်ဆေးရည်)တို့ ဝယ်ယူခြင်း ကျပ်သန်း ၀.၅၆၆ ဖြစ်သော်လည်း ရုံးချုပ်၏စာရင်းအရ ကျပ်သန်း ၀.၁၅၇ ဖြစ်သဖြင့် ကျပ်သန်း ၀.၄၀၉ ကွာခြားခြင်းမှာ ဌာနမှလချုပ်စာရင်းတွင် လျှော့နည်းပေးပို့ခဲ့ခြင်းကြောင့်ဖြစ်ခြင်း၊

(ထ) **အလုပ်သမားဝန်ကြီးဌာန ၊ လူမှုဖူလုံရေးအဖွဲ့** ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ထန်းတပင်အလုပ်သမားဆေးရုံတွင် ကိုဗစ်-၁၉ လူနာများအတွက် အသုံးပြုရန် Oxygen Generating Plant တည်ဆောက်ခြင်း အသုံးစရိတ် ကျပ်သန်း ၇၈.၀၀၀ ပါဝင်မှု မရှိခြင်း ၊

**(ဒ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန**၊ **စားသုံးသူရေးရာဦးစီးဌာန**မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လ ကာလ ပထမသုံးလပတ်တွင် ၀၃-၀၄ သယ်ယူပို့ဆောင်ခ ခေါင်းစဉ်မှ Face Mask များကို တိုင်းဒေသကြီး/ ပြည်နယ်များသို့ပေးပို့ခြင်း ကားတန်ဆာခ ကျပ်သန်း ၀.၀၄၆ ၊ ဒုတိယသုံးလပတ်တွင် ၀၃-၁၃ လုပ်ငန်းသုံးပစ္စည်းများ ခေါင်းစဉ်မှ လုပ်ငန်းလမ်းညွှန် (Version 4.0)" အလူမီနီယံဆိုင်းဘုတ် (၂) ချပ် ပြုလုပ်ခြင်း ကျပ်သန်း ၀.၃၀၂ တို့ကို ပြည်ထောင်စုဝန်ကြီးရုံးသို့ ကိုဗစ်-၁၉ အသုံးစရိတ်စာရင်းပေးပို့ရာတွင် ပါဝင်မှုမရှိခြင်း၊

(ဓ) **ယခင်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

(၁) ၂၀၂၀-၂၀၂၁ခု၊ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်အမှန်သုံးစွဲမှုမှာ ကျပ်သန်း ၅၃,၇၀၇.၁၀၁ ဖြစ်ပြီး Website အရ ကျပ်သန်း ၄၅,၇၅၁.၈၅၆ ဖြစ်သဖြင့် ကျပ်သန်း ၇,၉၅၅.၂၄၅ လျော့နည်းနေခြင်းမှာ ကုသရေးဦးစီးဌာန၊ ရုံးချုပ်၏ ငွေလုံးငွေရင်းအသုံးစရိတ်များဖြစ်သော မြန်မာနိုင်ငံကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးစီမံချက် (Myanmar Covid-19 Emergency Response Project- MCERP) မှ သုံးစွဲငွေ ကျပ်သန်း ၁,၂၀၅.၂၇၉ နှင့်ကူးစက်မြန်ရောဂါ တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ် ထောက်ပံ့ငွေ (Pandemic Emergency Financing Facility-PEF) မှ သုံးစွဲငွေ ကျပ်သန်း ၆,၇၅၀.၇၅၁ စုစုပေါင်း ကျပ်သန်း ၇,၉၅၆.၀၃၀ ကို ကိုဗစ်-၁၉ အသုံးစရိတ် ပေးပို့ရာတွင် လျော့နည်းပေးပို့ခြင်း နှင့် ကိုဗစ်အသုံးစရိတ် မဟုတ်သည့် အသုံးစရိတ် ကျပ်သန်း ၀.၇၈၅ အား မှားယွင်းထည့်သွင်းပေးပို့ထားခြင်းနှင့် ၂၀၂၁ ခု၊ အောက်တိုဘာလမှ ၂၀၂၂ခု၊ မတ်လအထိ ၆လ ကာလအတွက် ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ် အမှန် သုံးစွဲငွေ ကျပ်သန်း ၂၇,၄၇၄.၅၁၁ ဖြစ်ပြီး Website အရ ကျပ်သန်း ၄၂,၆၇၉.၂၉၄ ဖြစ်သဖြင့် Website တွင် ကျပ်သန်း ၁၅,၂၀၄.၇၈၃ ပိုမိုနေခြင်းမှာ ဒုတိယ သုံးလပတ်စာရင်းပေးပို့ရာတွင် ငွေလုံးငွေရင်းအသုံးစရိတ် အမှန်သုံးစွဲငွေ ကျပ်သန်း ၃,၇၁၅.၇၅၁ အား စာတိုင်မှားယွင်းပေါင်း၍ ကျပ်သန်း ၁၈,၉၂၀.၅၃၄ ဟု မှားယွင်းပေးပို့ခဲ့သဖြင့် Website တွင် ပိုမိုနေခြင်း၊

(၂) **ကုသရေးဦးစီးဌာန** ကိုဗစ်-၁၉ အသုံးစရိတ်စာရင်း ရုံးချုပ်နှင့် ဒေသစာရင်းတို့ ကွဲလွဲနေမှုကို အောက်တွင် ဖော်ပြပါသည် -

(ကျပ်သန်း)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆ လကာလ | | |
|---|---|---|---|---|---|---|---|
| | | ရုံးချုပ် စာရင်း | ဒေသ အစီရင်ခံစာ | (+)ပို/ (-)လျော့ | ရုံးချုပ် စာရင်း | ဒေသ အစီရင်ခံစာ | (+)ပို/ (-)လျော့ |
| ၁။ | ချင်း | ၃၃၆.၅၄၆ | ၃၂၂.၅၉၆ | (+)၁၃.၉၅၀ | - | - | - |
| ၂။ | စစ်ကိုင်း | ၆၆၅.၃၅၆ | ၆၆၆.၆၀၆ | (-)၁.၂၅၀ | ၂၅၅.၁၀၆ | ၂၄၉.၅၅၆ | (+)၅.၅၅၀ |
| ၃။ | ပဲခူး | ၁,၄၆၇.၇၅၄ | ၁,၄၇၁.၄၃၈ | (-) ၃.၆၈၄ | ၅၀၈.၈၈၀ | ၅၁၁.၇၀၁ | (-) ၂.၈၂၁ |
| ၄။ | မွန် | ၄၅၉.၄၃၅ | ၄၆၂.၂၄၉ | (-) ၂.၈၁၄ | ၂၉၉.၂၄၁ | ၂၉၃.၇၅၇ | (+) ၅.၄၈၄ |
| ၅။ | ရန်ကုန် | ၃,၅၇၆.၉၉၃ | ၄,၁၉၇.၂၁၆ | (-)၆၂၀.၂၂၃ | ၁,၄၉၂.၀၆၈ | ၁,၆၀၈.၅၁၇ | (-)၁၁၆.၄၄၉ |
| ၆။ | ရှမ်း | ၁,၉၅၄.၂၀၃ | ၁,၇၇၈.၀၈၅ | (+)၁၇၆.၁၁၈ | ၁,၂၂၂.၃၈၅ | ၁,၁၉၅.၄၂၂ | (+) ၂၆.၉၆၃ |
| ၇။ | နေပြည်တော် | ၁,၈၆၉.၂၄၆ | ၁,၉၃၀.၄၃၅ | (-) ၆၁.၁၈၉ | ၈၉၃.၃၁၄ | ၈၈၇.၇၉၃ | (+) ၅.၅၂၁ |

(ကက) **ချင်းပြည်နယ်**မှ ၂၀၂၀-၂၀၂၁ခု၊ဘဏ္ဍာရေးနှစ် ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၁၃.၉၅၀ ပိုမိုခြင်းမှာ မတူပီမြို့နယ်ကုသရေးဦးစီးဌာန၏ ၀၁-၀၂ ခေါင်းစဉ်တွင် ၈/၂၀၂၁ လ အမှန်သုံးစွဲငွေ ကျပ်သန်း ၁.၅၅၀ ကို ကျပ်သန်း ၁၅.၅၀၀ ဖြင့် စာရင်း မှားယွင်းပေးပို့ခဲ့ခြင်း၊

(ခခ) **စစ်ကိုင်းတိုင်းဒေသကြီး**မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၁.၂၅၀ လျော့နည်းခြင်းမှာ မြင်းမူမြို့နယ်၊ ကနီမြို့နယ်၊ တမူးမြို့နယ် တို့တွင် ၀၁-၀၂၊ စရိတ်ချီးမြှင့်ငွေခေါင်းစဉ်၌ လျော့နည်းပေးပို့မိခြင်းနှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၁ ခုနှစ်၊ မတ်လအထိ ၆ လကာလ ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၅.၅၅၀ ပိုမိုခြင်းမှာ ရွှေဘိုမြို့နယ်တွင် ၀၁-၀၂၊စရိတ်ချီးမြှင့်ငွေ ကျပ်သန်း ၁.၉၅၀ လျော့နည်းခြင်း၊ ကသာမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကလေးဝ မြို့နယ်တို့တွင် ကျပ်သန်း ၇.၅၀၀ ပိုမိုပေးပို့ခဲ့ခြင်းတို့ကြောင့်ဖြစ်ခြင်း၊

(ဂဂ) **ပဲခူးတိုင်းဒေသကြီး** မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၃.၆၈၄ လျော့နည်းခြင်းမှာ **ဖြူးမြို့နယ် ပြည်သူ့ဆေးရုံ** ၏ ရုံးချုပ်စာရင်းအရ ၀၄-၀၂၊ ခေါင်းစဉ်မှ သုံးစွဲငွေမှာ ကျပ်သန်း ၁၉.၅၀၆ ဖြစ်ပြီး၊ အမှန်သုံးစွဲငွေမှာ တိုက်နယ်ဆေးရုံ ၃ ရုံတွင် ကိုဗစ်-၁၉ ကုသရေးအခန်း ကာရံခြင်းကျပ်သန်း ၄.၈၁၈ ၊ မြို့နယ်ဆေးရုံတွင် ကိုဗစ်-၁၉ ကုသလူနာသီးသန့်ထားရန် အခန်းကာရံခြင်း ကျပ်သန်း ၈.၀၈၈ နှင့် Oxygen Pipeline Outlets များ အရေးပေါ်တပ်ဆင်ခြင်း

ကျပ်သန်း ၈.၃၃၁ ၊ စုစုပေါင်း ကျပ်သန်း ၂၁.၂၃၇ ဖြစ်သဖြင့် ကျပ်သန်း ၁.၇၃၁ လျော့နည်းခြင်း၊ **ကျောက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံ**တွင် ရုံးချုပ် စာရင်းအရ ဝ၆-ဝဝ ၊ ခေါင်းစဉ်တွင် သုံးစွဲမှုမရှိသော်လည်း ကုသရေး ဦးစီးဌာန (ရုံးချုပ်)၏ ၇-၆-၂ဝ၂၁ ရက်စွဲပါ စာအမှတ်၊ ၃၇၉/ဘင(စ) ချီးမြှင့်ငွေ/ ၂ဝ၂၁ အရ ဝ၆-ဝ၂၊ ကျွေးမွေးစရိတ်ခေါင်းစဉ်မှ ၂ဝ၂၁ ခုနှစ်၊ ဇွန်လမှစ၍ ပြည်သူ့ဆေးရုံအသီးသီးတွင် ညဖက်တာဝန်ထမ်းဆောင် သည့် ဝန်ထမ်းများ ညစာစားစရိတ် တစ်ရက်လျှင် ကျပ် ၁,၅ဝဝ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ရန် ကျပ်သန်း ၁.၉၅၃ ကို ခွင့်ပြုသုံးစွဲခဲ့ခြင်းနှင့် ၂ဝ၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂ဝ၂၂ ခုနှစ်၊ မတ်လအထိ (၆) လကာလ ရုံးချုပ် စာရင်းတွင် ကျပ်သန်း ၂.၈၂၁ လျော့နည်းခြင်းမှာ **ကျောက်ကြီး မြို့နယ် ပြည်သူ့ဆေးရုံ**တွင် ရုံးချုပ်စာရင်းအရ ဝ၆-ဝဝ ခေါင်းစဉ်သုံးစွဲမှု မရှိသော်လည်း ကုသရေးဦးစီးဌာန၏ ၃၁-၁၂-၂ဝ၂၁ ရက်စွဲပါ စာအမှတ်၊ ၂၄ဝ၈/ ဘင(စ) ချီးမြှင့်ငွေ /၂ဝ၂၁ ဖြင့် Special Allowance ကျပ်သန်း ၂.၈၂၁ ကို သုံးစွဲခဲ့ခြင်း။

(ဃဃ) **မွန်ပြည်နယ်**၏ ၂ဝ၂ဝ-၂ဝ၂၁ ခု ၊ ဘဏ္ဍာရေးနှစ်၊ ရုံးချုပ်စာရင်း ကျပ်သန်း ၂.၈၁၄ လျော့နည်းခြင်းမှာ ဝ၃-ဝဝ အသုံးစရိတ်တွင် ကျပ်သန်း ၅.၉၁၉ ကို လချုပ်စာရင်းတွင် ပိုမိုဖော်ပြခဲ့ခြင်းနှင့် ဝ၄-ဝဝ အသုံးစရိတ်တွင် ကျပ်သန်း ၈.၇၃၃ လျော့နည်းဖော်ပြ ပေးပို့ခဲ့ခြင်းနှင့် ၂ဝ၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂ဝ၂၂ ခုနှစ်၊ မတ်လအထိ(၆)လကာလ ရုံးချုပ် စာရင်း ကျပ်သန်း ၅.၄၈၄ ပိုမိုနေခြင်းမှာ ဝ၆-ဝ၂ ကျွေးမွေးစရိတ် ခေါင်းစဉ်တွင် ကျပ်သန်း ၆.၄၈၄ ပိုမိုဖော်ပြခဲ့ခြင်း နှင့် ဝ၁-ဝ၂ စရိတ် ချီးမြှင့်ငွေခေါင်းစဉ်တွင် ကျပ်သန်း ၁.ဝဝဝ လျော့နည်းပေးပို့ခဲ့ခြင်း။

(ငင) **ရန်ကုန်တိုင်းဒေသကြီး**၏ ၂ဝ၂ဝ-၂ဝ၂၁ ခု ၊ ဘဏ္ဍာရေးနှစ်၊ ရုံးချုပ်စာရင်း ကျပ်သန်း ၆၂ဝ.၂၂၃ လျော့နည်းနေခြင်းမှာ ဝ၁-ဝ၂ စရိတ်ချီးမြှင့်ငွေတွင် ကျပ်သန်း ၁၆.၃၅၄ ၊ ဝ၄-ဝ၂ အဆောက်အဦ ပြင်ဆင်ထိန်းသိမ်း စရိတ်တွင် ကျပ်သန်း ၁၉၈.၃၃ဝ ၊ ဝ၃-ဝဝ အသုံးစရိတ် တွင် ကျပ်သန်း ၄၁ဝ.၉၈၉၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကျပ်သန်း ဝ.၅၅ဝ လျော့နည်း

ပေးပို့ခဲ့ခြင်း နှင့် ၀၅-၀၃ ကယ်ဆယ်ရေး၊ စောင့်ရှောက်ရေးနှင့် ပြန်လည်နေရာ ချထားရေးအသုံးစရိတ်တွင် ကျပ်သန်း ၆.၀၀၀ ပိုမိုပေးပို့ခဲ့ခြင်း တို့ကြောင့် ဖြစ်ခြင်းနှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လ ကာလ ရုံးချုပ်စာရင်း ကျပ်သန်း ၁၁၆.၄၄၉ ပိုမိုနေခြင်းမှာ ၀၁-၀၂ စရိတ်ချီးမြှင့်ငွေတွင် ကျပ်သန်း ၄၂.၁၆၅ ၊ ၀၃-၀၀ အသုံးစရိတ် တွင် ကျပ်သန်း ၅၉.၄၅၀ ၊ ၀၄-၀၀ အသုံးစရိတ် တွင် ကျပ်သန်း ၂၃.၆၂၉ လျော့နည်းပေးပို့ခဲ့ခြင်း နှင့် ၀၃-၁၃ လုပ်ငန်းသုံးခေါင်းစဉ်တွင် ကျပ်သန်း ၈.၇၉၅ ပိုမို ပေးပို့ခဲ့ခြင်းတို့ကြောင့် ဖြစ်ခြင်း။

(စစ) **ရှမ်းပြည်နယ်ကုသရေးဦးစီးဌာနမှ** ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရုံးချုပ်စာရင်း တွင် ကျပ်သန်း ၁၇၆.၁၁၈ ပိုမိုနေခြင်းမှာ ရှမ်းပြည်နယ် (တောင်ပိုင်း) မှ ကျပ်သန်း ၁၃.၇၀၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ကျပ်သန်း ၆၀.၅၈၁ နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ကျပ်သန်း ၁၀၁.၈၃၇ နှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၂ ခုနှစ်၊ မတ်လ အထိ ၆လ ကာလတွင် ရုံးချုပ်စာရင်းအရ ကျပ်သန်း ၂၆.၉၆၃ ပိုမိုနေခြင်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကျပ်သန်း ၇.၂၁၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ကျပ်သန်း ၀.၉၅၁ နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ကျပ်သန်း ၁၈.၈၀၂ တို့မှာ နယ်မြေအခြေအနေအရ ဆက်သွယ်မေးမြန်းနိုင်မှု ၊စစ်ဆေးနိုင်မှုမရှိခြင်း ဖြစ်ကြောင်း တင်ပြချက်အရ တွေ့ရှိရခြင်း၊

(ဆဆ) **နေပြည်တော်ကောင်စီ**မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရုံးချုပ်စာရင်း တွင် ကျပ်သန်း ၆၁.၁၈၉ လျော့နည်းခြင်းမှာ ဒက္ခိဏသီရိဆေးရုံတွင် ၀၃-၁၄ ခေါင်းစဉ်မှ ကျပ်သန်း ၀.၀၈၈၊ တပ်ကုန်းမြို့နယ်ဆေးရုံ တွင် ၀၁-၀၂ ခေါင်းစဉ်မှ ကျပ်သန်း ၀.၁၀၀ နှင့် ခုတင်(၃၀၀) ဆေးရုံတွင် ၀၄-၀၀ ခေါင်းစဉ်မှ ကျပ်သန်း ၂.၇၆၀၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် ၀၁-၀၂ ခေါင်းစဉ်မှ ကျပ်သန်း ၁၃.၃၇၅ တို့ကို ရုံးချုပ်သို့ ပိုမိုပေးပို့ခြင်းနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ၏ ၀၃-၀၀ ခေါင်းစဉ်မှ သုံးစွဲငွေ ကျပ်သန်း ၅၉.၁၆၅ နှင့်

ငွေလုံးငွေရင်းအသုံး စရိတ်မှသုံးစွဲငွေ ကျပ်သန်း ၁၈.၃၄၇ တို့ကို ရုံးချုပ်သို့ လျော့နည်း ပေးပို့ခြင်း နှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လ အထိ ၆လကာလ ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၅.၅၂၁ ပိုမိုခြင်းမှာ ဧယျာသီရိဆေးရုံတွင် ၀၁-၀၂ ခေါင်းစဉ်မှ ကျပ်သန်း ၁၁.၂၆၀ ပိုမိုပေးပို့ခဲ့ခြင်း၊ တပ်ကုန်းမြို့နယ်ဆေးရုံတွင် ၀၁-၀၂ ခေါင်းစဉ်မှ ကျပ်သန်း ၀.၇၅၀၊ ဥတ္တရသီရိဆေးရုံတွင် ၀၁-၀၂ ခေါင်းစဉ်မှ ကျပ်သန်း ၁.၇၅၀၊ ခုတင် (၂၀၀) ဆေးရုံတွင် ငွေလုံးငွေရင်းခေါင်းစဉ်မှ ကျပ်သန်း ၃.၀၈၉ ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ၀၁-၀၂ ခေါင်းစဉ်မှ ကျပ်သန်း ၀.၁၅၀ လျော့နည်းပေးပို့ခဲ့ခြင်း။

(၃) **ဆေးသုတေသနဦးစီးဌာန၏** ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ကိုဗစ်-၁၉ အမှန်အသုံးစရိတ် ကျပ်သန်း ၆၈.၁၃၂ ဖြစ်ပြီး ရုံးချုပ်စာရင်းအရ ကျပ်သန်း ၈၀.၀၂၄ ဖြစ်သဖြင့် ကျပ်သန်း ၁၁.၈၉၂ လျော့နည်းနေခြင်းမှာ Covid-19 Diagnostic Testing ဝန်ထမ်းများအား ကျွေးမွေးစရိတ် ပိုထုတ်ငွေဖြစ်ပြီး ၂၈-၉-၂၀၂၁ ရက်နေ့တွင် ဌာနငွေစာရင်းသို့ ပြန်လည်ပေးသွင်းခဲ့၍ အနုတ် အသုံးစရိတ် ပြခဲ့ခြင်းကြောင့်ဖြစ်ခြင်း၊

**(၄)** **တိုင်းရင်းဆေးပညာဦးစီးဌာန** ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လ ကာလတို့အတွက် ရုံးချုပ်မှ တင်ပြသည့်စာရင်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ အသုံးစရိတ်များ ကွဲလွဲမှုအခြေအနေကို အောက်တွင် ဖော်ပြပါသည် -

**(ကျပ်သန်း)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆ လကာလ | | |
|---|---|---|---|---|---|---|---|
| | | ရုံးချုပ် စာရင်း | ဒေသ အစီရင်ခံစာ | (+)ပို (-)လျော့ | ရုံးချုပ် စာရင်း | ဒေသအစီ ရင်ခံစာ | (+)ပို (-)လျော့ |
| ၁။ | ပဲခူး | ၇.၈၃၆ | ၇.၇၃၆ | (+)၀.၁၀၀ | - | - | - |
| ၂။ | မန္တလေး | - | - | - | ၇.၆၂၅ | ၇.၆၀၀ | (+)၀.၀၂၅ |
| ၃။ | မွန် | ၃.၅၇၉ | ၃.၆၀၁ | (-)၀.၀၂၂ | - | - | - |
| ၄။ | ရန်ကုန် | ၃.၀၈၉ | ၃.၀၃၉ | (+)၀.၀၅၀ | ၀.၂၅၀ | ၀.၁၅၀ | (+)၀.၁၀၀ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ရှမ်း | ၁၀.၇၉၅ | ၆.၅၉၀ | (+)၄.၂၀၅ | ၂.၃၉၄ | ၄.၂၃၆ | (-)၁.၈၄၂ |
| ၆။ | နေပြည်တော် | ၄.၃၈၂ | ၄.၂၇၆ | (+)၀.၁၀၆ | ၁.၀၈၉ | ၀.၀၂၉ | (+)၁.၀၆၀ |

(ကက) **ပဲခူးတိုင်းဒေသကြီး** ၏ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၀.၁၀၀ ပိုမိုနေခြင်းမှာ ဖြူးမြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဖြစ်ပြီး ခွင့်ပြုသုံးစွဲမှု မရှိခြင်း၊

(ခခ) **မန္တလေးတိုင်းဒေသကြီး** ၏ ၂၀၂၁ခု၊ အောက်တိုဘာလမှ ၂၀၂၂ခု၊ မတ်လ ၆ လကာလ ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၀.၀၂၅ ပိုမိုနေခြင်းမှာ ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ၏ ၀၁-၀၂၊ စရိတ်ချီးမြှင့်ငွေခေါင်းစဉ် သုံးစွဲငွေ ကျပ်သန်း ၀.၁၀၀ ကို ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၀.၁၂၅ ဟု မှားယွင်း ဖော်ပြထားခြင်း၊

(ဂဂ) **မွန်ပြည်နယ်**၏ ၂၀၂၀-၂၀၂၁ ခု၊ဘဏ္ဍာရေးနှစ် ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၀.၀၂၂ လျော့နည်းနေခြင်းမှာ သထုံမြို့နယ်တိုင်းရင်းဆေးကုဌာနတွင် ၀၃-၁၃၊ လုပ်ငန်းသုံးခေါင်းစဉ်တွင် အသုံးစရိတ် ကျပ်သန်း ၀.၁၅၅ ကို ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၀.၁၃၃ ဟု မှားယွင်း ဖော်ပြထားခြင်း၊

(ဃဃ) **ရန်ကုန်တိုင်းဒေသကြီး**၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၀.၀၅၀ ပိုမိုနေခြင်းမှာ လှည်းကူးမြို့နယ် တိုင်းရင်းဆေးကုဌာနတွင် ၀၁-၀၂ စရိတ်ချီးမြှင့်ငွေခေါင်းစဉ်မှ သုံးစွဲငွေ ကျပ်သန်း ၀.၂၀၀ ကို ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၀.၂၅၀ ဟု မှားယွင်းဖော်ပြထားခြင်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆ လ ကာလ ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၀.၁၀၀ ပိုမိုနေခြင်းမှာ ခုတင် ၁၀၀ ဆံ့တိုင်းရင်းဆေးရုံကြီး၊ ရန်ကုန်မှ ၀၁-၀၂ စရိတ်ချီးမြှင့်ငွေခေါင်းစဉ် အသုံးစရိတ် ကျပ်သန်း ၀.၁၅၀ ကို ကျပ်သန်း ၀.၂၅၀ ဟု မှားယွင်း ဖော်ပြထားခြင်း၊

(ငင) **ရှမ်းပြည်နယ်**၏ ၂၀၂၀-၂၀၂၁ခု၊ဘဏ္ဍာရေးနှစ် ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၄.၂၀၅ ပိုမိုနေခြင်းမှာ ဒေသရုံးများ၏ ၀၁-၀၂ စရိတ်ချီးမြှင့်ငွေ၊

၀၃-၀၅ ရုံးအသုံးအဆောင်နှင့် ၀၃-၁၃၊လုပ်ငန်းသုံးပစ္စည်းခေါင်းစဉ်များ၏ သုံးစွဲငွေကျပ်သန်း ၆.၅၉၀ ကို ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၁၀.၇၉၅ဟု မှားယွင်းဖော်ပြထားခြင်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆လကာလ ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၁.၈၄၂ လျော့နည်းနေခြင်းမှာ ဒေသရုံးများ၏ ၀၁-၀၂ စရိတ်ချီးမြှင့်ငွေနှင့် ၀၃-၁၃ လုပ်ငန်းသုံးပစ္စည်းခေါင်းစဉ်များမှ ကိုဗစ်-၁၉ သုံးစွဲငွေစာရင်းအား ရုံးချုပ်သို့ ပေးပို့ရာတွင်ကျန်ရှိခြင်း၊

(စစ) **နေပြည်တော်**၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၀.၁၀၆ ပိုမိုနေခြင်းမှာ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ် တိုင်းရင်းဆေးကုဌာနတို့၏ ၀၃-၁၃၊ လုပ်ငန်းသုံးပစ္စည်းခေါင်းစဉ်တွင် ကျပ်သန်း ၄.၂၇၆ ကို ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၄.၃၈၂ ဟု မှားယွင်းဖော်ပြထားခြင်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆ လကာလ ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၁.၀၆၀ ပိုမိုနေခြင်းမှာ တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)၌ သုံးစွဲခြင်းမရှိသည့် ၀၁-၀၂ ပညာရှင်ချီးမြှင့်ငွေ ကျပ်သန်း ၀.၈၁၀ နှင့် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ နေပြည်တော်၌ အသုံးစရိတ် ကျပ်သန်း ၀.၂၅၀ တို့ကို မှားယွင်းထည့်သွင်းဖော်ပြခဲ့ခြင်း။

**(၅) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊** ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် **ရုံးချုပ်**မှ တင်ပြသည့်စာရင်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ အသုံးစရိတ်များ ကွဲလွဲမှုအခြေအနေကို အောက်တွင် ဖော်ပြပါသည်-

**(ကျပ်သန်း)**

| **စဉ်** | **တိုင်းဒေသကြီး/ ပြည်နယ်** | **၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်** | | |
|---|---|---|---|---|
| | | **ရုံးချုပ်စာရင်း** | **ဒေသ အစီရင်ခံစာ** | **(+)ပို/ (-)လျော့** |
| ၁။ | ကချင် | ၁.၆၄၄ | ၁.၄၂၈ | (+)၀.၂၁၆ |
| ၂။ | ရန်ကုန် | ၁၄၈.၄၅၀ | ၁၄၈.၄၅၁ | (-)၀.၀၀၁ |

(ကက) **ကချင်ပြည်နယ်**၏ ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၀.၂၁၆ ပိုမိုနေခြင်းမှာ ဗန်းမော်သူနာပြုသင်တန်းကျောင်း၏ အသုံးစရိတ် ကျပ်သန်း ၀.၀၂၄ အား ကျပ်သန်း ၀.၂၄၀ ဟု မှားယွင်းဖော်ပြထားခြင်း၊

(ခခ) **ရန်ကုန်တိုင်းဒေသကြီး**၏ ရုံးချုပ်စာရင်းတွင် ကျပ်သန်း၀.၀၀၁ လျော့နည်းခြင်းမှာ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်မှ သုံးလပတ်အလိုက် ကိုဗစ်-၁၉ အသုံးစရိတ်တင်ပြရာတွင် ကျပ်သန်း ၀.၀၇၂ အစား ကျပ်သန်း ၀.၀၇၁ ဟု မှားယွင်းတင်ပြခဲ့ခြင်းကြောင့် ဖြစ်ခြင်း။

**(၆)** **ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လ ကာလတို့အတွက် ရုံးချုပ်မှ တင်ပြသည့်စာရင်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ အသုံးစရိတ်များ ကွဲလွဲမှု အခြေအနေကို အောက်တွင် ဖော်ပြပါသည်-

**(ကျပ်သန်း)**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆ လကာလ | | |
|---|---|---|---|---|---|---|---|
| | | **ရုံးချုပ် စာရင်း** | **ဒေသ အစီရင်ခံစာ** | **(+)ပို/ (-)လျော့** | **ရုံးချုပ် စာရင်း** | **ဒေသ အစီရင်ခံစာ** | **(+)ပို/ (-)လျော့** |
| ၁။ | ကချင် | ၁၃၇.၂၁၀ | ၁၃၆.၁၀၀ | (+)၁.၁၁၀ | - | - | - |
| ၂။ | ကယား | - | - | - | ၂၀.၄၀၀ | ၂၀.၇၀၀ | (-)၀.၃၀၀ |
| ၃။ | ကရင် | ၉၇.၁၇၄ | ၁၄၅.၇၆၉ | (-)၄၈.၅၉၅ | ၇၆.၀၅၀ | ၁၀၂.၀၆၃ | (-)၂၆.၀၁၃ |
| ၄။ | တနင်္သာရီ | - | - | - | ၇၄.၆၀၀ | ၇၃.၆၅၀ | (+)၀.၉၅၀ |
| ၅။ | ပဲခူး | ၅၂၇.၆၈၈ | ၅၂၇.၇၈၈ | (-)၀.၁၀၀ | ၅၄၉.၃၂၀ | ၅၅၉.၀၇၀ | (-)၉.၇၅၀ |
| ၆။ | မန္တလေး | ၄၄၂.၉၁၆ | ၄၄၃.၃၆၉ | (-)၀.၄၅၃ | - | - | - |
| ၇။ | မွန် | ၂၀၅.၀၄၇ | ၂၉၇.၀၄၅ | (-)၉၁.၉၉၈ | ၂၁၅.၃၀၀ | ၂၅၈.၅၅၇ | (-)၄၃.၂၅၇ |
| ၈။ | ရန်ကုန် | ၄၃၆.၆၈၅ | ၄၅၁.၉၄၉ | (-)၁၅.၂၆၄ | ၄၂၇.၈၆၀ | ၄၂၉.၂၃၀ | (-)၁.၃၇၀ |
| ၉။ | ရှမ်း | ၄၄၄.၇၄၂ | ၅၇၃.၅၈၆ | (-)၁၂၈.၈၄၄ | ၄၁၅.၈၅၀ | ၅၆၅.၇၀၀ | (-)၁၄၉.၈၅၀ |
| ၁၀။ | နေပြည်တော် | ၁၃၃.၄၂၆ | ၂၂၃.၁၅၈ | (-)၈၉.၇၃၂ | ၁၁၉.၀၀၀ | ၁၇၉.၅၆၄ | (-)၆၀.၅၆၄ |

(ကက) **ကချင်ပြည်နယ်**၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၁.၁၁၀ ပိုမိုနေခြင်းမှာ ပြည်နယ်ရုံးတွင် ၀၁-၀၀ ခေါင်းစဉ်ကြီး၌ ကျပ်သန်း ၀.၀၅၀ လျော့နည်းနေခြင်း၊ တနိုင်းမြို့နယ် တွင် ၀၂-၀၀

ခေါင်းစဉ်ကြီးမှ ကျပ်သန်း ၀.၃၅၀၊ နောင်မွန်မြို့နယ်တွင် ၀၃-၀၀ ၊ ခေါင်းစဉ်ကြီးမှ ကျပ်သန်း ၀.၈၁၀ တို့မှာ စစ်ဆေးချက်အရ ခွဲဝေ/ထုတ်ယူသုံးစွဲမှုမရှိခြင်း တို့ကြောင့်ဖြစ်ခြင်း၊

(ခခ) **ကယားပြည်နယ်**၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လ ၆ လ ကာလအတွက် ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၀.၃၀၀ လျော့နည်းနေခြင်းမှာ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၀၁-၀၂၊ ငွေစာရင်းခေါင်းစဉ်မှ သုံးစွဲငွေဖြစ်ပြီး ရုံးချုပ်သို့ စာရင်းပေးပို့ရာတွင် ကျန်ရှိခဲ့ခြင်း၊

(ဂဂ) **ကရင်ပြည်နယ်**၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၄၈.၅၉၅ လျော့နည်းခြင်းမှာ ပြည်နယ်ရုံး၊ဘားအံခရိုင်ရုံးနှင့် ဘားအံမြို့နယ်ရုံးတို့ ၏ ၀၃-၀၀ ခေါင်းစဉ်ကြီးမှ သုံးစွဲငွေများကို ရုံးချုပ်သို့ စာရင်းပေးပို့ရာတွင်ကျန်ရှိခြင်းနှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆ လကာလ ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၂၆.၀၁၃ လျော့နည်းခြင်းမှာ ပြည်နယ်ရုံး၏ ၀၃-၀၀ ခေါင်းစဉ်ကြီးမှ သုံးစွဲငွေများကို ရုံးချုပ်သို့စာရင်းပေးပို့ရာတွင် ကျန်ရှိခြင်းတို့ကြောင့်ဖြစ်ခြင်း၊

(ဃဃ) **တနင်္သာရီတိုင်းဒေသကြီး**၏ ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆ လကာလအတွက် ကိုဗစ်-၁၉ အသုံးစရိတ်မှာ ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၀.၉၅၀ ပိုမိုခြင်းမှာ တနင်္သာရီမြို့နယ်၏ ၀၁-၀၂၊ စရိတ်ချီးမြှင့်ငွေ ခေါင်းစဉ်မှ ကိုဗစ်-၁၉ သုံးစွဲငွေဖြစ်ပြီး ရုံးချုပ်သို့ စာရင်းပေးပို့ရာတွင် ကျန်ရှိခဲ့ခြင်း၊

(ငင) **ပဲခူးတိုင်းဒေသကြီး**၏ ရုံးချုပ် စာရင်း ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၀.၁၀၀ နှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆) လကာလတွင် ကျပ်သန်း ၉.၇၅၀ လျော့နည်းနေခြင်း တို့မှာ ပဲခူးခရိုင်၊ အုတ်ဖိုမြို့နယ်၊ လက်ပံတန်းမြို့နယ်၊ ဖြူးမြို့နယ်နှင့်

ဇီးကုန်းမြို့တို့၏ ၀၁-၀၂ စရိတ်ချီးမြှင့်ငွေ ခေါင်းစဉ်မှ သုံးစွဲငွေများ ရှုံးချုပ်စာရင်းတွင် ပါဝင်မှုမရှိခြင်း၊

(စစ) **မန္တလေးတိုင်းဒေသကြီး**၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှုံးချုပ်စာရင်းတွင် ကျပ်သန်း ၀.၄၅၃ လျော့နည်းခြင်းမှာ မျက်မမြင်နှင့်မျက်ခမ်းစပ်ကာကွယ်ရေး စီမံကိန်း၊ စဉ့်ကိုင်မြို့၏ ၀၁-၀၂ စရိတ်ချီးမြှင့်ငွေခေါင်းစဉ်မှ သုံးစွဲငွေ ရှုံးချုပ်စာရင်းတွင် ပါဝင်မှုမရှိခြင်း၊

(ဆဆ) **မွန်ပြည်နယ်**၏ ရှုံးချုပ်စာရင်းတွင် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ကျပ်သန်း ၉၁.၉၉၈ နှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆) လ ကာလ ကျပ်သန်း ၄၃.၂၅၇ လျော့နည်းနေခြင်းမှာ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သထုံခရိုင်၊ ဘီးလင်း၊ ချောင်းဆုံ၊ မုဒုံနှင့် ကျိုက်ထိုမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ရှုံးချုပ်မှ ခွင့်ပြုထားသည့် ၀၁-၀၂၊ ၀၂-၀၁၊ ၀၃-၀၀၊ ၀၅-၀၀ ငွေစာရင်းခေါင်းစဉ်များ၏ သုံးစွဲငွေများအား ရှုံးချုပ်သို့ စာရင်းပေးပို့ရာတွင် ကျန်ရှိခဲ့ခြင်း၊

(ဇဇ) **ရန်ကုန်တိုင်းဒေသကြီး** ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှုံးချုပ်စာရင်းတွင် ကျပ်သန်း ၁၅.၂၆၄ လျော့နည်းခြင်းမှာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မှခွဲဝေခွင့်ပြု/သုံးစွဲငွေများမရှိခြင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ကြည့်မြင်တိုင်၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များနှင့် ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးဌာနသို့ ရှုံးချုပ်မှ ခွင့်ပြုထားသည့် ၀၁-၀၂ နှင့် ၀၃-၀၀ ခေါင်းစဉ်များမှ ကိုဗစ်-၁၉ သုံးစွဲငွေများအား ရှုံးချုပ်သို့ စာရင်းပေးပို့ရာတွင် ကျန်ရှိခဲ့ခြင်းနှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆လကာလ ရှုံးချုပ်စာရင်းတွင် ကျပ်သန်း ၁.၃၇၀ လျော့နည်းခြင်းမှာ အနောက်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်တို့မှ ပညာရှင်ဘွဲ့ချီးမြှင့်ငွေနှင့် စားစရိတ်ထောက်ပံ့ငွေ ကျပ်သန်း ၀.၁၂၀ ကို ကိုဗစ်အသုံးစရိတ်စာရင်းတွင် မှားယွင်းထည့်သွင်း၍ ပေးပို့ခဲ့ခြင်းနှင့် မြောက်ပိုင်းခရိုင်၊ မှိုလ်တစ်ထောင်နှင့် ဗဟန်းမြို့နယ်သို့ ရှုံးချုပ်မှ

ခွင့်ပြုထားသည့် ဝ၁-ဝ၂ ၊ စရိတ်ချိုးမြှင့်ငွေ ခေါင်းစဉ်မှ သုံးစွဲငွေများ ကျပ်သန်း ၁.၄၉ဝ အား ရုံးချုပ်သို့ စာရင်းပေးပို့ရာတွင် ကျန်ရှိခဲ့ခြင်း၊

(ဈဈ) **ရှမ်းပြည်နယ်**၏ ၂ဝ၂ဝ-၂ဝ၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၁၂၈.၈၄၄ လျော့နည်းခြင်းမှာ ပြည်နယ်ရုံး၊တောင်ကြီးခရိုင်ရုံး နှင့် မြို့နယ်(၂ဝ) မြို့နယ်တို့၏ ဝ၁-ဝ၂ နှင့် ဝ၂-ဝဝ ခေါင်းစဉ်များတွင် ကျပ်သန်း ၈.၆၈၆ လျော့နည်းသုံးစွဲခြင်း ၊ ဝ၃-ဝဝ ခေါင်းစဉ်မှ သုံးစွဲငွေ ကျပ်သန်း ၈၈.၂၁၇ နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ဝ၁-ဝဝ ၊ ဝ၂-ဝဝ၊ ဝ၃-ဝဝ၊ ဝ၅-ဝဝ ခေါင်းစဉ်များမှ သုံးစွဲငွေ ကျပ်သန်း ၄၉.၃၁၃ တို့ကို ရုံးချုပ်သို့ စာရင်းပေးပို့ရာတွင် ကျန်ရှိခဲ့ခြင်းနှင့် ၂ဝ၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂ဝ၂၂ ခုနှစ်၊ မတ်လအထိ ၆လကာလ ရုံးချုပ်စာရင်း တွင် ကျပ်သန်း ၁၄၉.၈၅ဝ လျော့နည်းခြင်းမှာ ပြည်နယ်ရုံး၊ တောင်ကြီး ခရိုင်နှင့်မြို့နယ်(၂ဝ)မြို့နယ်တို့၏ ဝ၁-ဝ၂ခေါင်းစဉ်တွင် ကျပ်သန်း ၄.၁၅ဝ ပိုမိုခြင်း၊ ဝ၃-ဝဝ ခေါင်းစဉ်တွင် ကျပ်သန်း၆၃.၉ဝဝ လျော့နည်း ခြင်း ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဝ၁-ဝ၂ခေါင်းစဉ်တွင် ကျပ်သန်း ၂.၂ဝဝ လျော့နည်းခြင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မြို့နယ်(၆)မြို့နယ်တို့မှ ဝ၁-ဝဝ၊ ဝ၂-ဝဝ၊ ဝ၃-ဝဝ၊ ဝ၆-ဝဝ ခေါင်းစဉ်များတွင် သုံးစွဲငွေကျပ်သန်း ၈၇.၉ဝဝ တို့ကို ရုံးချုပ်သို့ စာရင်းပေးပို့ရာတွင် ကျန်ရှိခဲ့ခြင်း၊

(ညည) **နေပြည်တော်ကောင်စီ** ၏ ၂ဝ၂ဝ-၂ဝ၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရုံးချုပ်စာရင်း တွင် ကျပ်သန်း ၈၉.၇၃၂ လျော့နည်းခြင်းမှာ ခုခံအားကျဆင်းမှုကူးစက် ရောဂါနှင့် ကာလသားတိုက်ဖျက်ရေးဌာန၊ မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေးစီမံကိန်းဌာန၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တပ်ကုန်း၊ လယ်ဝေး၊ ဇမ္ဗူသီရိ၊ ပုဗ္ဗသီရိနှင့် ဥတ္တရသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ဝ၁-ဝဝ၊ ဝ၂-ဝဝ၊ ဝ၃-ဝဝ၊ ဝ၆-ဝဝ ခေါင်းစဉ် များမှသုံးစွဲငွေများကို ရုံးချုပ်သို့စာရင်းပေးပို့ရာတွင် ကျန်ရှိခြင်းနှင့် ၂ဝ၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂ဝ၂၂ ခုနှစ် ၊ မတ်လအထိ ၆ လ ကာလ ရုံးချုပ်စာရင်းတွင် ကျပ်သန်း ၆ဝ.၅၆၄ လျော့နည်းခြင်းမှာ နေပြည်တော်

ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ တပ်ကုန်း၊ ပုဗ္ဗသီရိနှင့် ဥတ္တရသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနတို့၏ ၀၁-၀၀၊ခေါင်းစဉ်မှ သုံးစွဲငွေများကို ရုံးချုပ်သို့ စာရင်းပေးပို့ရာတွင် ကျန်ရှိခဲ့ခြင်း။

(န) **ဆောက်လုပ်ရေးဝန်ကြီးဌာန ၏** ၂၀၂၁ ခု၊ အောက်တိုဘာလမှ ၂၀၂၂ခု၊မတ်လအထိ ၆လ ကာလအတွက် သုံးလပတ်စာရင်းပေးပို့ရာတွင် အဆောက်အဦ ဦးစီးဌာန၏ ၀၃-၁၃ ငွေစာရင်းခေါင်းစဉ်မှ အမှန်သုံးစွဲငွေ ကျပ်သန်း ၃.၅၀၀ အား ကျပ်သန်း ၃.၁၁၅ ဖြင့် လျှော့နည်းပေးပို့ခဲ့ခြင်း၊

(ပ) **လူမှုဝန်ထမ်း ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် သုံးလပတ်အလိုက်စာရင်းပေးပို့ရာတွင် ပြည်ထောင်စုဝန်ကြီးရုံး၏ ၀၁-၀၂ စရိတ် ချီးမြှင့်ငွေခေါင်းစဉ်မှ အရာထမ်း (၃) ဦးနှင့် အမှုထမ်း (၇) ဦး စုစုပေါင်း (၁၀) ဦး အတွက် Core Group ချီးမြှင့်ငွေ ကျပ်သန်း ၁.၅၀၀ အား ကျပ်သန်း ၁.၆၅၀ ဖြင့် မှားယွင်းပေးပို့ခဲ့သဖြင့် ကျပ်သန်း ၀.၁၅၀ ပိုမိုခြင်းနှင့် အောက်ဆီဂျင် 40L အိုးများ ဝယ်ယူခြင်းအတွက် ဝန်ကြီးဌာန အချိုးကျကျခံသည့် အသုံးစရိတ် ကျပ်သန်း ၃.၆၉၆ ပါဝင်မှု မရှိခြင်း နှင့် လူမှုဝန်ထမ်းဦးစီးဌာန၏ ဌာနငွေထုတ်စာရင်းသို့ ငွေသွင်းချလန် ဖြင့် ပြန်လည်ပေးသွင်းခဲ့သည့် ကျပ်သန်း ၀.၉၀၀ မှာ ကိုဗစ်-၁၉ အသုံးစရိတ်တွင် ပါဝင်နေခြင်းနှင့် Oxygen (40L) အိုးများဝယ်ယူခြင်းအတွက် ဝန်ကြီးဌာန အချိုးကျကျခံရသည့် အသုံးစရိတ် ကျပ်သန်း ၇.၃၉၂ ကျန်ရှိခဲ့ခြင်း ၊

(ဖ) **နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

(၁) ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် သုံးလပတ်အလိုက် စာရင်းပေးပို့ရာတွင် ၀၃-၁၃ လုပ်ငန်းသုံးခေါင်းစဉ်မှ ကိုဗစ်-၁၉ စည်းကမ်းချက်ဗီနိုင်းများ ပြုလုပ်ခြင်း ကျပ်သန်း ၀.၀၅၃ ၊ ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများဝယ်ယူခြင်း ကျပ်သန်း ၀.၀၅၇ ၊ အပူချိန်တိုင်းကိရိယာ(၂) ခု ဝယ်ယူခြင်း ကျပ်သန်း ၀.၀၉၀ ပါဝင်မှုမရှိခြင်း၊ ၀၄-၀၉ အခြားပြင်ဆင်ထိန်းသိမ်းစရိတ် ခေါင်းစဉ်မှ ကိုဗစ်-၁၉ အသုံးစရိတ် နှင့် သက်ဆိုင်မှုမရှိသည့် ဈေး(၃)ဈေးတွင် ဈေးမြေပုံ၊ ဝန်ထမ်း

ဖွဲ့စည်းပုံ၊ ဆိုင်ခန်းနေရာချထားမှုစာရင်း စသည့် ဆိုင်းဘုတ်များပြုလုပ်ခြင်း ကျပ်သန်း ၀.၀၉၈ ပိုမိုပါဝင်နေခြင်း၊ ၀၆-၀၂ ကျွေးမွေးစရိတ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးသည့် ကျန်းမာရေးဝန်ထမ်းများအား ဧည့်ခံကျွေးမွေးစရိတ် ကျပ်သန်း ၀.၀၇၀ ဖြစ်သော်လည်း ကျပ်သန်း ၀.၀၈၇ ဟု မှားယွင်း၍ ကျပ်သန်း ၀.၀၁၇ ပိုမိုတွက်ချက်ခဲ့ခြင်း၊

(၂) ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လထိ(၆)လကာလ သုံးလပတ်အလိုက် ပေးပို့ရာတွင် ၀၃-၁၃ လုပ်ငန်းသုံး ခေါင်းစဉ်မှ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးကြောင်း ကြော်ငြာဆိုင်းဘုတ် ပြုလုပ်ခြင်း ကျပ်သန်း ၀.၀၄၃ ပါဝင်မှုမရှိခြင်းနှင့် ၀၄-၀၉ အခြားခေါင်းစဉ်မှ ကိုဗစ်-၁၉ အသုံးစရိတ်နှင့်သက်ဆိုင်မှုမရှိသည့် သပြေကုန်းဈေးတွင် အဂတိတားစီးကာကွယ်ရေး၊ **"မည်သည့်ယာဉ်မျှမရပ်ရ/မဝင်ရ"** စသည့် ဆိုင်းဘုတ်များပြုလုပ်ခြင်း ကျပ်သန်း ၀.၁၇၃ ပိုမိုပါဝင်နေခြင်း၊

(ဗ) **မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်**)၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် သုံးလပတ်အလိုက် စာရင်းပေးပို့ရာတွင် အသုံးစရိတ်ကျပ်သန်း ၀.၅၉၉ ပေးပို့ရန်ကျန်ရှိခဲ့ခြင်း။

၈။ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်၊ကုသရေး ကုစားရေးတို့နှင့်ဆက်စပ်သည့်အသုံးစရိတ်များအား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ သုံးလပတ်အလိုက်ပေးပို့ရာတွင် ပိုမို/လျော့နည်းပေးပို့ထားခြင်း၊ ကိုဗစ်-၁၉ အသုံးစရိတ်တွင် မှားယွင်းစာရင်းတင်ထားခြင်း၊ ပြည့်စုံမှန်ကန်မှုမရှိခြင်း၊ ကိုဗစ်-၁၉ အသုံးစရိတ်နှင့်တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသည့် အသုံးစရိတ်များ မှားယွင်းထည့်သွင်းပေးပို့ခြင်း၊ ရုံးချုပ်အသုံးစရိတ်စာရင်းနှင့် ဒေသအသုံးစရိတ်စာရင်းများကွဲလွဲခြင်း တို့ကြောင့် ကိုဗစ်-၁၉ အသုံးစရိတ်များ၏ မှန်ကန်မှုကို ထိခိုက်စေသဖြင့် ဒေသရုံးများမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရုံးများ ၊ရုံးချုပ်မှ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ လစဉ် /သုံးလပတ် စာရင်းများ ပြုစု ပေးပို့ရာတွင် ပြည့်စုံမှန်ကန်စွာ ပေးပို့စေရေး ကြီးကြပ်ဆောင်ရွက်သင့်ကြောင်း သုံးသပ်ပါသည်။

**အသုံးစရိတ်များကို ငွေစာရင်းခေါင်းစဉ်မှားယွင်းသုံးစွဲခြင်း**

၉။ အစိုးရဌာန၊အဖွဲ့အစည်းများ၏ ကိုဗစ်-၁၉ အသုံးစရိတ်များတွင် ငွေစာရင်းခေါင်းစဉ်များ မှားယွင်း သုံးစွဲထားခြင်းများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) **ပြန်ကြားရေးဝန်ကြီးဌာန၊**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ခု၊ဘဏ္ဍာရေး နှစ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများဝယ်ယူခြင်းအသုံးစရိတ် ကျပ်သန်း ၄.၆၀၇ အား ၀၃-၁၃ လုပ်ငန်းသုံးပစ္စည်းများခေါင်းစဉ်မှ ကျခံသုံးစွဲရမည့်အစား ၀၃-၀၅ ရုံးအသုံးအဆောင်ပစ္စည်းများခေါင်းစဉ်မှလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးခ ကျပ်သန်း ၀.၀၄၀ အား ၀၃-၀၁ လုပ်အားအတွက်ကုန်ကျစရိတ် ခေါင်းစဉ်မှ ကျခံသုံးစွဲ ရမည့်အစား ၀၃-၁၃ လုပ်ငန်းသုံးပစ္စည်းများခေါင်းစဉ်မှ သုံးစွဲထားခြင်းနှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လ ကာလတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများဝယ်ယူခြင်း ကျပ်သန်း ၂.၄၁၇ အား ၀၃-၁၃ လုပ်ငန်းသုံး ပစ္စည်းများခေါင်းစဉ်မှ ကျခံသုံးစွဲရမည့်အစား ၀၃-၀၅ ရုံးအသုံးအဆောင်ပစ္စည်းများ ခေါင်းစဉ်မှ မှားယွင်းကျခံသုံးစွဲထားခြင်း၊

(ခ) **စက်မှုဝန်ကြီးဌာန** ၊မြန်မာဆေးဝါးလုပ်ငန်းအောက်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ လမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လကာလ တွင် မော်တော်ယာဉ် များ ငှားရမ်းခြင်းအသုံးစရိတ် ကျပ်သန်း ၈၉.၆၄၀ အား သ-၀၄၉(၄) ယာဉ်ငှားရမ်းခ နှင့်စရိတ်ငွေစာရင်းခေါင်းစဉ်မှ ကျခံသုံးစွဲရမည်ဖြစ်သော်လည်း သ-၀၄၉(၂၁)အခြား (လိုင်စင်ကြေးနှင့်ကော်မရှင်ကြေး အပါအဝင်) ခေါင်းစဉ်မှ မှားယွင်းကျခံသုံးစွဲထားခြင်း၊

(ဂ) **ယခင်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန** ၊အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန(ရုံးချုပ်)၏ ၂၀၂၀-၂၀၂၁ခုဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းအိမ်ရာ အပတ်စဉ် ပိုးသတ်ဆေးဖျန်းသူသို့ စားစရိတ် ထုတ်ပေးငွေ ကျပ်သန်း ၀.၀၂၄အား ၀၆-၀၂ ဧည့်ခံစရိတ်ခေါင်းစဉ်မှ သုံးစွဲရမည်ဖြစ်သော်လည်း ၀၃-၂၂ ဌာနဆိုင်ရာများမှ လိုအပ်ချက်အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းခေါင်းစဉ်မှ မှားယွင်းကျခံသုံးစွဲထားခြင်း၊

(ဃ) **ပညာရေးဝန်ကြီးဌာန**

**(၁) အဆင့်မြင့်ပညာဦးစီးဌာန၊**

(ကက) **တောင်ငူတက္ကသိုလ်** ၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ကိုဗစ်-၁၉အသုံးစရိတ်များစစ်ဆေးရာတွင် ၀၆-၀၂ဧည့်ခံ စရိတ်ခေါင်းစဉ်မှ သုံးစွဲရမည့် ကိုဗစ်-၁၉ Quarantine ဝင်သူများ၏

ဆေးဖိုးနှင့် ကျွေးမွေးစရိတ်ကျပ်သန်း ၀.၃၄၅ ကို ၀၃-၂၅ ပြပွဲနှင့်ဘွဲ့နှင်း သဘင် နှင့် ကိုဗစ်-၁၉ လာရောက်စစ်ဆေးပေးသည့် ကျန်းမာရေး ဝန်ထမ်းများကျွေးမွေးစရိတ် ကျပ်သန်း ၀.၀၃၇ကို ၀၆-၀၁ ညှော်ခံစရိတ် ငွေစာရင်းခေါင်းစဉ်များ မှ မှားယွင်းသုံးစွဲထားခြင်း၊

(၁၁) **ဒဂုံတက္ကသိုလ်**၏ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ကိုဗစ်-၁၉ အသုံးစရိတ် များတွင် Quarantineဝင်သူများအတွက် လုပ်အားပေးများ၊ ကျောင်းသား သမဂ္ဂများ၊ နယ်မြေအဖွဲ့များ ကျွေးမွေးညှော်ခံစရိတ် ကျပ်သန်း ၀.၁၂၇ ကို ၀၆-၀၂ ကျွေးမွေးစရိတ်ငွေစာရင်းခေါင်းစဉ်မှ ကျခံသုံးစွဲရမည့်အစား ၀၃-၂၅၊ ပြပွဲနှင့်ဘွဲ့နှင်းသဘင်ကုန်ကျစရိတ်ခေါင်းစဉ်မှ ကျခံသုံးစွဲထား ခြင်း၊

(၁၇) **နည်းပညာတက္ကသိုလ် (မှော်ဘီ)** တွင် ဝန်ထမ်းများအား ကိုဗစ်ကာကွယ် ဆေးလာရောက်ထိုးပေးသူများ လုံခြုံရေးတာဝန်ယူသည့် ညှော်သည် များအား ကျွေးမွေးခြင်း ကျပ်သန်း ၀.၂၁၅ ကို ၀၆-၀၂၊ ကျွေးမွေးစရိတ် ငွေစာရင်း ခေါင်းစဉ်မှ သုံးစွဲရမည့်အစား ၀၃-၂၆ ညီလာခံများနှင့်နီးနှော ဖလှယ်ပွဲများ ငွေစာရင်းခေါင်းစဉ်မှ ကျခံသုံးစွဲထားခြင်း၊

(၂) **နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန** မှ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်တွင် ကိုဗစ်-၁၉ အသုံးစရိတ်များအား စစ်ဆေးရာတွင် အောက်ပါ အတိုင်း ငွေစာရင်းခေါင်းစဉ် မှားယွင်းကျခံသုံးစွဲထားကြောင်း တွေ့ရှိရခြင်း -

| စဉ် | အကြောင်းအရာ | ထုတ်ယူငွေ (ကျပ်သန်း) | သုံးစွဲထားသည့်ငွေ စာရင်း ခေါင်းစဉ် | အမှန်သုံးစွဲရမည့် ငွေစာရင်း ခေါင်းစဉ် |
|---|---|---|---|---|
| ၁။ | အစိုးရနည်း ပညာကောလိပ် (တောင်ဒဂုံ) | | | |
| | - ခြေနင်းဘေစင် (၅) ခု ပြုလုပ်ခြင်း | ၀.၅၇၀ | ၀၃-၁၃ | ၀၄-၀၉ |
| ၂။ | စက်မှုနည်းပညာလေ့ကျင့်ရေးသင်တန်း ကျောင်း (SITE) | ၀.၀၇၉ | ၀၃-၁၃ | ၀၄-၀၉ |

- ခြေနင်းဘောစင် (၂) ခု ပြုလုပ်ခြင်း

၃။ ကိုရီးယား - မြန်မာ နည်းပညာ၊ သက်မွေး ပညာနှင့်လေ့ကျင့်ရေးဆိုင်ရာဆရာ အတတ်သင်သိပ္ပံ (KMTTI)

- ခြေနင်းဘောစင် (၅) ခု ပြုလုပ်ခြင်း ၀.၃၀၀ ၀၃-၁၃ ၀၄-၀၉

(ဥ) **သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာသုတေသနဌာန၏ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ကိုဗစ်-၁၉ အသုံးစရိတ်များအား စစ်ဆေးရာ Cevit (၁၀၀ပါ) ၃ဘူး ဝယ်ယူခြင်း၊ Mask (၅) ဘူး၊ Face Shield (၂၅)ခု၊ Hand Gel (၂၅)ဘူး၊ Digital Pressure တိုင်းစက် (၁)ခု၊ Oximeter (၁)ခု၊ Alcohol Wet Tissue (100p) (၅)ဘူး၊ Acqua Cologne (30ml) (၁) ဘူး ဝယ်ယူခြင်း ကျပ်သန်း ၀.၃၆၇ အား ၀၃-၁၃ လုပ်ငန်းသုံး ခေါင်းစဉ်မှ သုံးစွဲရမည့်အစား ၀၄-၀၉ အခြားခေါင်းစဉ်မှ ကျခံသုံးစွဲထားခြင်း၊

(င) **ယခင်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကချင်ပြည်နယ် ကုသရေးဦးစီးဌာန၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်ဆေးရုံ** မှ ၃-၇-၂၀၂၁ ရက်နေ့မှ ၂-၁-၂၀၂၂ ရက်နေ့ထိ မီးဖွားခွင့်ခံစားနေသည့် သူနာပြုတစ်ဦးသို့ ၀၆-၀၂ ကျွေးမွေး စရိတ်ခေါင်းစဉ်မှ ၁၀/၂၀၂၁ လမှ ၁၂/၂၀၂၁ လထိ Special allowance ကျပ်သန်း ၀.၀၅၇ ထုတ်ပေးထားသဖြင့် ချလန်အမှတ် ၉/၂၇-၂-၂၀၂၃ ဖြင့် ဌာနငွေစာရင်းအမှတ် MD–010030 သို့ ပေးသွင်း စေပြီးဖြစ်ခြင်း။

၁၀။ အသုံးစရိတ်များ ကျခံသုံးစွဲရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သာမန် အသုံးစရိတ်များသုံးစွဲရာတွင် အသုံးပြုရမည့် ဘတ်ဂျက်ခေါင်းစဉ်အမှတ်အသားများ ညွှန်ကြားချက်နှင့်အညီ ကျခံသုံးစွဲနိုင်ရေး စီမံကြီးကြပ်ဆောင်ရွက်သင့်ကြောင်း သုံးသပ်ပါသည်။

**ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာပစ္စည်းများ ဝယ်ယူရရှိမှု ၊ ထုတ်ပေးမှုအား မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းတင်ထားမှုမရှိခြင်း**

၁၁။ အစိုးရဌာန ၊ အဖွဲ့အစည်းများတွင် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာပစ္စည်းများ ဝယ်ယူရရှိမှု ၊ ထုတ်ပေးမှုနှင့်လက်ကျန်စာရင်းများကို မှတ်တမ်းရေးသွင်းဖွင့်လှစ်မှုမရှိခြင်းအား အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်** တွင် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ခုနှစ် မတ်လအထိ(၆)လတို့တွင် ဝယ်ယူထားသော ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ ဝယ်ယူရရှိမှုအပေါ် သက်ဆိုင်ရာဌာနအလိုက် ပစ္စည်း ထုတ်ပေးပြေစာများဖြင့် လက်ခံရရှိကြောင်း လက်မှတ်ရေးထိုး၍ ဝန်ထမ်းများအား ပြန်လည် ထုတ်ပေးထားကြောင်း တင်ပြထားသော်လည်း မှတ်ပုံတင်စာအုပ်အလိုက် ရရှိ ၊ ထုတ်ပေး ၊ လက်ကျန် ရေးသွင်းမှတ်တမ်းတင်ထားမှုမရှိခြင်း၊

(ခ) **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

(၁) **ပြည်ထောင်စုဝန်ကြီးရုံး**တွင် ၀၃-၁၃လုပ်ငန်းသုံးပစ္စည်းများခေါင်းစဉ်မှ ကျပ်သန်း ၃.၅၃၆ ဖြင့် ဝယ်ယူခဲ့သည့် Protection Folding Screen များကို ရုံးခန်း ၊ အစည်းအဝေးခန်းမနှင့် ထမင်းစားခန်းတို့တွင် ထားရှိခြင်းနှင့် Hand Sanitizer နှင့် Mask များကို ဌာနခွဲအလိုက်ရှိ ဝန်ထမ်းများ သုံးစွဲရန် ထုတ်ပေး ထားခြင်းကို ဖြန့်ဝေမှုစာရင်းအရ တွေ့ရှိရပြီး ဌာနခွဲအလိုက် ပစ္စည်း ထုတ်ပေး/ လက်ခံပြေစာများဖြင့် လက်မှတ်ရေးထိုး ထုတ်ပေးထားမှုမရှိခြင်းနှင့် လုပ်ငန်းသုံးပစ္စည်း မှတ်ပုံတင်စာအုပ်များတွင် ရရှိ၊ သုံးစွဲမှုစာရင်း ရေးသွင်းမှုမရှိခြင်း၊

(၂) **လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**

(ကက) ပင်မဓာတ်အားခွဲရုံ၊သာစည်မြို့၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် သုံးစွဲငွေ ကျပ်သန်း ၀.၂၉၄ ဖြင့် ဝယ်ယူသည့် ကိုဗစ်-၁၉ ကာကွယ်ရေးသုံး ပစ္စည်း(၉)မျိုး၊ ၂၀၂၁ ခု၊ အောက်တိုဘာလမှ ၂၀၂၂ ခု၊ မတ်လအထိ (၆)လကာလအတွက် သုံးစွဲငွေ ကျပ်သန်း ၀.၄၄၀ ဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်း(၈)မျိုး ဝယ်ယူခဲ့သော်လည်း ပစ္စည်းရရှိ၊ ထုတ်ပေး ၊ လက်ကျန်မှတ်တမ်းများ ဖွင့်လှစ်ထားမှုမရှိခြင်း၊

(ခခ) အင်းကုန်းပင်မဓာတ်အားခွဲရုံ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် သုံးစွဲမှု ကျပ်သန်း ၀.၅၇၉ နှင့် ၂၀၂၁ ခု၊ အောက်တိုဘာလမှ ၂၀၂၂ ခု၊ မတ်လ (၆)လအတွက်သုံးစွဲမှု ကျပ်သန်း ၀.၂၂၀ တွင် Mask၊ Faceshield ၊

Folding Screen တို့ကို ဝန်ထမ်းများသို့ ဖြန့်ဝေမှုအတွက် ဝန်ထမ်းများမှ လက်ခံရရှိကြောင်း လက်မှတ်ထိုးမှတ်တမ်း ရယူထားမှု မရှိခြင်း။

(၃) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း** ၊ ရုံးချုပ်မှ ၀၃-၁၃ လုပ်ငန်းသုံးပစ္စည်းများ ခေါင်းစဉ်ဖြင့် ဝယ်ယူခဲ့သည့် Hand Sanitizer Spary (၃၆) ဘူး ၊ E-Lan ဆပ်ပြာရည် (၁၀၀၀)ဘူး ၊ ၃ လွှာ Mask (၁၀၀၀)ဘူး၊ KF-94 Mask (၁၄၀၀) ထုပ်တို့ကို ဌာနခွဲ ၅ ခုသို့ လက်မှတ်ထိုးစာရင်းဖြင့် ခွဲဝေထုတ်ပေးထားသော်လည်း ဌာနခွဲတစ်ခုချင်းစီ၏ လုပ်ငန်းသုံးပစ္စည်း မှတ်ပုံတင်စာအုပ်များတွင် ရရှိ ၊ သုံးစွဲမှု စာရင်းရေးသွင်းမှုမရှိခြင်း၊

(ဂ) **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊**ပြည်ထောင်စုဝန်ကြီးရုံးနှင့်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တို့မှ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁ ခု၊ အောက်တိုဘာလမှ ၂၀၂၂ ခု၊ မတ်လ(၆)လ တို့တွင် ၀၃-၁၃၊ လုပ်ငန်းသုံး ငွေစာရင်းခေါင်းစဉ်မှ Mask ၊ လက်သန့်ဆေးရည် ၊ Face shield လက်အိတ်၊ အမိုက်အိတ် ၊ ဘီတာမင်စီ၊ အပူချိန်တိုင်းကိရိယာတို့ ဝယ်ယူသုံးစွဲသည့်ပစ္စည်းများအတွက် မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းမှုမရှိခြင်းနှင့် ဌာနခွဲများအလိုက် ဖြန့်ဝေပေးထားသည့် အထောက်အထားများ တင်ပြနိုင်မှုမရှိခြင်း။

(ဃ) **ယခင်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

(၁) **ကုသရေးဦးစီးဌာန၊**မတူပီမြို့နယ် ကုသရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ကိုဗစ်-၁၉ကာကွယ်၊ထိန်းချုပ်၊ကုသရေးတို့နှင့် ဆက် စပ်သည့် အသုံးစရိတ်များအတွက် လအလိုက်သီးသန့် မှတ်တမ်းထားရှိမှုမရှိခြင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် ပစ္စည်းများအတွက် မှတ်ပုံတင်စာအုပ်(Register Book) ထားရှိ ၍ စာရင်းပြုစုမှု မရှိခြင်း၊

(၂) **အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကယားပြည်နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီး ဌာန** မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၀၃-၀၅ ရုံးအသုံးအဆောင်ပစ္စည်းခေါင်းစဉ်မှ ကျပ်သန်း ၀.၀၆၃ ဖြင့် အဝတ် Mask ၃၀ ခု နှင့်အရက်ပြန်တစ်ဘူးဝယ်ယူ၍ ဝန်ထမ်းများသို့ ဖြန့်ဝေပေးထား

သော်လည်း ပစ္စည်းရရှိသုံးစွဲမှုများအတွက် မှတ်ပုံတင်စာအုပ်ဖြင့် စာရင်းပြုစုထားမှုမရှိခြင်း၊

၁၂။ ကိုဗစ်-၁၉ ကာကွယ်၊ထိန်းချုပ်၊ကုသရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များအတွက် လအလိုက်သီးသန့် မှတ်တမ်းထားရှိမှုမရှိခြင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် ပစ္စည်းများအတွက် မှတ်ပုံတင်စာအုပ် (Register Book) ဖြင့် စာရင်းပြုစုမှုမရှိခြင်းကြောင့် စာရင်းပြုစုထိန်းသိမ်းမှုပိုင်းဆိုင်ရာတွင် ကြီးကြပ်မှုအားနည်းကြောင်း သုံးသပ်ပါသည်။

**ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းစဉ်များအတွက် ဝယ်ယူခဲ့သည့် ကျန်းမာရေးသုံး အကာအကွယ်ပစ္စည်း လက်ကျန်များ များစွာကျန်ရှိနေခြင်း**

၁၃။ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**၊ လူမှုဝန်ထမ်းဦးစီးဌာန (ရှမ်းချုပ်) မှ ထောက်ပံ့အသုံးစရိတ်သုံးစွဲငွေ ကျပ်သန်း ၈၅.၅၉၁ မှာ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းများ အသုံးပြုရန် ကျန်းမာရေးသုံး အကာအကွယ်ပစ္စည်းဝယ်ယူရေးအတွက် UNICEF အဖွဲ့မှ ပြည်ပအကူအညီရငွေဖြစ်ပြီး ၅။ထောက်ပံ့ငွေ အသုံးစရိတ်စာရင်း၊ ပြည်တွင်းထောက်ပံ့ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများအား ထောက်ပံ့ငွေများ၊ လူမှုဂရုဏာစောင့်ရှောက်ရေး ငွေစာရင်း ခေါင်းစဉ်အောက်မှ ကျခံသုံးစွဲခဲ့ပြီး ကျန်းမာရေးသုံးအကာအကွယ်ပစ္စည်း(၆)မျိုး အားအိတ်ဖွင့်တင်ဒါ ခေါ်ယူ၍ စာချုပ်ချုပ်ဆို ဝယ်ယူခဲ့ပြီး ၄-၉-၂၀၂၃ နေ့အထိ ကျန်းမာရေး သုံးပစ္စည်းများ ရရှိ၊ ဖြန့်ဝေ၊ လက်ကျန်အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ပစ္စည်းအမည် | ရေတွက်ပုံ | ဝယ်ယူရရှိမှု | ဖြန့်ဝေမှု | ၄-၉-၂၀၂၃ နေ့ လက်ကျန် |
|---|---|---|---|---|---|
| ၁။ | PPE Level-II | ထည် | ၃၄၀၀ | ၁၈၅၇ | ၁၅၄၃ |
| ၂။ | PPE Level-III | ထည် | ၃၄၀၀ | ၁၆၀၆ | ၁၇၉၄ |
| ၃။ | KN-95 Mask | ခု | ၃၀၀၀၀ | ၁၈၂၁၀ | ၁၁၇၉၀ |
| ၄။ | Face shield | ခု | ၂၅၀၀၀ | ၁၂၆၂၀ | ၁၂၃၈၀ |
| ၅။ | တစ်ခါသုံးခေါင်းစွပ်/ ခေါင်းဆောင်း | ခု | ၁၅၀၀၀၀ | ၅၈၆၀၅ | ၉၁၃၉၅ |
| ၆။ | ရာဘာလက်အိတ် တစ်ခါသုံး(S) | စုံ | ၁၁၆၅၀၀ | ၁၀၀ | ၁၁၆၄၀၀ |

| စဉ် | ပစ္စည်းအမည် | ရေတွက်ပုံ | ဝယ်ယူရရှိမှု | ဖြန့်ဝေမှု | ၄-၉-၂၀၂၃ နေ့ လက်ကျန် |
|---|---|---|---|---|---|
| ၇။ | ရာဘာလက်အိတ် တစ်ခါသုံး(L) | စုံ | ၁၀၀၀၀၀ | ၃၂၀၀ | ၉၆၈၀၀ |

၁၄။ ကျန်းမာရေးသုံးပစ္စည်းများမှာ Volunteer များက တောင်းခံမှုမရှိခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့်ပစ္စည်းများကို သုံးစွဲခြင်းတို့ကြောင့် လက်ကျန်ကျန်ရှိကြောင်း တွေ့ရှိရပြီး လိုအပ်သည့် နေရာများသို့ ဖြန့်ဝေ သုံးစွဲနိုင်ရေး စီမံဆောင်ရွက်သင့်ပါသည်။

**အသုံးစရိတ်များသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းနှင့် ညီညွတ်မှုမရှိခြင်း**

၁၅။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆ လကာလများအတွက် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များအား စစ်ဆေးရာတွင် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့် ညီညွတ်မှုမရှိခြင်း တို့အား အောက်ပါအတိုင်းတွေ့ရှိရပါသည် -

(က) **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန**

(၁) ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၊ ကလောမြို့နယ် အတွင်းရှိ မသန်စွမ်းသူ ၅၉ ဦး ထောက်ပံ့မှုကို စစ်ဆေးရာတွင် ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ ရပ်ကွက်(၄) မှ မခင်ရတနာဦး (ပိုလီယို)ကို နှစ်ကြိမ်ထပ်၍ ထောက်ပံ့ပေးထားသဖြင့် ကျပ် ၃၀,၀၀၀ ပိုမိုထောက်ပံ့ခဲ့ခြင်း၊

(၂) ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရှိ မသန်စွမ်းသူတစ်ဦးလျှင် ကျပ်၃၀,၀၀၀ နှုန်း ထောက်ပံ့ပေးမှုတွင် ၃၀-၄-၂၀၂၁ နေ့ ပြည်ထောင်စုဝန်ကြီး ခရီးစဉ်တွင် ၆၉၁၈ ဦး အတွက် ကျပ်သန်း ၂၀၇.၅၄၀ ကို ငွေသားဖြင့် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ ပေးအပ်ခဲ့ပြီး ခရိုင်နှင့်မြို့နယ် ၂၈ မြို့နယ်သို့ ထပ်ဆင့်ဖြန့်ဝေ၍ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများမှ မသန်စွမ်းသူများသို့ ထောက်ပံ့ငွေပေးဝေမှုမှာ အနည်းဆုံး (၁၀) ရက်မှ အများဆုံး (၁၀၅) ရက် ကြန့်ကြာမှုရှိကြောင်း အောက်ပါအတိုင်းတွေ့ရှိရခြင်း၊ သာဓကအားဖြင့် -

| စဉ် | မြို့နယ် | ဦးရေ | သင့်ငွေ (ကျပ်သန်း) | ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံးမှမြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများသို့ ငွေထုတ်ပေးသည့်ရက်စွဲ | ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှ မသန်စွမ်းများသို့ ပေးဝေသည့်ရက်စွဲ | ကြန့်ကြာရက် |
|---|---|---|---|---|---|---|
| ၁။ | နမ့်စန် | ၁၀၉ | ၁.၂၇၀ | ၇-၈-၂၀၂၁ | ၁၀-၈-၂၀၂၁မှ ၁၂-၈-၂၀၂၁ ထိ | ၁၀၀ |
| ၂။ | မိုးနဲ၊ မောက်မယ်၊ လင်းခေး | ၄၅၇ | ၁၃.၇၁၀ | ၉-၅-၂၀၂၁ | ၁၀-၅-၂၀၂၁မှ ၁၄-၅-၂၀၂၁ ထိ | ၁၀ |
| ၃။ | မိုင်းကိုင် | ၁၀၂ | ၃.၀၆၀ | ငွေရငွေပေး ပြေစာမရှိခြင်း | ၁၅-၈-၂၀၂၁မှ ၂၃-၉-၂၀၂၁ ထိ | ၁၀၅ |
| ၄။ | လွိုင်လင် | ၁၄၄ | ၄.၃၂၀ | ငွေရငွေပေး ပြေစာမရှိခြင်း | ၁၅-၈-၂၀၂၁မှ ၂၃-၉-၂၀၂၁ ထိ | ၁၀၅ |
| ၅။ | ဆီဆိုင် | ၃၁၅ | ၉.၄၅၀ | ရက်စွဲမပါရှိခြင်း | ၁၆-၆-၂၀၂၁မှ ၃၀-၆-၂၀၂၁ ထိ | ၄၆ |
| ၆။ | ဟိုပုံး | ၅၅ | ၁.၆၅၀ | ၃-၆-၂၀၂၁မှ ၁၀-၆-၂၀၂၁ ထိ | ၃-၆-၂၀၂၁မှ ၁၀-၆-၂၀၂၁ ထိ | ၃၃ |

(ခ) **ယခင်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန** (ရုံးချုပ်)၏ ၁၂-၈-၂၀၂၁ ရက်စွဲပါစာအမှတ် ပကရ/ စဘ/ ဘင-၃၁၆၄/၂၀၂၁ ဖြင့် ၇/၂၀၂၁ လ အတွက် Special Allowance ချီးမြှင့်ခြင်းခံရသော ပြည်သူ့ကျန်းမာရေး ဝန်ထမ်း (၃၂)ဦး အတွက် ခွင့်ပြုငွေ ကျပ်သန်း ၁.၆၀၀ အား ရန်ပုံငွေခွဲဝေ ချထားပေးခြင်းမပြုမီ ၃၁-၇-၂၀၂၁ ရက်စွဲပါ ချက်အမှတ် ဇ-၀၃၂၇၀၀ ဖြင့် ကြိုတင်ထုတ်ပေးထားခြင်း၊

(ဂ) **အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့**၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆ လကာလတွင် ၄၀ % အကျိုးခံစားခွင့်ထုတ်ပေးရန် ရုံးချုပ်မှ ၉-၁၁-၂၀၂၁ ရက်စွဲပါစာဖြင့် ခွင့်ပြုထားသော်လည်း အလုံမြို့နယ်လူမှုဖူလုံရေး ၊ ရုံးခွဲ(၈) မှ ၁၂-၁၀-၂၀၂၁ ရက်နေ့တွင် ကျပ်သန်း ၅.၃၁၂ ၊ ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် ကျပ်သန်း ၇.၂၄၈ ၊ ၂၆-၁၀-၂၀၂၁ ရက်နေ့တွင် ကျပ်သန်း ၄.၉၈၀ နှင့် ၅-၁၁-၂၀၂၁ ရက်နေ့တွင် ကျပ်သန်း ၈.၆၈၅ စုစုပေါင်း ကျပ်သန်း ၂၆.၂၂၅ တို့ကို ခွင့်ပြုမိန့်မထုတ်ပြန်မီ ကြိုတင်ထုတ်ပေးထားခြင်း၊

၁၆။ ထောက်ပံ့ငွေ (၂) ကြိမ်ထပ်ထုတ်ပေးခြင်း၊ အသုံးစရိတ်ထုတ်ယူပြီး ချက်ချင်းငွေပေးချေမှုမရှိခြင်း၊ ရန်ပုံငွေခွင့်ပြုမိန့်မရရှိမီ ကြိုတင်ထုတ်ပေးထားခြင်းတို့သည် သက်ဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်မှုအားနည်းကြောင်း သုံးသပ်ပါသည်။

**အသုံးစရိတ်ပြေစာအထောက်အထားများ၊မှတ်တမ်းများပြည့်စုံစွာရရှိမှုမရှိ၍ စစ်ဆေးနိုင်မှုမရှိခြင်း**

၁၇။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆ လကာလများအတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များစစ်ဆေးရာတွင် အသုံးစရိတ်ပြေစာအထောက်အထားများ၊ မှတ်တမ်းများပြည့်စုံစွာ ရရှိမှုမရှိ၍ စစ်ဆေးနိုင်မှုမရှိခြင်း တို့အား အောက်ပါအတိုင်းတွေ့ရှိရပါသည် -

**(က)** **ယခင်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊** မတ္တရာ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၁၀/၂၀၂၀ လမှ ၁၂/၂၀၂၀ လ ထိ ၀၁-၀၂၊ စရိတ်ချီးမြှင့်ငွေ ကျပ်သန်း ၇.၄၀၀ နှင့် ၀၃-၁၃ ၊ လုပ်ငန်းသုံးပစ္စည်း ကျပ်သန်း ၀.၂၃၀ ၊ စုစုပေါင်း ကျပ်သန်း ၇.၆၃၀ နှင့်စပ်လျဉ်း၍ အသုံးစရိတ်ပြေစာများ တင်ပြနိုင်မှုမရှိခြင်း၊

**(ခ)** **ပညာရေးဝန်ကြီးဌာန၊** ပြည်ထောင်စုဝန်ကြီးရုံးမှ ၂၀၂၀-၂၀၂၁ခုဘဏ္ဍာရေးနှစ် ၀၃၀၁ ခေါင်းစဉ်မှ သုံးစွဲငွေ ကျပ်သန်း ၀.၁၆၅ နှင့် ၀၃-၁၃ ခေါင်းစဉ်မှသုံးစွဲငွေ ကျပ်သန်း ၀.၀၂၁ တို့အတွက် အသုံးစရိတ်ပြေစာများ တင်ပြနိုင်မှုမရှိခြင်း၊

**(ဂ)** **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန** ၊ မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် FQ, HQ ဝင်သည့်မသန်စွမ်းများ အား ထောက်ပံ့ငွေ တစ်ဦးလျှင် ကျပ် ၅၀,၀၀၀ နှုန်းဖြင့် Lock Down ကျနေသည့် မသန်စွမ်းသူ ၄၃ ဦး အား ကျပ်သန်း ၂.၁၅၀ ထောက်ပံ့ခဲ့မှုတွင် ၂၇ ဦးအတွက် ငွေလက်ခံရရှိ/ထုတ်ပေးပြေစာ မိတ္တူများသာ တင်ပြနိုင်ပြီး ၁၆ ဦး အတွက် ငွေလက်ခံရရှိကြောင်း အထောက်အထား များ တင်ပြနိုင်မှုမရှိခြင်း၊

၁၈။ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များ သုံးစွဲရာတွင် အသုံးစရိတ်ပြေစာအထောက်အထားများ၊ မှတ်တမ်းများပြည့်စုံစွာထားရှိစေရေး စီမံဆောင်ရွက်သင့်ကြောင်း သုံးသပ်ပါသည်။

**Special Allowance ထုတ်ယူရာတွင် ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိခြင်း**

၁၉။ ယခင်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ဝန်ကြီးရုံး ၏ ၈-၁၂-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၁မဂ(င) ၂၀၂၀ / ၂၁၄၂၅ ဖြင့် ဦးစီးဌာနအသီးသီးမှ ကိုဗစ်-၁၉ ကာကွယ်၊ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အဓိက ပါဝင်ထိတွေ့တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား Special Allowance အဖြစ် ဝန်ထမ်းတစ်ဦး တစ်လလျှင် ကျပ် ၅၀,၀၀၀ နှုန်းဖြင့် ကူးစက်မြန်ရောဂါ (သို့မဟုတ်) တိုင်ကြားမည့်ကူးစက်ရောဂါအဖြစ် သတ်မှတ်သည့်ရုံးအမိန့်ထုတ်ပြန်သည့်အချိန်မှ အမိန့်ရုတ်သိမ်းသည့် အချိန်ထိခံစားခွင့်ပြုပေးခဲ့သဖြင့် ၀၁-၀၂၊ စရိတ်ချီးမြှင့်ငွေခေါင်းစဉ်မှ သုံးစွဲခွင့်ပြုခဲ့ရာ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆ လကာလများအတွင်း ကုသရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့တွင် ခွင့်အမျိုးမျိုးခံစားနေသည့် ဝန်ထမ်းများ၊ ဌာနကင်းကွာဝန်ထမ်းနှင့် နေ့စားဝန်ထမ်းများအား ၀၁-၀၂ စရိတ်ချီးမြှင့်ငွေ ခေါင်းစဉ်မှ Special Allowance များထုတ်ပေးထားကြောင်း အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) **ကုသရေးဦးစီးဌာန**

(၁) **ဝိုင်းမော်မြို့နယ်၊ဆဒုံးတိုက်နယ်ဆေးရုံ**မှ ၄-၁၁-၂၀၂၁ မှ၁၅-၁၂-၂၀၂၁ ရက်နေ့ထိ သားပျက်၊ သားလျှောခွင့် ၆ ပတ်ခံစားနေသည့် သူနာပြုတစ်ဦးသို့ Special allowance ထောက်ပံ့ငွေ ကျပ်သန်း ၀.၀၆၉ နှင့် Night Duty ထမ်းဆောင်ခြင်း အတွက် ၀၆-၀၂၊ ကျွေးမွေးစရိတ် ကျပ်သန်း ၀.၀၂၃၊ စုစုပေါင်း ကျပ်သန်း ၀.၀၉၂ ပိုမိုထုတ်ပေးထားသဖြင့် ချလန် အမှတ်-၂၀/၂၈-၄-၂၀၂၃ ရက်စွဲဖြင့် MD-010030 သို့ပေးသွင်းစေပြီးဖြစ်ခြင်း၊

(၂) **မိုးမောက်မြို့နယ်ကုသရေးဦးစီးဌာန** မှ ၂၃-၁၀-၂၀၂၁ မှ၂၄-၄-၂၀၂၂ထိ မီးဖွားခွင့် ခံစားနေသည့် ဝန်ထမ်းတစ်ဦး(ဆေးမှတ်တမ်း-၄)အား Special allowance ထောက်ပံ့ငွေ ကျပ်သန်း ၀.၀၅၀ ပိုမိုထုတ်ပေးထားသဖြင့် ချလန် အမှတ် ၉/ ၂၇-၂-၂၀၂၃ ဖြင့် ဌာနငွေစာရင်းအမှတ် MD-010030 သို့ ပေးသွင်းစေပြီးဖြစ်ခြင်း၊

(၃) **တောင်တွင်းကြီးမြို့နယ်ပြည်သူ့ဆေးရုံ**မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ခွင့်ခံစားနေသည့် ဝန်ထမ်း ၅ ဦးအား SpecialAllowance ကျပ်သန်း ၀.၁၇၁၊ ပိုမိုထုတ်ပေးထားပြီး ချလန်အမှတ် ၃၀/၂၁-၆-၂၀၂၁ နှင့် ချလန်အမှတ် ၁၁၈/ ၂၉-၇-၂၀၂၂ ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊

မတ်လထိကာလအတွင်း အထက်တန်းသူနာပြုတစ်ဦးအား ကျပ်သန်း ၀.၀၁၁ ပိုမိုထုတ်ပေးထားခြင်းအား ချလန်အမှတ်၂၄/ ၁၃-၂-၂၀၂၃ ဖြင့်လည်းကောင်း ဌာန၏ငွေစာရင်းအမှတ် MD-010129 သို့ ပြန်လည်ပေးသွင်းစေပြီးဖြစ်ခြင်း။

(၄) **ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့**၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ၈/၂၀၂၁လတွင် လစာမဲ့ခွင့်ခံစားနေသူသူနာပြုတစ်ဦးနှင့် အကူသူနာပြုတစ်ဦး တို့အား Special Allowance ကျပ်သန်း ၀.၁၀၀ ထုတ်ပေးထားကြောင်း တွေ့ရှိရသဖြင့် ချလန်အမှတ် ၅၅၊ ၅၆/ ၂၆-၈-၂၀၂၂ တို့ဖြင့် ဌာနငွေစာရင်း MD-010713 သို့ ပြန်လည်ပေးသွင်းစေပြီးဖြစ်ခြင်း၊

(၅) **သန်လျင်မြို့နယ်ကုသရေးဦးစီးဌာန**၏ ၂/၂၀၂၂ လနှင့် ၃/၂၀၂၂လ တို့တွင် ဆေးလက်မှတ်ခွင့်/ လုပ်သက်ခွင့် ခံစားသူ ဆေးဘက်ကျွမ်းကျင်(၄) ခေတ်ခွဲ ၂ ဦး၊ အကူသူနာပြုတစ်ဦးတို့အား Special Allowance တစ်ဦးလျှင် ကျပ် ၂၀,၀၀၀ နှုန်းဖြင့် ကျပ်သန်း ၀.၀၆၀ ထုတ်ပေးထားကြောင်း တွေ့ရှိရသဖြင့် ချလန် အမှတ် ၁၃၂/၂၇-၉-၂၀၂၃ဖြင့် ဌာနငွေစာရင်းသို့ ပြန်လည်ပေးသွင်းစေပြီး ဖြစ်ခြင်း၊

(၆) **အထူးကုဆေးရုံကြီး (မင်္ဂလာဒုံ)**၏ ၈/၂၀၂၁ လနှင့် ၉/၂၀၂၁ လတို့တွင် လုပ်သက်ခွင့်/မီးဖွားခွင့်ခံစားသူ အထွေထွေလုပ်သား(၂)ဦး နှင့် အထွေထွေ လုပ်သား တစ်ဦး(ကွယ်လွန်)တို့အား Special Allowance ကျပ်သန်း ၀.၀၆၁ ထုတ်ပေး ထားခြင်း၊ ၁၀/၂၀၂၁ လနှင့် ၁၂/၂၀၂၁ လတို့တွင် မီးဖွားခွင့်ခံစားသူ သူနာပြု တစ်ဦး၊ လုပ်သက်ခွင့်ခံစားသူ အထက်တန်းသူနာပြုတစ်ဦးနှင့် အထွေထွေ လုပ်သားတစ်ဦးတို့အား Special Allowance ကျပ်သန်း ၀.၁၂၇ ထုတ်ပေးခဲ့ခြင်း တို့ကို တွေ့ရှိရသဖြင့် ၁၈-၁၀-၂၀၂၃ နေ့တွင် ချလန်အမှတ်-၁၀/၁ မှ ၁၀/၆ ထိဖြင့် ဌာနငွေစာရင်းသို့ ပြန်လည်ပေးသွင်းစေပြီးဖြစ်ခြင်း။

(ခ) **ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

(၁) **မချမ်းဘော့မြို့နယ် ပြည်သူ့ကျန်းမာရေးဌာနအောက်ရှိ ထရန်ဒမ်းကျေးလက် ကျန်းမာရေးဌာန**တွင် ၂၀၂၀-၂၀၂၁ခု၊ဘဏ္ဍာရေးနှစ်၌ သူနာပြုဒီပလိုမာသင်တန်း တက်ရန် ထွက်ခွာသွားသည့် သားဖွားဆရာမတစ်ဦးသို့ ကိုဗစ်-၁၉ လုပ်ငန်းတွင်

ထိတွေ့ပါဝင်မှုမရှိသော်လည်း Special Allowance ကျပ် ၅၀,၀၀၀ ထုတ်ပေးထားသဖြင့် ချလန်အမှတ်-၅/ ၂၅-၈-၂၀၂၂ ဖြင့် လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လ(၆)လကာလတွင် သူနာပြုဒီပလိုမာ သင်တန်းတက်ရန် ထွက်ခွာသွားသည့် သားဖွားဆရာမတစ်ဦးသို့ Special Allowance ကျပ်သန်း ၀.၁၀၀ ထုတ်ပေးထားသဖြင့် ချလန်အမှတ်-၃/၂၃-၂-၂၀၂၃ ဖြင့် လည်းကောင်း ဌာနငွေထုတ်စာရင်းသို့ ပြန်လည်ပေးသွင်းပြီး ဖြစ်ခြင်း၊

(၂) **ဝိုင်းမော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝါရှောင်ကျေးလက်ကျန်းမာရေးဌာန၊ ဒိန်ဂျန်ယန်ကျေးလက်ကျန်းမာရေးဌာနခွဲ**မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လ(၆)လ ကာလ အတွင်း မီးဖွားခွင့်ခံစားနေသည့် သားဖွားဆရာမတစ်ဦးသို့ Special Allowance (၆)ရက်အတွက် ပိုထုတ်ငွေ ကျပ်သန်း ၀.၀၁၀ ကို ချလန်အမှတ်-၁၉/ ၂၈-၄-၂၀၂၃ ဖြင့် ဌာနငွေထုတ်စာရင်းသို့ ပြန်လည်ပေးသွင်းစေပြီးဖြစ်ခြင်း။

(၃) **ဘားအံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန**တွင် ၁၄-၃-၂၀၂၁ နေ့မှ ၂၈-၃-၂၀၂၂ နေ့အထိ လုပ်သက်ခွင့်ခံစားသည့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးသို့ Special Allowance ပိုထုတ်ပေးငွေ ကျပ်သန်း ၂.၄၁၉ ကို ဌာနငွေစာရင်း MD-012245 သို့ ချလန်အမှတ်-၂၁/ ၂၉-၈-၂၀၂၃ ဖြင့် ပြန်လည်ပေးသွင်းစေပြီး ဖြစ်ခြင်း။

(၄) **သရက်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**၏ သန့်ရှင်းရေးဝန်ထမ်းတစ်ဦးသို့ Special Allowance ကျပ်သန်း ၀.၀၂၇ ပိုမိုထုတ်ပေးထားသဖြင့် ချလန်အမှတ် ၅/၉-၈-၂၀၂၂ ဖြင့် ဌာနငွေစာရင်းအမှတ် MD-011118 သို့ ပေးသွင်းစေပြီးဖြစ်ခြင်း၊

(၅) **တောင်တွင်းကြီးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အိုးပေါက် ကျေးလက်ကျန်းမာရေးဌာနခွဲ**မှ ပင်စင်ခံစားသည့် သားဖွားဆရာမတစ်ဦးသို့ Special Allowance ကျပ် ၂၇,၄၁၉.၃၅ ပိုမိုထုတ်ပေးထား သဖြင့် ၃-၂-၂၀၂၃ နေ့တွင် ချလန်အမှတ်-၄၃ ဖြင့် ဌာန ငွေစာရင်းအမှတ် MD-010568 သို့ ပေးသွင်းစေပြီး ဖြစ်ခြင်း၊

(၆) **ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန**တွင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၂ ခုနှစ် ၊ မတ်လဖလကာလ၌ Special Allowance ခွင့်ပြုဦးရေထက် (၁၅)ဦး ပိုထုတ်ငွေ ကျပ်သန်း ၀.၇၅၀ ကို ချလန်၂၀/၃၀-၃-၂၀၂၂၊ ၅/၁၆-၃-၂၀၂၃ တို့ဖြင့် ဌာနငွေစာရင်းအမှတ် MD-010430သို့ ပြန်လည်ပေးသွင်း စေပြီးဖြစ်ခြင်း။

(၇) **အမ်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**တွင် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်မဲ့ပျက်ကွက်နေသည့် ၄က်ဖျားကြီးကြပ်အား Special Allowance ကျပ်သန်း ၀.၀၅၀ ထုတ်ပေးထားသဖြင့် ချလန်အမှတ်-၁၇/ ၂၀-၄-၂၀၂၂ ဖြင့် ဌာနငွေစာရင်း MD-010480 သို့ ပေးသွင်းပြီးဖြစ်ခြင်း၊

(၈) **ပုဏ္ဏားကျွန်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**တွင် ၂၀၂၁ခုနှစ်၊အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊မတ်လအထိ ၆ လ ကာလတွင် လုပ်သက်ခွင့်(၁)လ ခံစားနေသည့် ကြီးကြပ် (၂) သို့ Special Allowance ကျပ်သန်း ၀.၀၅၀ ထုတ်ပေးထားသဖြင့် ချလန်အမှတ်-၈/ ၂၂-၁၁-၂၀၂၂ ဖြင့် ဌာနငွေစာရင်း MD-010390 သို့ ပြန်လည် ပေးသွင်းစေပြီးဖြစ်ခြင်း။

(၉) **သိန်းနီမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**တွင် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်၌ မိုင်းပါးကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမတစ်ဦးသည် ၁၀/၂၀၂၀ လတွင် လုပ်သက်ခွင့် (၁၁) ရက်အတွက် Special Allowance ပိုထုတ်ငွေ ကျပ် ၁၇,၇၄၂ အား ချလန်အမှတ်-၁၄/ ၁၇-၅-၂၀၂၁ ဖြင့် ဌာနငွေထုတ်စာရင်းသို့ ပေးသွင်းစေပြီးဖြစ်ခြင်း။

(၁၀) **သုံးခွမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန** တွင် နေ့စားဝန်ထမ်း ၃ ဦး သို့ Special Allowance ကျပ်သန်း ၀.၁၅၀ ထုတ်ပေးထားသဖြင့် ချလန်အမှတ်-၄ / ၁၂-၁-၂၀၂၃ ဖြင့် ဌာန ငွေထုတ်စာရင်းသို့ ပြန်လည်ပေးသွင်းစေပြီးဖြစ်ခြင်း။

(၁၁) **သန်လျင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**တွင် သပြေကန်ကျန်းမာရေးဌာန၊ ပုံတောင်ကျန်းမာရေးဌာနခွဲမှ ဌာနမှကင်းကွာသည့် ကျန်းမာရေးကြီးကြပ်-၂ သို့ Special Allowance ကျပ်သန်း ၀.၀၅၀ ထုတ်ပေးထားသဖြင့် ချလန်အမှတ် ၅၀/ ၂-၁၀-၂၀၂၃ ဖြင့် ဌာနငွေစာရင်းသို့ ပြန်လည်ပေးသွင်းစေပြီးဖြစ်ခြင်း၊

(၁၂) **ကျောက်တန်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**သို့ ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်ဦးလျှင် ကျပ် ၅၀,၀၀၀ နှုန်းဖြင့် ဝန်ထမ်း ၄၃ ဦးအတွက် ဇန်နဝါရီလ၊ ဖေဖော်ဝါရီ နှင့်မတ်လ ၃ လအတွက် ကျပ်သန်း ၆.၄၅၀ ခွဲဝေချထားပေးခဲ့ သော်လည်း ကျပ် ၈၀,၀၀၀ နှုန်းဖြင့် ၇၉ ဦး၊ ကျပ် ၆၅,၀၀၀ နှုန်းဖြင့် ၂ ဦးသို့ ကျပ်သန်း ၆.၄၅၀ ခွဲဝေထုတ်ပေးခဲ့ခြင်း၊

**(၁၃)** **မင်္ဂလာဒုံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန** သို့ ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ် ဝန်ထမ်း ၂၅ ဦးအား တစ်ဦးလျှင် ကျပ် ၅၀,၀၀၀ နှုန်းဖြင့် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့်မတ်လ ၃ လအတွက် ကျပ်သန်း ၃.၇၅၀ ခွဲဝေချထားပေးခဲ့သော်လည်း ဝန်ထမ်း ၅၀ ဦးသို့ တစ်ဦးလျှင် ကျပ် ၂၅,၀၀၀ နှုန်းဖြင့် ထုတ်ပေးခဲ့ခြင်း၊

၂၀။ ကိုဗစ်-၁၉ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကပါဝင်ထိတွေ့တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား Special Allowance ထုတ်ပေးရန် ညွှန်ကြားချက်ကို လိုက်နာမှုအားနည်းကြောင်းနှင့် လုပ်ငန်းအခြေအနေအရဆောင်ရွက်ရမည့် ကိစ္စရပ်များအတွက် ဦးစီးဌာန၏ခွင့်ပြုချက် ကြိုတင်ရယူဆောင်ရွက် သင့်ကြောင်း သုံးသပ်ပါသည်။

**ကိုဗစ်-၁၉ နှင့်သက်ဆိုင်ခြင်းမရှိသော အသုံးစရိတ်များ သုံးစွဲထားခြင်း**

၂၁။ **ယခင်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**၊ **ကုသရေးဦးစီးဌာန**မှ ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ် (၁၀/၂၀၂၁ လမှ ၃/၂၀၂၂ လထိ)ကာလတွင် ခွဲဝေချထားပေးသောငွေစာရင်းခေါင်းစဉ်နှင့် ဆီလျော်မှု မရှိသော အသုံးစရိတ်များ သုံးစွဲမှုကို အောက်ပါအတိုင်း တွေ့ရှိရပါ သည် -

(က) **ဒလမြို့နယ်ကုသရေးဦးစီးဌာန**၏ ၀၁-၀၂၊ စရိတ်ချီးမြှင့်ငွေစာရင်းခေါင်းစဉ်မှ ကိုဗစ်-၁၉ လူနာများကို တိုက်ရိုက်ထိတွေ့ တာဝန်ထမ်းဆောင်သူ ဝန်ထမ်းများသို့ Special Allowance ထုတ်ပေးရန် ခွဲဝေချထားငွေမှ ဘွဲ့လွန်သင်တန်းချီးမြှင့်ငွေ ကျပ်သန်း ၀.၆၀၀ ထုတ်ပေးထားခြင်း။

(ခ) **ရန်ကုန်ကုတင် ၅၀၀ ဆေးရုံ**တွင် ၀၃-၁၃ ၊ ခေါင်းစဉ်မှ ကျပ်သန်း ၃.၂၅၃ ကို ပုံမှန်လူနာများ၏ ဆေးကုသမှုမှတ်တမ်းစာအုပ်နှင့်ပုံစံများဝယ်ယူခြင်းအတွက် သုံးစွဲထားခြင်း၊

၂၂။ ကိုဗစ်-၁၉ အသုံးစရိတ်များအတွက် ခွဲဝေချထားပေးသောငွေစာရင်းခေါင်းစဉ်နှင့် ဆီလျော်သည့် အသုံးစရိတ်များ သုံးစွဲသင့်ကြောင်း သုံးသပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန ၊ လူမှုဖူလုံရေးအဖွဲ့ (ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ) မှ သုံးစွဲမှု**

၂၃။ CERP 's Action Plan ပန်းတိုင်းအမှတ်-၃ အရ အလုပ်သမားဝန်ကြီးဌာန ၊ လူမှုဖူလုံရေးအဖွဲ့မှ အလုပ်သမားများအပေါ် ဆိုးကျိုးသက်ရောက်မှုများ လျော့နည်းစေရန် ဆောင်ရွက်ခြင်းခေါင်းစဉ်အောက်မှ လုပ်ငန်းစဉ်-၃.၁.၁ နှင့်အညီ ကိုဗစ်-၁၉ ဖြစ်စဉ်ကြောင့် ယာယီပိတ်သိမ်းခဲ့သည့် အလုပ်သမားများမှ လူမှုဖူလုံရေး အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများအတွက် ထည့်ဝင်ကြေးပေးသွင်းထားသည့် လုပ်ခလစာ၏ ၄၀ %ကို ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် အဖြစ်လည်းကောင်း ၊ Quarantine ပြုလုပ်သည့် အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီး အာမခံအလုပ်သမားများအတွက် လုပ်ခလစာ၏ ၆၀ % ကို မကျန်းမာမှု အကျိုးခံစားခွင့်အဖြစ်လည်းကောင်း အလုပ်သမားများသို့ ထုတ်ပေးခြင်းနှင့် ထုတ်လုပ်မှုစရိတ်မှာ ဆေးခန်း၊ဆေးဌာနများတွင် လိုအပ်သည့် ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေး ပစ္စည်းများ ဝယ်ယူထားခြင်းဖြစ်ပါသည်။

၂၄။ ဒေသရုံးများအတွက် အကျိုးခံစားခွင့် ၄၀% ထုတ်ပေးငွေများကို ရုံးချုပ်ဘတ်ဂျက်ဖြင့် လက်အောက်ခံရုံးခွဲများသို့ ထုတ်ပေးရန် ဘုတ်အဖွဲ့များဖွဲ့စည်းစိစစ်၍ ခွင့်ပြုငွေများအား ရုံးခွဲများ၏ Current A/C များသို့ လွှဲပြောင်းပေးပို့၍ အလုပ်သမားများသို့ ထုတ်ပေးခြင်းဖြစ်ပါသည်။ လုပ်ခလစာ၏ ၆၀% ကို မကျန်းမာမှုအကျိုးခံစားခွင့်အဖြစ် သက်ဆိုင်ရာရုံးများသို့ ခွင့်ပြုရန်ပုံငွေချပေးထားခြင်း ဖြစ်ပါသည်။

၂၅။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၏ ကိုဗစ်-၁၉ အသုံးစရိတ် ကျပ်သန်း ၈၀.၃၁၄ ၊ CERP အသုံးစရိတ် ကျပ်သန်း ၄၉,၈၈၃.၀၉၇ နှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆ လကာလ ၏ ကိုဗစ်-၁၉ အသုံးစရိတ် ကျပ်သန်း ၃.၁၄၅ ၊ CERP အသုံးစရိတ် ကျပ်သန်း ၁,၁၂၀.၉၂၉ တို့၏ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သုံးစွဲမှုစစ်ဆေးခြင်းမှ အောက်ပါတို့ကို တွေ့ရှိ ရပါသည်-

(က) ထောက်ပံ့ငွေ ၄၀ % အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ လူမှုဖူလုံရေး အဖွဲ့၏၂၇-၉-၂၀၂၀ရက်စွဲပါရုံးအမိန့်စာအမှတ်၊(၁၁၈၇/၂၀၂၀) အရ အာမခံအလုပ်သမား များမှ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးထားသည့် အမည်စာရင်းနှင့်တစ်ကွ အလုပ်သမားများထံသို့ ဖြန့်ဝေပြီးစီးမှုအခြေအနေအား လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) ဘဏ္ဍာရေးဌာနနှင့် အာမခံဌာနသို့အပတ်စဉ် e-mail ဖြင့် ပြန်လည်တင်ပြရမည်ဟု ဖော်ပြထားသော်လည်း ရုံးခွဲများမှစာရင်းများ အချိန်မီပေးပို့မှုမရှိသဖြင့် ရုံးချုပ်စာရင်းတွင်

ထည့်သွင်းဖော်ပြနိုင်မှုမရှိခြင်း၊ အကျိုးခံစားခွင့်စာရင်းများကို ခန့်မှန်းခြေဖြင့် ပေးပို့ခြင်း၊ ဘဏ္ဍာရေးနှစ်ကျော်လွန်မှ ပေးပို့ခြင်းများကို တွေ့ရှိရခြင်း၊

(ခ) **မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးအဖွဲ့မှ** ၄၀% ထောက်ပံ့ကူညီမှု အကျိုး ခံစားခွင့်ထုတ်ပေးရာတွင် Yangon Fishery Development Co.,Ltd လုပ်ငန်းဌာနသို့ ခွင့်ပြုမိန့်အရ ထုတ်ပေးရမည့်ငွေထက် ပိုမိုထုတ်ပေးငွေ ကျပ် ၁၀,၀၈၀ အား ၂၄-၈-၂၀၂၂ ရက်နေ့ ပြေစာအမှတ်၊၄၆၆၅၈၃ ဖြင့် လည်းကောင်း ၊ မြန်မာ့သြဘာလုပ်ငန်းကုမ္ပဏီလီမိတက်သို့ ပိုထုတ်ပေးငွေကျပ်၂၄,၈၀၀ အား ၂၅-၈-၂၀၂၂ ရက်နေ့ ပြေစာအမှတ်၊၄၆၆၂၆ ဖြင့် လည်းကောင်း လူမှုဖူလုံရေးအဖွဲ့၊ရုံးခွဲ(၅) ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေစာရင်း F-7 သို့ ပြန်လည်ပေးသွင်းပြီး ဖြစ်ခြင်း၊

(ဂ) **မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးအဖွဲ့မှ** မကျန်းမာမှုအကျိုးခံစားခွင့် ၆၀% ထုတ်ပေးမှုမှာ ဌာနစာရင်းအရ ကျပ်သန်း ၃၄.၅၄၀ ဖြစ်ပြီး ငွေကြေးခံစားခွင့်ပေးသည့် အကြောင်းကြားစာမှတ်ပုံတင်စာရင်းစာအုပ်နှင့် တစ်ဦးချင်းထုတ်ပေးစာရင်းများ၊ အကျိုးခံစားခွင့်လုပ်ငန်းလချုပ်တို့ အရ ကျပ်သန်း ၆၀.၀၉၁ ဖြစ်သဖြင့် ကျပ်သန်း ၂၅.၅၅၁ ကွာခြားနေခြင်း မှာ အာမခံကိုယ်ဝန်ဆောင်မိခင်များနှင့် Quarantine ဝင်ရောက်ရသူ အာမခံအလုပ်သမား အတွက်သာ ငွေကြေးအကျိုးခံစားခွင့်များ ရေးသွင်းရမည်ဖြစ်သော်လည်း အလုပ်သမားအားလုံးအတွက် မှားယွင်းစာရင်းသွင်းမိ၍ ဖြစ်ခြင်း၊

(ဃ) **အလုံမြို့နယ်ရုံး**၏ ၄၀ % အကျိုးခံစားခွင့်တွင် ဒေသန္တရဆိုင်ရာ ရန်ပုံငွေ ပုံစံအမှတ်(၂) ငွေစာရင်းစာအုပ်နှင့် ခွင့်ပြုမိန့်အရ အလုပ်သမားဦးရေ အောက်ပါအတိုင်း ကွဲလွဲနေခြင်း-

(ဦးရေ)

| စဉ် | ရက်စွဲ | ခွင့်ပြုမိန့် | ငွေစာရင်းအရ | ကွာခြား |
|---|---|---|---|---|
| ၁။ | ၁၃-၁၀-၂၀၂၀ | ၄၅ | ၃၈ | ၇ |
| ၂။ | ၂၁-၁၀-၂၀၂၀ | ၆၅ | ၃၀ | ၃၅ |
| ၃။ | ၂၅-၁-၂၀၂၁ | ၂၅ | ၂၀ | ၅ |

(င) **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရုံး**၏ Online မှ လျှောက်ထားသည့် အမှုတွဲများ၏ ၄၀% အကျိုးခံစားခွင့်တွင် Kyodo Techno Myanmar မှ ၈ ဦး၊ TMW Enterprise Limited (1)

မှ ၉၇ ဦး၊  Oil Tech Myanmar Limited မှ ၉ ဦး၊  Shwe Naing Ngan.;Ltd မှ ၅၉ ဦး နှင့် Air Products Myanmar Co.;Ltdမှ ၆ဦးတို့၏ တောင်းခံလွှာများပူးတွဲထားမှုမရှိခြင်း၊

(စ) **ရွှေဘိုမြို့နယ်ရုံးတွင်** ၄၀ % အကျိုးခံစားခွင့်များ ထုတ်ပေးရာ၌ အလုပ်သမားများ လက်ခံရရှိကြောင်း အထောက်အထားများကို လက်ခံရရှိသည့်နေ့မှ ရက်သတ္တပတ် ၂ ပတ်အတွင်း ကုမ္ပဏီမှ ပြန်လည်ပေးပို့ရမည် ဖြစ်သော်လည်း Sweet Shop Drink & Snack ကုမ္ပဏီမှာ ငွေထုတ်ပေးသည့် ၁၁-၅-၂၀၂၁ ရက်နေ့မှ ၂၀ ရက်အကြာ ၁-၆-၂၀၂၁ရက်နေ့မှ ပေးပို့ထားခြင်းနှင့် အမှုတွဲများရွေးချယ်စစ်ဆေးရာတွင် ကုန်လမ်းပို့ဆောင်ရေးဦးစီးဌာန မှ ဦးသောင်းဌေးဦး၏ အမှုတွဲတွင် လူမှုဖူလုံရေးစိစစ်ကတ်ပြားပါရှိမှု မရှိခြင်း၊

(ဆ) **ကျိုက်ထိုမြို့နယ် လူမှုဖူလုံရေးအဖွဲ့**သည် ၄၀ % သဘာဝဘေးအန္တရာယ်အတွက် ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ကျပ်သန်း ၉၄.၃၉၉ ထုတ်ပေးရာတွင် အလုပ်ရှင်များမှ အာမခံအလုပ်သမားများသို့ ခွင့်ပြုထုတ်ပေးပြီးကြောင်း တင်ပြနိုင်မှုမရှိခြင်းနှင့် INNO Capital Microfinance Co.,Ltd သို့ အကျိုးခံစားခွင့် ၁၁ ရက်အတွက် ကျပ် ၁၁၆,၂၆၆.၆၇ ပိုမိုထုတ်ပေးထားခြင်းကို ဘဏ်စာရင်းရှင်အမှတ် P-111 သို့ ၂-၁၁-၂၀၂၂ ရက်နေ့တွင် ချလန် အမှတ်-၇ ဖြင့် ပေးသွင်းစေပြီးဖြစ် ခြင်း၊

(ဇ) ၆၀ % အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ရုံးချုပ်သို့ ပေးပို့သည့် လစဉ်အစီရင်ခံစာတွင် အသေးစိတ်စာရင်း ပေးပို့မှုမရှိခြင်းတို့ကြောင့် ဌာန စာရင်းနှင့် စစ်ဆေးချက်တို့မှာ အောက်ပါအတိုင်း ကွဲလွဲနေခြင်း-

(ကျပ်သန်း)

| စဉ် | ရုံး | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆ လကာလ | | |
|---|---|---|---|---|---|---|---|---|
| | | | ဌာန စာရင်း | စစ်ဆေး ချက် | (+) ပို/ (-) လျော့ | ဌာန စာရင်း | စစ်ဆေး ချက် | (+) ပို/ (-) လျော့ |
| ၁။ | မုံရွာမြို့ | ထုတ်လုပ်မှု | ၀.၀၅၀ | ၀.၀၇၀ | (-) ၀.၀၂၀ | - | - | - |
| | | အကျိုးခံစားခွင့် ၆၀% | ၃၆.၆၉၈ | ၄၂.၈၂၃ | (-) ၆.၁၂၅ | ၁၃.၇၄၂ | ၁၅.၉၆၆ | (-) ၂.၂၂၄ |
| ၂။ | ကောလင်းမြို့ | ကိုဗစ်-၁၉ | ၀.၀၁၄ | ၀.၀၀၇ | (+)၀.၀၀၇ | ၀.၀၁၄ | ၀.၀၀၇ | (+) ၀.၀၀၇ |
| ၃။ | ကသာမြို့ | အကျိုးခံစားခွင့် ၆၀% | ၂.၂၂၂ | ၃.၅၁၁ | (-)၁.၂၈၉ | - | ၆.၄၈၂ | (-) ၆.၄၈၂ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄။ | ပဲခူးမြို့ | အကျိုးခံစားခွင့် ၆၀% | ၁၃၆.၁၀၇ | ၈၅.၅၈၄ | (+)၅၀.၅၂၃ | ၂၃.၃၁၁ | ၁၅.၄၉၁ | (+) ၇.၈၂၀ |
| ၅။ | ပြည်မြို့ | အကျိုးခံစားခွင့် ၆၀% | ၂.၀၇၀ | ၄.၆၃၇ | (-)၂.၅၆၇ | ၄.၁၄၄ | ၄.၅၁၃ | (-) ၀.၃၆၉ |
| ၆။ | ကြို့ပင်ကောက်မြို့ | အကျိုးခံစားခွင့် ၆၀% | ၄.၂၄၂ | ၅.၃၆၇ | (-)၁.၁၂၅ | - | - | - |
| ၇။ | ပေါင်းတည်မြို့ | အကျိုးခံစားခွင့် ၆၀% | ၀.၄၅၉ | ၁.၇၂၂ | (-)၁.၂၆၃ | ၁.၃၄၄ | ၀.၇၁၈ | (+) ၀.၆၂၆ |
| ၈။ | မြစ်ကြီးနားမြို့ | အကျိုးခံစားခွင့် ၆၀% | ၁၀.၈၂၄ | ၁၀.၁၆၈ | (+)၀.၆၅၆ | - | ၂၃.၃၄၈ | (-)၂၃.၃၄၈ |
| ၉။ | မိတ္ထီလာမြို့ | အကျိုးခံစားခွင့် ၆၀% | ၅.၁၀၀ | ၈.၀၁၀ | (-)၂.၉၁၀ | ၀.၀၈၄ | ၁၂.၅၃၈ | (-) ၁၂.၄၅၄ |
| ၁၀။ | ပြင်ဦးလွင်မြို့ | အကျိုးခံစားခွင့် ၆၀% | ၀.၈၃၀ | ၃.၄၇၄ | (-)၂.၆၄၄ | ၃.၀၅၉ | ၅.၃၁၂ | (-) ၂.၂၅၃ |
| ၁၁။ | ပြည်ကြီးတံခွန် | အကျိုးခံစားခွင့် ၆၀% | ၁၈.၃၁၈ | ၃၅.၆၉၁ | (-)၁၇.၃၇၃ | - | - | - |
| ၁၂။ | ညောင်ဦး | အကျိုးခံစားခွင့် ၆၀% | ၀.၁၃၀ | - | (+)၀.၁၃၀ | - | - | - |

၂၆။ ၄၀% နှင့် ၆၀ % အကျိုးခံစားခွင့် များနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့် မထုတ်ပြန်မီ ပေးချေထားခြင်း၊ ပိုမိုပေးချေထားခြင်း၊ ခွင့်ပြုပေးသည့် ဦးရေကို ငွေစာရင်းစာအုပ်တွင် ပြည့်စုံမှန်ကန်စွာ ရေးသွင်းထားမှု မရှိခြင်း၊ အလုပ်သမားများ၏ တောင်းခံလွှာများ ပူးတွဲထားမှုမရှိခြင်း၊ အလုပ်သမားများမှ လက်ခံရရှိကြောင်း အထောက်အထားများကို ကုမ္ပဏီများမှ ဌာနသို့ သတ်မှတ်ချိန် အတွင်း ပေးပို့ထားမှုမရှိခြင်း၊ အကျိုးခံစားခွင့်များ ထုတ်ပေးရာတွင် အမှန်ထုတ်ပေးမည့်ရက်ထက် ကြိုတင်ထုတ်ပေးထားခြင်း၊ ရုံးခွဲများမှစာရင်းများ အချိန်မီ ပေးပို့မှုမရှိသဖြင့် ရုံးချုပ်စာရင်းတွင် ထည့်သွင်းဖော်ပြနိုင်မှုမရှိခြင်း၊ အကျိုးခံစားခွင့်စာရင်းများကို ခန့်မှန်းခြေဖြင့် ပေးပို့ခြင်း၊ ဘဏ္ဍာရေးနှစ်ကျော်လွန်မှ ပေးပို့ခြင်းများ နှင့် ရုံးချုပ်သို့ ပေးပို့သည့် လစဉ်အစီရင်ခံစာတွင် အသေးစိတ်စာရင်း ပေးပို့မှုမရှိခြင်း တို့ကိုတွေ့ရှိရသဖြင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှု၊ စာရင်းပြုစုထိန်းသိမ်းမှုနှင့် ကြီးကြပ်ဆောင်ရွက်မှု အားနည်းကြောင်း သုံးသပ်ပါသည်။

**CERP's Action Plan အရ ကြွေးမြီအသုံးစရိတ်များ**

၂၇။ CERP's Action Plan ပန်းတိုင် (၂) ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့်ဘဏ်လုပ်ငန်းကဏ္ဍများ ပိုမိုလွယ်ကူချောမွေ့စေခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍအပေါ် သက်ရောက်မှုများ လျော့နည်းစေခြင်း၊ လုပ်ငန်းစဉ်အမှတ် ၂.၁.၁ အတိုးနှုန်းသက်သာသည့် ချေးငွေထုတ်ချေးခြင်းတို့အရ ငွေတိုက်ဦးစီးဌာန ၏ နိုင်ငံတော်စာရင်းဖြစ်သည့် MD-012672 မှ ထုတ်ယူ၍ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှတစ်ဆင့် ထုတ်ချေးခဲ့သည့် ကြွေးမြီအသုံးစရိတ်များအခြေအနေကို အောက်ပါ ဇယား (၂) ဖြင့် ဖော်ပြပါသည် -

**ဇယား( ၂ )**

## CERP's Action Plan အရ ကြွေးမြီအသုံးစရိတ်များထုတ်ချေးမှုနှင့်လက်ကျန်အခြေအနေ

**(ကျပ်သန်း)**

| စဉ် | အကြောင်းအရာ | ထုတ်ချေးမည့်ငွေ | ၃၁-၃-၂၀၂၂ နေ့ထိ ထုတ်ချေးပြီးငွေ | ၃၁-၃-၂၀၂၂ နေ့ ထုတ်ချေးရန် ကျန်ငွေ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ Covid-19 Special Relief Loan အဖြစ် ထုတ်ချေးခြင်း | ၆၀၀,၀၀၀.၀၀၀ | ၄၈၄,၇၇၀.၃၀၀ | ၁၁၅,၂၂၉.၇၀၀ |
| ၂ | မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် | | | |
| | (က)ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့်သတင်းမီဒီယာများသို့ ထုတ်ချေးငွေ (OA-013614) | ၁၅,၀၀၀.၀၀၀ | ၇,၇၄၇.၅၀၀ | ၇,၂၅၂.၅၀၀ |
| | (ခ)လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့် ကုန်စုံဆိုင်များသို့ ထုတ်ချေးငွေ (OA-013487) | ၁၀၀,၀၀၀.၀၀၀ | ၆၅,၉၀၃.၀၀၀ | ၃၄,၀၉၇.၀၀၀ |
| | (ဂ)အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ထုတ်ချေးငွေ (OA-013498) | ၁၀၀,၀၀၀.၀၀၀ | ၁၃,၇၆၅.၀၀၀ | ၈၆,၂၃၅.၀၀၀ |
| | (ဃ)အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ထုတ်ချေးငွေ (အတိုးမဲ့ရွှေ့ဆိုင်းချေးငွေ) (OA-013647) | ၂၃၉,၉၁၇.၀၀၀ | ၂၅,၈၂၁.၀၀၀ | ၂၁၄,၀၉၆.၀၀၀ |
| | (င)နိုင်ငံပိုင် မြန်မာ့အမျိုးသားလေကြောင်း ကုမ္ပဏီလီမိတက် (MNA) သို့ ထုတ်ချေးခြင်း | | | |
| | ၁။ ကျပ်သန်း ၃၄၀၀၀.၀၀၀ နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၂၄ သန်း ထုတ်ချေးငွေ | ၃၄,၀၀၀.၀၀၀ | ၃၄,၀၀၀.၀၀၀ | - |
| | ၂။ ကျပ်သန်း ၅၃,၅၂၃.၀၀၀ နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၃၀ သန်း ထုတ်ချေးငွေ | ၅၃,၅၂၃.၀၀၀ | ၅၃,၅၂၃.၀၀၀ | - |
| ၃ | မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် ကုမ္ပဏီ/အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များသို့ ထုတ်ချေးခြင်း(OA-013379) | ၂၀၀,၀၀၀.၀၀၀ | ၁၈၀,၄၇၉.၈၀၀ | ၁၉,၅၂၀.၂၀၀ |

၂၈။ အထက်ပါဇယားအရ အောက်ပါတို့ကို ရှင်းလင်းဖော်ပြပါသည် -

(က) အမှတ်စဉ် (၁) မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အထွေထွေပိုလျှံရန်ပုံငွေ(GRF)မှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ စာရင်းရှင်စာရင်းအမှတ် OA-012704 သို့ လွှဲပြောင်းပေးငွေ ကျပ်သန်း ၆၀၀,၀၀၀ မှ တောင်သူများသို့ တစ်ဧကလျှင် ကျပ် ၅၀,၀၀၀ နှုန်း ၊ တစ်နှစ် အတိုးနှုန်း ၅ ရာခိုင်နှုန်း ဖြင့် ၃၁-၃-၂၀၂၂ နေ့ထိ ကျပ်သန်း ၄၈၄,၇၇၀.၃၀၀ ထုတ်ချေးခဲ့ပြီး ကျန်ငွေ ကျပ်သန်း ၁၁၅,၂၂၉.၇၀၀ အား ငွေတိုက် ဦးစီးဌာန၏ နိုင်ငံတော်စာရင်းအမှတ် MD-012672 သို့ ချက်အမှတ် D-778230 ဖြင့် ၄-၅-၂၀၂၁ နေ့တွင် ပြန်လည်အပ်နှံခဲ့ကြောင်း တွေ့ရှိရခြင်း၊

(ခ) အမှတ်စဉ် (၂) (က) ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် သတင်းမီဒီယာများသို့ ထုတ်ချေးမည့်ငွေကျပ်သန်း ၁၅,၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ်၏ စာရင်းရှင်စာရင်း အမှတ် OA-013614 မှ တစ်နှစ်လျှင် အတိုးနှုန်း ၁ ရာခိုင်နှုန်းဖြင့် ၃၁-၃-၂၀၂၂ နေ့ထိ ကျပ်သန်း ၇,၇၄၇.၅၀၀ ထုတ်ချေးခဲ့ပြီး လက်ကျန်ငွေ ၇,၂၅၂.၅၀၀ ကို ပြည်ထောင်စု ဝန်ကြီးရုံး၏ စာရင်းအမှတ် RF-010136 သို့ ပြန်လည်ပေးအပ်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၅,၃၈၅ ထပ်မံထုတ်ချေးခဲ့ပြီး ကျန်ငွေ ကျပ်သန်း ၁၈၆၇.၅၀၀ ကို ငွေတိုက်ဦးစီးဌာန၏ နိုင်ငံတော်စာရင်းဖြစ်သည့် MD-012672 သို့ ၂-၂-၂၀၂၃ ရက်နေ့တွင် စာရင်းလွှဲပြောင်းပေးခဲ့ကြောင်း တွေ့ရှိရခြင်း၊

(ဂ) အမှတ်စဉ်(၂) (ခ) မြန်မာ့စီးပွားရေးဘဏ်၏ စာရင်းရှင် စာရင်းအမှတ် OA-013487 မှတစ်ဆင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင် များသို့ တစ်နှစ်လျှင် အတိုးနှုန်း ၁ ရာခိုင်နှုန်းဖြင့် ထုတ်ချေးမည့် ချေးငွေ ကျပ်သန်း ၁၀၀,၀၀၀ တွင် ၃၁-၃-၂၀၂၂ နေ့ အထိ ကျပ်သန်း ၆၅,၉၀၃ ထုတ်ချေးခဲ့ပြီး လက်ကျန်ငွေ ကျပ်သန်း ၃၄,၀၉၇ ကျန်ရှိနေခြင်း၊

(ဃ) အမှတ်စဉ် (၂) (ဂ) မြန်မာ့စီးပွားရေးဘဏ်၊ စာရင်းရှင်စာရင်းအမှတ် OA-013498 မှ တစ်ဆင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ တစ်နှစ်လျှင် အတိုးနှုန်း ၉/ ၁၁.၅ ရာခိုင်နှုန်းဖြင့် ကာလတို ၃ နှစ် ထုတ်ချေးမည့်ချေးငွေ ကျပ်သန်း ၁၀၀,၀၀၀ မှ

၃၁-၃-၂၀၂၂ နေ့ထိ ကျပ်သန်း ၁၃,၇၆၅ ထုတ်ချေးခဲ့ပြီး လက်ကျန်ငွေ ကျပ်သန်း ၈၆,၂၃၅ ကျန်ရှိနေခြင်း၊

(င) အမှတ်စဉ် (၂) (ခ နှင့် ဂ) မြန်မာစီးပွားရေးဘဏ်မှတစ်ဆင့် ထုတ်ချေးငွေများမှ ၃၁-၃-၂၀၂၂ နေ့ထိ ထုတ်ချေးပြီးနောက် ကျန်ငွေ ကျပ်သန်း ၁၂၀,၃၃၂ ကို နိုင်ငံတော်စာရင်း MD-012672 သို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း တွေ့ရှိရခြင်း၊

(စ) အမှတ်စဉ် (၂) (ဃ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ (အတိုးမဲ့ရွှေ့ဆိုင်းချေးငွေ) ထုတ်ချေးရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အထွေထွေပိုလျှံရန်ပုံငွေ (GRF)မှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ကိုဗစ်-၁၉ ကိစ္စရပ်များအတွက် သုံးစွဲရန်လွှဲပြောင်းပေးထားသည့်ငွေရပ်မှ မြန်မာ့စီးပွားရေးဘဏ်၏ စာရင်းရှင်စာရင်းအမှတ် OA-013647 သို့ ၁၆-၁၁-၂၀၂၀ နေ့တွင် ကျပ်သန်း ၂၃၉,၉၁၇ လွှဲပြောင်းပေးခဲ့ပြီး အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း များသို့ ကာလတို (၁) နှစ် အတိုးမဲ့ရွှေ့ဆိုင်းချေးငွေ ကို ၃၁-၃-၂၀၂၂ နေ့ထိ ကျပ်သန်း ၂၅,၈၂၁ ထုတ်ချေးခဲ့ပြီး လက်ကျန်ငွေ ကျပ်သန်း ၂၁၄,၀၉၆ အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေစာရင်း OA-011834 သို့ ၂၂-၁၀-၂၀၂၁ နေ့တွင် ပြန်လည်အပ်နှံခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ချက်လက်မှတ်အမှတ် G-089156 ဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသည့် "ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေ" ငွေစာရင်းအမှတ် OA-013830 သို့ ၂၅-၁၀-၂၀၂၁ နေ့တွင် လွှဲပြောင်းထည့်သွင်းပေးထားကြောင်း တွေ့ရှိရခြင်း၊

(ဆ) အမှတ်စဉ်(၂) (င-၁) မြန်မာအမျိုးသားလေကြောင်းကုမ္ပဏီလီမိတက်အား နိုင်ငံတော်မှ ကျပ်သန်း ၃၄,၀၀၀ နှင့် ညီမျှသော အမေရိကန်ဒေါ်လာ ၂၄ သန်း ထုတ်ချေးရန် ယခင်ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၈-၆-၂၀၂၀ ရက်စွဲပါစာအရ ခွင့်ပြုချက်ရရှိခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်၊နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် မြန်မာအမျိုးသားလေကြောင်းကုမ္ပဏီလီမိတက်၏ စာရင်းရှင်အမှတ် OA-013454 သို့ လွှဲပြောင်းပေးပြီးဖြစ်ခြင်း၊

(ဇ) အမှတ်စဉ်(၂) (င-၂) မြန်မာ့အမျိုးသားလေကြောင်း ကုမ္ပဏီလီမိတက်သို့ ကျပ်သန်း ၅၃,၅၂၃ နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၃၀ သန်း ထုတ်ချေးငွေမှာ ပြည်ထောင်စု

အစိုးရအဖွဲ့ရုံး၏ ၁၈-၁၁-၂၀၂၁ ရက်စွဲပါစာအမှတ် ၊ ၅၈၉/၁၁၅-ကတ၂-၁/ပထဖ (၃/၂၀၂၁) ဖြင့် ခွင့်ပြုချက်အရ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသည့် "ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေ" ငွေစာရင်းအမှတ်OA-013830 မှ ထုတ်ချေးခဲ့ခြင်း၊

(ဈ) အမှတ်စဉ်(၃) မှာ ကိုဗစ်-၁၉ ကြောင့် အခက်အခဲကြုံတွေ့နေသည့် ကုန်ကြမ်းပေး၊ ကုန်ချောယူ လက်ခစားစနစ် (CMP) ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းရှင်များသို့ အထွေထွေပိုလျှံရန်ပုံငွေ (GRF) မှ ကျပ်သန်း ၁၅၀,၀၀၀ နှင့် နိုင်ငံတော်၏ လည့်ပတ်ရန်ပုံငွေ (RF) မှ ကျပ်သန်း ၅၀,၀၀၀ စုစုပေါင်း ကျပ်သန်း ၂၀၀,၀၀၀ ဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင်COVID-19 Fund အမည်ဖြင့် ဖွင့်လှစ်ထားသည့် စာရင်းရှင်စာရင်းအမှတ် OA-013379 မှ ၃၁-၃-၂၀၂၂ နေ့ထိ ကျပ်သန်း ၁၈၀,၄၇၉.၈၀၀ ထုတ်ချေးခဲ့ပြီး လက်ကျန်ငွေ ကျပ်သန်း ၁၉,၅၂၀.၂၀၀ ကျန်ရှိနေခြင်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၁၅,၅၉၄ ကို ထပ်မံထုတ်ချေးခဲ့ပြီး ကျန်ငွေ ကျပ်သန်း ၃,၉၂၆.၂၀၀ ကို ပြည်ထောင်စုဝန်ကြီးရုံး၏ စာရင်းအမှတ် RF-010136 သို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း တင်ပြချက်အရ တွေ့ရှိရခြင်း။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ Covid-19 Special Relief Loan (အထူးချေးငွေ)**

၂၉။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မှတစ်ဆင့် တောင်သူများသို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ကျပ်သန်း ၄၈၄,၇၇၀.၃၀၀ ထုတ်ချေးခဲ့ပြီး ၃၁-၃-၂၀၂၃ နေ့တွင် တောင်သူများမှ အရင်း ကျပ်သန်း ၃၂၄,၆၈၇.၃၄၄ နှင့် အတိုးများပြန်လည် ပေးဆပ်ရန်ကျန်ရှိနေပြီး ကိုဗစ်-၁၉ ချေးငွေအပေါ် အရင်း၊ အတိုးပေးဆပ်မှုနှင့် ပေးဆပ်ရန် ကျန်ရှိမှု နှင့်စပ်လျဉ်း၍ **ချင်းပြည်နယ်မှအပ** နေပြည်တော်နှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ် (၁၃) ခုမှ ၎င်းတို့စစ်ဆေးနိုင်သည့် အတိုင်းအတာအရ ပေးပို့လာသော အစီရင်ခံစာများပါ စစ်ဆေးတွေ့ရှိချက်များကို အောက်တွင် ဖော်ပြပါသည် -

(က) နေပြည်တော်အတွင်း ထုတ်ချေးခဲ့သော ချေးငွေများအပေါ် ၃၁-၃-၂၀၂၃ နေ့အထိ ပေးဆပ်ရန်ကျန်ငွေ ကျပ်သန်း ၁၅၃.၀၅၀ မှာ ပျဉ်းမနားမြို့နယ်မှ ကျပ်သန်း ၁၃.၇၁၀ ၊ လယ်ဝေးမြို့နယ်မှ ကျပ်သန်း ၁၂၄.၇၇၀ နှင့် တပ်ကုန်းမြို့နယ်မှ ကျပ်သန်း ၁၄.၅၇၀

ဖြစ်ပါသည်။ စစ်ဆေးချိန် ၃၁-၈-၂၀၂၃ ရက်နေ့အထိတွင် ပျဉ်းမနားမြို့နယ်မှ ကျပ်သန်း ၁၃.၇၁၀ အား ပြေကြေစွာ ကောက်ခံရပြီးဖြစ်ခြင်း၊ လယ်ဝေးမြို့နယ်မှ ကျပ်သန်း ၇၄.၄၇၀ ပေးဆပ်ခဲ့ပြီး တောင်သူ (၁၆၉)ဦးမှ ပေးဆပ်ရန် ကျပ်သန်း ၅၀.၃၀၀ ကျန်ရှိနေ ခြင်းနှင့် တပ်ကုန်းမြို့နယ်မှ ကျပ်သန်း ၁၁.၇၇၀ ပေးဆပ်ခဲ့ပြီး တောင်သူ(၁၃)ဦးမှ ပေးဆပ်ရန် ကျပ်သန်း ၂.၈၀၀ ကျန်ရှိနေသဖြင့် စုစုပေါင်း ပေးဆပ်ရန် ချေးငွေ ကျပ်သန်း ၅၃.၁၀၀ ကျန်ရှိကြောင်း တွေ့ရှိရခြင်း၊

(ခ) ကချင်ပြည်နယ်အတွင်း ထုတ်ချေးခဲ့သောချေးငွေများမှ ၃၁-၃-၂၀၂၃ နေ့ ကျန်ငွေ ကျပ်သန်း ၃,၂၅၅.၀၀၀ အနက် စစ်ဆေးချိန် ၃၀-၉-၂၀၂၃ နေ့ထိ ကျပ်သန်း ၈၀၉.၈၀၀ ပြန်လည်ပေးဆပ်ခဲ့၍ မိုးညှင်း၊ မိုးကောင်း၊ဖားကန့်၊ တနိုင်း၊ ရွှေကူမြို့နယ်ဘဏ်ခွဲများမှ ကျပ်သန်း ၂၄၄၅.၂၀၀ ပေးဆပ်ရန်ကျန်ရှိနေကြောင်း တွေ့ရှိရခြင်း၊

(ဂ) ကယားပြည်နယ်အတွင်း ထုတ်ချေးခဲ့သော ချေးငွေများမှ ၃၁-၃-၂၀၂၃နေ့ ကျန်ငွေ ကျပ်သန်း ၁၄.၄၅၀ အနက် စစ်ဆေးချိန် ၁၅-၈-၂၀၂၃ နေ့ထိ ကျပ်သန်း ၀.၉၅၀ ပြန်လည်ပေးဆပ်ခဲ့ပြီးဖြစ်သဖြင့် လွိုင်ကော်၊ ဒီးမော့ဆို၊ ဘောလခဲနှင့် ဖားဆောင်းမြို့နယ်ဘဏ်ခွဲ များမှ ကျပ်သန်း ၁၃.၅၀၀ ပေးဆပ်ရန်ကျန်ရှိကြောင်း တွေ့ရှိရခြင်း၊

(ဃ) ကရင်ပြည်နယ်အတွင်း ထုတ်ချေးခဲ့သော ချေးငွေများမှ ၃၁-၃-၂၀၂၃နေ့ ကျန်ငွေ ကျပ်သန်း ၇၄.၇၀၀ အနက် စစ်ဆေးချိန် ၃၁-၈-၂၀၂၃ နေ့ထိ ကျပ်သန်း ၃.၈၅၀ ပြန်လည် ပေးဆပ်ခဲ ပြီးဖြစ်သဖြင့် ဘားအံ၊ သံတောင်ကြီး၊ ဖာပွန်၊ ကော့ကရိတ် မြို့နယ်ဘဏ်ခွဲတို့မှ ကျပ်သန်း ၇၀.၈၅၀ ပေးဆပ်ရန် ကျန်ရှိကြောင်း တွေ့ရှိရခြင်း၊

(င) စစ်ကိုင်းတိုင်းဒေသကြီးအတွင်းထုတ်ချေးခဲ့သော ချေးငွေများမှ ၃၁-၃-၂၀၂၃ နေ့ ကျန်ငွေ ကျပ်သန်း ၈၄,၉၁၂.၁၂၅ အနက် စစ်ဆေးချိန် ၃၁-၇-၂၀၂၃ နေ့ထိ ခရိုင်/ မြို့နယ်ဘဏ်ခွဲ (၃၄)ခုလုံးမှကျပ်သန်း ၂၈၃.၅၀၀ပြန်လည် ပေးဆပ်ခဲ့သဖြင့် ပေးဆပ်ရန် ကျပ်သန်း ၈၄,၆၂၈.၆၂၅ ကျန်ရှိ ကြောင်းတွေ့ရှိရခြင်း၊

(စ) စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ထုတ်ချေးခဲ့သော ချေးငွေများအပေါ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာအုပ်စု(၂၃) အုပ်စုမှအရင်းနှင့် အတိုး ပေးဆပ်မှုများအား ပြန်လည်တွက်ချက်စစ်ဆေးရာ ကျေးရွာအုပ်စု(၅)အုပ်စုမှ အတိုးငွေကျပ်

၅၁၀၄.၁၇ အား လျော့နည်းပေးသွင်းထားပြီး ၂၃-၈-၂၀၂၃ ရက်စွဲပါ ချလန်အမှတ်-၄၅ ဖြင့် ပြန်လည်ပေးသွင်းပြီးဖြစ်ခြင်း၊

(ဆ) တနင်္သာရီတိုင်းဒေသကြီးအတွင်း ထုတ်ချေးခဲ့သောချေးငွေများမှ စစ်ဆေးသည့် ၃၁-၃-၂၀၂၃ နေ့ထိ ခရိုင်/ မြို့နယ်ဘဏ်ခွဲ (၆) ခုလုံးမှ ပေးဆပ်ရန်ချေးငွေ ကျပ်သန်း ၁,၃၉၃.၄၅၀ ကျန်ရှိကြောင်း တွေ့ရှိရခြင်း၊

(ဇ) ပဲခူးတိုင်းဒေသကြီးအတွင်း ထုတ်ချေးခဲ့သော ချေးငွေများမှ ၃၁-၃-၂၀၂၃ နေ့ ကျန်ငွေ ကျပ်သန်း ၅၀,၃၁၆.၂၅၉ အနက် စစ်ဆေးချိန် ၃၁-၇-၂၀၂၃ နေ့ထိတွင် ကျပ်သန်း ၁၉,၆၁၃.၂၅၇ အား ပြန်လည် ပေးဆပ်ခဲ့သဖြင့် ခရိုင်/ မြို့နယ်ဘဏ်ခွဲ (၂၈)ခုလုံးမှ ပေးဆပ်ရန် ကျပ်သန်း ၃၀,၇၀၃.၀၀၂ ကျန်ရှိကြောင်း တွေ့ရှိရခြင်း၊

(ဈ) ပဲခူးတိုင်းဒေသကြီးအတွင်း ထုတ်ချေးခဲ့သောချေးငွေများအပေါ် အတိုးတွက်ချက်မှုများယွင်း၍ ကဝမြို့နယ်မှ ကျပ် ၁,၅၆၂.၅၀၊ ညောင်လေးပင်မြို့နယ်မှ ကျပ် ၅,၆၂၃၊ ကျောက်တံခါးမြို့နယ်မှ ကျပ် ၈,၄၃၈ လျော့နည်းကောက်ခံခဲ့သဖြင့် လျော့နည်း ကောက်ခံငွေများအား ကဝမြို့နယ်မှ ချလန်အမှတ်-၂၁/၁၈-၄-၂၀၂၃ ဖြင့် စာရင်းအမှတ် MADB(22) သို့လည်းကောင်း၊ ညောင်လေးပင်မြို့နယ်မှ ချလန်အမှတ်-၁၀၈/၂၈-၈-၂၀၂၃ဖြင့် လည်းကောင်း၊ ကျောက်တံခါးမြို့နယ်မှ ချလန်အမှတ်-၈၇/၂၈-၈-၂၀၂၃ ဖြင့် မြန်မာ့စီးပွားရေးဘဏ် M-126 Current A/C သို့လည်းကောင်း ပြန်လည်ပေးသွင်းပြီး ဖြစ်ခြင်း၊

(ည) မကွေးတိုင်းဒေသကြီးအတွင်း ထုတ်ချေးခဲ့သော ချေးငွေများမှ မင်းတုန်းမြို့နယ်မှ အပြေအကြေပေးဆပ်ပြီးဖြစ်ခြင်းနှင့် စစ်ဆေးသည့် ၃၁-၃-၂၀၂၃ နေ့ထိ ခရိုင်/မြို့နယ် ဘဏ်ခွဲ (၂၅) ခုတို့မှ ပေးဆပ်ရန် ချေးငွေ ကျပ်သန်း ၄၀,၇၇၂.၁၆၀ ကျန်ရှိကြောင်း တွေ့ရှိရခြင်း၊

(ဋ) မကွေးတိုင်းဒေသကြီးအတွင်း ထုတ်ချေးခဲ့သော ချေးငွေများအပေါ် ၂၀၂၂-၀၂၃ ဘဏ္ဍာနှစ်အတွင်း ချေးငွေပေးဆပ်မှုများမှ တောင်တွင်းကြီးမြို့နယ် ကျေးရွာ(၈)အုပ်စုနှင့် မင်းဘူးမြို့နယ်မှ ကျေးရွာ(၂၀)အုပ်စုအတွင်း အတိုးတွက်ချက်မှုများအား ကောက်နုတ်စစ်ဆေးရာ တောင်တွင်းကြီးမြို့နယ်တွင် တောင်သူ(၅)ဦးထံမှ အတိုးငွေ ကျပ် ၆၂၄ လျော့နည်းကောက်ခံထားခြင်း၊ တောင်သူ (၇) ဦးထံမှ ကျပ် ၁၃၁၀၃ ပိုမိုကောက်ခံထားခြင်းနှင့် မင်းဘူးမြို့နယ်တွင် အတိုးကျပ် ၅၈၃၃.၄၀ လျော့နည်းကောက်ခံထားခြင်းတို့ကို တွေ့ရှိ ရပြီး တောင်တွင်းကြီးမြို့နယ်မှ လျော့နည်းကောက်ခံငွေကျပ် ၆၂၄ အား ၁၁-၈-၂၀၂၃ ရက်စွဲပါ

ချလန်အမှတ် (၂၆) ဖြင့် စာရင်းအမှတ် CF-002312 သို့ လည်းကောင်း ၊ မင်းဘူး မြို့နယ် အတိုးလျော့နည်းကောက်ခံငွေကျပ် ၅၈၃၃.၄၀ အား ၅-၉-၂၀၂၃ ရက်စွဲပါ ချလန်-၆၄ ဖြင့် ဌာနငွေထုတ်စာရင်းအမှတ်၊ CF-003700 သို့လည်းကောင်း ပြန်လည်ပေးသွင်းထားပြီး ဖြစ်ခြင်း၊

(ဌ) မန္တလေးတိုင်းဒေသကြီးအတွင်း ထုတ်ချေးခဲ့သော ချေးငွေများမှ အမရပူရနှင့် ပြင်ဦးလွင် မြို့နယ်ဘဏ်ခွဲတို့မှာ အပြေအကြေပေးဆပ်ပြီးဖြစ်ခြင်းနှင့်ပေးဆပ်ရန်ကျန်ခရိုင်/မြို့နယ် ဘဏ်ခွဲ(၂၁)ခုတို့မှ ၃၁-၃-၂၀၂၃ နေ့ထိ ပေးဆပ်ရန်ချေးငွေ ကျပ်သန်း ၄၃,၆၆၂.၃၀၀ ကျန်ရှိကြောင်းတွေ့ရှိရခြင်း၊

(ဍ) မွန်ပြည်နယ်အတွင်း ထုတ်ချေးခဲ့သော ချေးငွေများမှ ၃၁-၃-၂၀၂၃ နေ့ ကျန်ငွေ ကျပ်သန်း ၁,၆၂၈.၁၀၀ အနက် ကျပ်သန်း ၃၈၀.၇၀၀ အား ပြန်လည်ပေးဆပ်ခဲ့သဖြင့် စစ်ဆေးချိန် ၃၁-၈-၂၀၂၃ နေ့တွင် သထုံ၊ ပေါင်၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်ဘဏ်ခွဲတို့မှ ပေးဆပ်ရန် ချေးငွေ ကျပ်သန်း ၁,၂၄၇.၄၀၀ ကျန်ရှိကြောင်း တွေ့ရှိရခြင်း၊

(ဎ) မွန်ပြည်နယ်အတွင်း ထုတ်ချေးခဲ့သော ချေးငွေများအပေါ် ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် အတွက် အတိုးရငွေပေးသွင်းမှုများကို ကောက်နှုတ်စစ်ဆေးရာ လမိုင်းကျေးရွာအုပ်စုမှ တောင်သူ(၁)ဦး၏ အတိုးတွက်ချက်မှုမှားယွင်းသဖြင့် အတိုးကျပ် ၁၄၅၈.၃၃ လျော့နည်း ကောက်ခံထားပြီး ၁၀-၅-၂၀၂၁ ရက်စွဲပါချလန်-၆ ဖြင့် စာရင်းအမှတ် CM-00066 သို့ ပေးသွင်းပြီးဖြစ်ခြင်း၊

(ဏ) ရခိုင်ပြည်နယ်အတွင်း ထုတ်ချေးခဲ့သော ချေးငွေများမှ စစ်ဆေးသည့် ၃၁-၃-၂၀၂၃ နေ့ထိ ခရိုင်/ မြို့နယ်ဘဏ်ခွဲ(၁၇)ခုလုံးမှ ပေးဆပ်ရန် ချေးငွေကျပ်သန်း ၁၅,၀၆၂.၆၆၀ ကျန်ရှိ ကြောင်း တွေ့ရှိရခြင်း၊

(တ) ရခိုင်ပြည်နယ်အတွင်း ထုတ်ချေးခဲ့သော ချေးငွေများအပေါ် စစ်တွေခရိုင်ဘဏ်ခွဲနှင့် မြောက်ဦးခရိုင်ဘဏ်ခွဲ(၂)ခု၏ အတိုးတွက်ချက်မှုအား ရွေးချယ်စစ်ဆေးရာ စစ်တွေခရိုင် ဘဏ်ခွဲတွင် တောင်သူ(၁)ဦးထံမှ အတိုး ကျပ် ၂၅,၀၀၀ နှင့် မြောက်ဦးခရိုင်ဘဏ်ခွဲတွင် တောင်သူ(၄)ဦးထံမှ အတိုးကျပ် ၇၉,၉၈၉ လျော့နည်းကောက်ခံထားပြီး လျော့နည်း ကောက်ခံငွေများအား စစ်တွေခရိုင်ဘဏ်ခွဲမှ ၁၈-၉-၂၀၂၃ ရက်စွဲပါ ချလန်-၂၃ ဖြင့်

စာရင်းအမှတ်၊ CF-008793သို့ ပြန်လည်ကောက်ခံပေးသွင်းထားပြီး မြောက်ဦးခရိုင် ဘဏ်ခွဲမှ ပြန်လည်ကောက်ခံပေးသွင်းထားမှုမရှိသေးခြင်း၊

(ထ) ရန်ကုန်တိုင်းဒေသကြီးအတွင်း ထုတ်ချေးခဲ့သော ချေးငွေများမှ အင်းစိန်ခရိုင် ဘဏ်ခွဲမှ အပြေအကြေပေးဆပ်ထားပြီး ၃၁-၃-၂၀၂၃ နေ့ ကျန်ငွေ ကျပ်သန်း ၁၈,၃၄၀.၀၉၀ မှ စစ်ဆေးသည့် ၃၁-၅-၂၀၂၃ နေ့ထိ ကျန် ခရိုင်/မြို့နယ် ဘဏ်ခွဲ(၁၁)ခုတို့မှ ကျပ်သန်း ၂,၂၅၃.၃၄၃ ပေးဆပ်ခဲ့သဖြင့် ပေးဆပ်ရန် ကျပ်သန်း ၁၆,၀၈၆.၇၄၇ ကျန်ရှိကြောင်း တွေ့ရှိရခြင်း၊

(ဒ) ရန်ကုန်တိုင်းဒေသကြီးအတွင်း ထုတ်ချေးမှုအပေါ် အတိုးတွက်ချက်မှုနှင့်စပ်လျဉ်း၍ ချေးငွေကာလ တွက်ချက်မှုမှားယွင်းသဖြင့် သန်လျင်ခရိုင်ဘဏ်ခွဲတွင် အတိုး ကျပ် ၂,၇၀၈ ၊ ခရမ်းမြို့နယ်ဘဏ်ခွဲတွင် အတိုး ကျပ် ၅၄,၂၇၀ နှင့် ဒဏ်တိုးလိုငွေကျပ် ၈၇၅ လျော့နည်းကောက်ခံထားကြောင်းတွေ့ရှိရခြင်းနှင့် လျော့နည်းကောက်ခံငွေများအား သန်လျင်ခရိုင်ဘဏ်ခွဲမှ ၁၉-၉-၂၀၂၃ ရက်စွဲပါ ချလန်အမှတ် (၉၃) ဖြင့် စာရင်းရှင်အမှတ် CF-002676 သို့လည်းကောင်း၊ ခရမ်းမြို့နယ်ဘဏ်ခွဲမှ ၁၈-၉-၂၀၂၃၊ ၂၀-၉-၂၀၂၃၊ ၂၁-၉-၂၀၂၃ နေ့တို့တွင် ငွေသွင်းလွှာအမှတ် ၁၀/၁၁/၁၂/၁၃ ဖြင့် စာရင်းရှင်အမှတ် M-93 သို့လည်းကောင်း ပြန်လည်ပေးသွင်းပြီးဖြစ်ခြင်း၊

(ဓ) ရှမ်းပြည်နယ်အတွင်း ထုတ်ချေးခဲ့သော ချေးငွေများမှ ၃၁-၃-၂၀၂၃ နေ့ ကျန်ငွေ ကျပ်သန်း ၁၂၀.၆၅၀ အနက် စစ်ဆေးချိန် ၃၁-၇-၂၀၂၃ နေ့ထိ တွင် ကျပ်သန်း ၂.၆၀၀ ပေးဆပ်ခဲ့သဖြင့် ကလော၊မိုးမိတ်၊ညောင်ရွှေဘဏ်ခွဲတို့မှ ပေးဆပ်ရန် ချေးငွေ ကျပ်သန်း ၁၁၈.၀၅၀ ကျန်ရှိကြောင်း တွေ့ရှိရခြင်း၊

(န) ဧရာဝတီတိုင်းဒေသကြီးအတွင်းထုတ်ချေးခဲ့သော ချေးငွေများမှ ၃၁-၃-၂၀၂၃ နေ့ ကျန်ငွေ ကျပ်သန်း ၆၄,၇၂၉.၁၀၀ အနက် စစ်ဆေးချိန် ၃၀-၉-၂၀၂၃ နေ့ထိတွင် ကျပ်သန်း ၂၀,၂၇၈.၆၂၀ အား ပေးဆပ်ခဲ့သဖြင့် ခရိုင်/မြို့နယ်ဘဏ်ခွဲ (၂၆) ခုမှ ပေးဆပ်ရန် ကျန်ငွေ ကျပ်သန်း ၄၄,၄၅၀.၄၈၀ ကျန်ရှိကြောင်း တွေ့ရှိရခြင်း၊

(ပ) ပေးဆပ်ရန် ကျန်ရှိသည့် ချေးငွေများမှာ ချေးငွေသက်တမ်းတိုးရန် ခွင့်ပြုချက်များအရ ၃၀-၉-၂၀၂၂ နေ့တွင် သက်တမ်းစေ့ရောက်ပြီး ဖြစ်သော်လည်း ၃၁-၃-၂၀၂၃ ရက်နေ့အထိ ပေးဆပ်နိုင်မှု မရှိသည့် ကြွေးကျန်များ ဖြစ်ကြောင်း တွေ့ရှိရခြင်း။

(ဖ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် (၁၄)ခု၏ ကိုဗစ်-၁၉ ထုတ်ချေးငွေ၊ပေးဆပ်ငွေ(အရင်း၊အတိုး၊ဒဏ်တိုး)များကို သက်ဆိုင်ရာ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် (၁၄)ခုမှ ပေးပို့တင်ပြလာသော အစီရင်ခံစာများဖြင့်စိစစ်ရာ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊မြို့နယ် ဘဏ်ခွဲများ၏ စာရင်းများကွာခြားခြင်း၊ လချုပ်၊ နှစ်ချုပ်စာရင်းများပေးပို့ရာတွင် ရရန်ရှိအတိုးငွေများ ပါဝင်နေခြင်း၊ အတိုး၊ဒဏ်တိုးများ ပိုမိုဖော်ပြခြင်းနှင့် ကျန်ခဲ့ခြင်း၊ကျပ်သန်း ဂဏန်း ဒသမ ဖြတ်ယူရာတွင် မှားယွင်းခြင်း၊ စာရင်းရေးသွင်းမှု မှားယွင်းခြင်း တို့ကြောင့် ကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ခြင်းကို ဇယား (၃) ဖြင့် တွေ့ရှိရခြင်း -

**ဇယား( ၃ )**

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ၃၁-၃-၂၀၂၃ နေ့အထိ ရရှိသည့် အတိုး၊ ဒဏ်တိုးများ ကွဲလွဲမှုအခြေအနေ**

**(ကျပ်သန်း)**

| စဉ် | တိုင်း / ပြည်နယ် | ရုံးချုပ်၏စာရင်းအရ | | | တိုင်း/ပြည်နယ်စာရင်းအရ | | | ကွဲလွဲမှု | | |
|---|---|---|---|---|---|---|---|---|---|---|
| | | အတိုး | ဒဏ်တိုး | ပေါင်း | အတိုး | ဒဏ်တိုး | ပေါင်း | အတိုး | ဒဏ်တိုး | ပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | နေပြည်တော် | ၅၈၁.၄၁၅ | ၁၄.၄၈၁ | ၅၉၅.၈၉၆ | ၅၈၁.၄၁၁ | ၁၄.၄၆၈ | ၅၉၅.၈၇၉ | ၀.၀၀၄ | ၀.၀၁၃ | ၀.၀၁၇ |
| ၂ | ကရင် | ၄၁.၀၈၁ | ၀.၆၃၇ | ၄၁.၇၁၈ | ၄၁.၀၈၁ | ၀.၆၃၂ | ၄၁.၇၁၃ | - | ၀.၀၀၅ | ၀.၀၀၅ |
| ၃ | စစ်ကိုင်း | ၂၉၁.၂၂၆ | ၁၂.၃၇၂ | ၃၀၃.၅၉၈ | ၃၀၅.၃၂၃ | ၁၂.၃၅၇ | ၃၁၇.၆၈၀ | (-)၁၄.၀၉၇ | ၀.၀၁၅ | (-)၁၄.၀၈၂ |
| ၄ | တနင်္သာရီ | ၂၀၆.၆၇၁ | ၇.၀၃၁ | ၂၁၃.၇၀၂ | ၂၀၆.၆၇၂ | ၇.၀၂၉ | ၂၁၃.၇၀၁ | (-)၀.၀၀၁ | ၀.၀၀၂ | ၀.၀၀၁ |
| ၅ | ပဲခူး | ၄,၂၄၉.၁၅၉ | ၄၈၈.၂၃၄ | ၄,၇၃၇.၃၉၃ | ၄,၁၈၃.၅၂၉ | ၄၇၇.၈၅၈ | ၄,၆၆၁.၃၈၇ | ၆၅.၆၃၀ | ၁၀.၃၇၆ | ၇၆.၀၀၆ |
| ၆ | မကွေး | ၁,၃၃၃.၉၃၁ | ၉၈.၇၃၆ | ၁,၄၃၂.၆၆၇ | ၁,၉၃၀.၀၆၇ | ၉၈.၇၄၁ | ၂,၀၂၈.၈၀၈ | (-)၅၉၆.၁၃၆ | (-)၀.၀၀၅ | (-)၅၉၆.၁၄၁ |
| ၇ | မန္တလေး | ၁,၄၃၂.၈၄၂ | ၅၁.၀၇၀ | ၁,၄၈၃.၉၁၂ | ၁,၉၂၀.၁၄၁ | - | ၁,၉၂၀.၁၄၁ | (-)၄၈၇.၂၉၉ | ၅၁.၀၇၀ | (-)၄၃၆.၂၂၉ |
| ၈ | မွန် | ၆၅၆.၅၀၃ | ၃၃.၉၀၃ | ၆၉၀.၄၀၆ | ၆၅၉.၂၅၀ | ၃၁.၁၆၁ | ၆၉၀.၄၁၁ | (-)၂.၇၄၇ | ၂.၇၄၂ | (-)၀.၀၀၅ |
| ၉ | ရခိုင် | ၂၉၇.၁၃၆ | ၁၈.၇၄၅ | ၃၁၅.၈၈၁ | ၃၆၄.၄၇၉ | ၁၈.၇၄၅ | ၃၈၃.၂၂၄ | (-)၆၇.၃၄၃ | - | (-)၆၇.၃၄၃ |
| ၁၀ | ရှမ်း | ၂၄၄.၉၉၂ | ၁.၂၁၀ | ၂၄၆.၂၀၂ | ၂၄၄.၉၂၄ | - | ၂၄၄.၉၂၄ | ၀.၀၆၈ | ၁.၂၁၀ | ၁.၂၇၈ |
| ၁၁ | ဧရာဝတီ | ၂,၇၄၁.၅၁၆ | ၂၆၁.၃၇၁ | ၃,၀၀၂.၈၈၇ | ၂,၉၁၄.၀၅၃ | ၂၆၁.၉၆၄ | ၃,၁၇၆.၀၁၇ | (-)၁၇၂.၅၃၇ | (-)၀.၅၉၃ | (-)၁၇၃.၁၃၀ |

၃၀။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများသို့ ထုတ်ချေးထားသည့် ချေးငွေအရင်းများ ပြည့်ဝစွာ ပြန်လည်ရရှိစေရေး၊ သတ်မှတ်အတိုးများ၊ ဒဏ်ကြေးများကောက်ခံရရှိစေရေး၊ လျော့နည်းကောက်ခံမှုမဖြစ်ပေါ်စေရေး ၊ လျော့နည်းကောက်ခံရငွေများ ပြန်လည်ကောက်ခံပေးသွင်းစေရေး၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊မြို့နယ် ဘဏ်ခွဲများ၏ စာရင်းများ ကွဲလွဲမှု မရှိစေရေး ၊ လချုပ်၊ နှစ်ချုပ်စာရင်းများ ပေးပို့ရာတွင် ကိန်းဂဏန်း မှန်ကန်မှုရှိစေရေး စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း သုံးသပ်အကြံပြုပါသည်။

**ရုပ်ရှင် ၊ ဂီတ ၊ သဘင် ၊ စာနယ်ဇင်းနှင့် မီဒီယာများသို့ ထုတ်ချေးငွေ**

၃၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် သတင်းမီဒီယာ လုပ်ငန်းရှင် (၉၉) ဦးသို့ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လအတွင်း ကျပ်သန်း ၇,၇၄၇.၅၀၀ ထုတ်ချေးခဲ့ပြီး ၃၁-၃-၂၀၂၃ နေ့တွင် (၉၇) ဦး မှ အရင်း ကျပ်သန်း ၇၆၃၈.၇၀၀ ပေးဆပ်ရန် ကျန်ရှိနေပြီး ချေးငွေအပေါ် အရင်း၊ အတိုး ပေးဆပ်မှုနှင့် ပေးဆပ်ရန်ကျန်ရှိမှု နှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များကို အောက်တွင် ဖော်ပြပါသည်-

(က) မန္တလေးတိုင်းဒေသကြီးတွင် ထုတ်ချေးခဲ့သည့် ချေးငွေများအတွက် အတိုးများ ပေးသွင်းထားကြောင်း တွေ့ရှိရပါသည်။ ထုတ်ချေးခဲ့သည့် ချေးငွေများနှင့် အတိုး ပေးသွင်းမှုများနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးချက်အရ မန္တလေးတိုင်းဘဏ်ခွဲမှ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) သို့ တင်ပြသည့် ချေးငွေထုတ်ချေးပြီးကြောင်း အစီရင်ခံစာ ၊ အတိုးပေးသွင်းသည့် အထောက်အထားများအရ အတိုးပေးသွင်းမှုနှင့် မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ်မှ တင်ပြသည့် အတိုး ပေးသွင်းမှုစာရင်းတို့ အောက်ပါအတိုင်း ကွဲလွဲနေကြောင်း တွေ့ရှိရခြင်း -

| စဉ် | အကြောင်းအရာ | စစ်ဆေးတွေ့ရှိချက်အရ | | ရုံးချုပ်စာရင်း | | ကွာခြား | |
|---|---|---|---|---|---|---|---|
| | | ဦးရေ | ကျပ်သန်း | ဦးရေ | ကျပ်သန်း | ဦးရေ | ကျပ်သန်း |
| ၁။ | ထုတ်ချေးငွေ | ၈ | ၁၄၀.၀၀၀ | ၅ | ၇၅.၀၀၀ | ၃ | ၆၅.၀၀၀ |
| ၂။ | ၃၁-၃-၂၀၂၄ အထိ ပေးဆပ်ငွေ | - | - | - | - | - | - |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃။ | ၃၁-၃-၂၀၂၄ အထိပေးဆပ်ရန် ကျန် | ၈ | ၁၄၀.၀၀၀ | ၅ | ၇၅.၀၀၀ | ၃ | ၆၅.၀၀၀ |
| ၄။ | အတိုးရငွေ | ၈ | ၁.၄၀၀ | - | - | ၈ | ၁.၄၀၀ |

(ခ) ရန်ကုန်တိုင်းဒေသကြီးမှ ထုတ်ချေးသူ (၈၈) ဦးတွင် ၃၁-၃-၂၀၂၃ နေ့ထိ လုပ်ငန်းရှင် (၂) ဦးမှ ကျပ်သန်း ၁၀၈.၈၀၀ အား အကြေပေးဆပ်ခဲ့ပြီး ယင်း (၂) ဦးမှာ ထပ်မံ ချေးယူမှုမရှိသဖြင့် ၃၁-၃-၂၀၂၃ နေ့တွင် ပေးဆပ်ရန် (၈၆) ဦး ကျပ်သန်း ၇,၄၄၈.၇၀၀ ကျန်ရှိနေကြောင်း တွေ့ရှိရခြင်း၊

(ဂ) ရန်ကုန်တိုင်းမှ ထုတ်ချေးငွေများအနက် ဘဏ်ခွဲ-၁ တွင် ၂၀၂၁-၂၀၂၂ (Mini) ကာလ အတွင်း လုပ်ငန်းရှင် (၃၁) ဦးသို့ ကျပ်သန်း ၃,၀၄၀ ထုတ်ချေးခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်း (၂၅) ခုမှာ ပထမအကြိမ်အတိုး ကျပ်သန်း ၂၂.၃၀၀ ပေးသွင်းထားပြီး ကျန်လုပ်ငန်း (၆) ခုမှာ သက်တမ်းစေ့ရောက်သော်လည်း စစ်ဆေး သည့် ၃၁-၅-၂၀၂၃ နေ့ထိ အတိုး ၁ ရာခိုင်နှုန်း ပေးသွင်းမှု မရှိသေးသဖြင့် အတိုး ပေးသွင်းရန် နှိုးဆော်စာများ ထုတ်ပြန်ထားကြောင်း တွေ့ရှိရခြင်း၊

(ဃ) ဧရာဝတီတိုင်းဒေသကြီးတွင် ထုတ်ချေးသည့် လုပ်ငန်း(၄)ခု မှာ ၃၁-၃-၂၀၂၃ ရက်နေ့ အထိ အတိုးပေးသွင်းမှုမရှိကြောင်းနှင့် ထုတ်ချေးငွေများအကျိုးရှိစွာ အသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့ဖွဲ့စည်းထားရှိပြီး ချေးငွေပေးဆပ်ရေးအစီအစဉ်ညွှန်ကြားချက် များအရ ပြန်လည်တောင်းခံလျက်ရှိကြောင်းနှင့် အဖွဲ့တွင် မြန်မာ့စီးပွားရေးဘဏ် အနေဖြင့် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ချေးငွေပြန်လည်ရရှိရေး လုပ်ငန်းစဉ်များ ကူညီ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြချက်အရ သိရှိရခြင်း၊

(င) နေပြည်တော်တွင် ထုတ်ချေးသူ (၂) ဦးအနက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် တစ်ဦးသာ အတိုး ကျပ်သန်း ၀.၂၀၀ ပေးသွင်းထားပြီး ကျန်တစ်ဦး၏ အတိုးငွေ ကျပ်သန်း ၀.၁၀၀ အား ၉-၈-၂၀၂၃ နေ့တွင် ပေးသွင်းထားကြောင်း တွေ့ရှိရခြင်း။

၃၂။ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့်မီဒီယာကဏ္ဍာထုတ်ချေးငွေများနှင့်စပ်လျဉ်း၍ သက်တမ်း စေ့ရောက်ချိန်တွင် ချေးငွေများပြန်လည်ရရှိစေရေး ကြိုတင်စီမံဆောင်ရွက်ရန်၊ ချေးငွေသက်တမ်း ၁ နှစ် စေ့ရောက်သည့်နေ့တွင် အတိုးများရရှိစေရေး စီမံဆောင်ရွက်ရန်၊ မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ်နှင့်

မန္တလေးတိုင်းဒေသကြီးဘဏ်ခွဲ စာရင်းကွဲလွဲမှုများ ပြန်လည်ညှိနှိုင်းရန် လိုအပ်ကြောင်း သုံးသပ်အကြံပြုပါသည်။

**အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် လက်ဖက်ရည်ဆိုင်နှင့်စားသောက်ဆိုင်ငယ်သို့ ထုတ်ချေးငွေ**

၃၃။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများမှ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ် လုပ်ကိုင်သူ (၅၉)ဦးသို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အတွင်း ကျပ်သန်း ၆၅,၉၀၃.၀၀၀ ထုတ်ချေးခဲ့ပြီး ၃၁-၃-၂၀၂၃ နေ့တွင် (၈)ဦး ကျပ်သန်း ၁,၀၁၀.၃၃၃ ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေပြီး ချေးငွေအပေါ် အရင်း၊ အတိုးပေးဆပ်မှုနှင့် ပေးဆပ်ရန် ကျန်ရှိမှု နှင့်စပ်လျဉ်း၍ **ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှအပ** နေပြည်တော်နှင့် ကျန်တိုင်းဒေသကြီး/ပြည်နယ်များမှ ၎င်းတို့ စစ်ဆေးနိုင်သည့် အတိုင်းအတာအရပေးပို့လာသော အစီရင်ခံစာများပါ စစ်ဆေးတွေ့ရှိချက်များကို အောက်တွင် ဖော်ပြပါသည်-

(က) မကွေးတိုင်းဒေသကြီး ဘဏ်ခွဲမှ ၁၈-၈-၂၀၂၀ ရက်နေ့တွင် တော်ဝင်ဟန်သီ ကုမ္ပဏီလီမိတက်အား ကျပ်သန်း ၁၀၀ ထုတ်ချေးခဲ့ပြီး ချေးငွေပေးဆပ်ရန်အချိန်ကာလ (၁) နှစ် ပြည့်သည့် ၁၇-၈- ၂၀၂၁ ရက်နေ့တွင် ပေးဆပ်ရန် ပျက်ကွက်ခဲ့သဖြင့် ကုမ္ပဏီ၏ (၁) နှစ်အတွင်း ချေးငွေပေးဆပ်မည့်အစီအစဉ် တင်ပြချက်အပေါ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန Steering Committee ကော်မတီဝင်များ၏ သဘောတူညီချက်ဖြင့် ၁-၄-၂၀၂၂ ရက်နေ့တွင် ပေးဆပ်ရန်ကျန်ရှိသည့် ချေးငွေလက်ကျန်အပေါ် သတ်မှတ်ထားသည့် ချေးငွေ အတိုး ၁ ရာခိုင်နှုန်း ၊ဒဏ်ကြေး ၄ ရာခိုင်နှုန်း နှင့် ပေးသွင်းခဲ့ခြင်းမရှိသည့် ချေးငွေ၏ ၃ ပုံ ၁ ပုံပေါ်တွင် ပျက်ကွက်ကြေး ၁ ရာခိုင်နှုန်း သတ်မှတ် ကောက်ခံသွားရန် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)၏ ၁၈-၈-၂၀၂၂ ရက်စွဲပါစာဖြင့် မကွေးဘဏ်ခွဲသို့ အကြောင်းကြားခဲ့သော်လည်း ၃၁-၃-၂၀၂၃ နေ့ထိ ချေးငွေအရင်း ကျပ်သန်း ၁၅ နှင့် အတိုးကျသင့်ငွေ ကျပ်သန်း ၂.၅၀၁ ပေးသွင်းထားပြီး အရင်းပေးဆပ်ပျက်ကွက်မှုအတွက် ဒဏ်ကြေး ၄ ရာခိုင်နှုန်း နှင့် ပေးသွင်းခဲ့ခြင်းမရှိသည့် ချေးငွေ၏ ၃ ပုံ ၁ ပုံပေါ်တွင် ပျက်ကွက်ကြေး ၁ ရာခိုင်နှုန်း ပေးသွင်းမှုမရှိခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းရာ ချေးယူသူလုပ်ငန်းရှင်သို့ သုံးလပတ်

တောင်းခံသည့်စာများ ပေးပို့ချိန်တွင် ကိုယ်တိုင်သွားရောက်၍ လည်းကောင်း၊ တယ်လီဖုန်းဖြင့် လည်းကောင်း၊ အရင်း၊ အတိုး၊ ဒဏ်တိုး၊ ပျက်ကွက်ကြေးများ အပြေအကြေပေးဆပ်ရန် တောင်းခံခဲ့သော်လည်း ပေးသွင်းမှု မရှိသေးကြောင်း ရှင်းလင်းတင်ပြခဲ့ခြင်း၊

(ခ) ရခိုင်ပြည်နယ်မှ ဇေယျာအောင် ဝန်ဆောင်မှုကုမ္ပဏီသို့ ထုတ်ချေးထားပြီး ချေးငွေသက်တမ်း (၁) နှစ်စေ့ရောက်သော ၁၇-၈-၂၀၂၁ နေ့တွင် အရင်းအတိုးပေးဆပ်မှုမရှိ၍ ပေးဆပ်ရန် (၃) ကြိမ် နှိုးဆော်ခဲ့သော်လည်း ပေးဆပ်မှု မရှိခဲ့၍ အမြန်ဆုံးပေးဆပ်နိုင်ရေး ဘဏ်ခွဲ၏ ၁-၁၁-၂၀၂၁ ရက်စွဲပါစာဖြင့် ကုမ္ပဏီသို့ အကြောင်းကြားခဲ့သဖြင့် ၁-၂-၂၀၂၂ ရက်နေ့တွင် အရင်းကျပ်သန်း ၂၀ နှင့် ပထမ တစ်နှစ်အတွက် အတိုးကျပ်သန်း ၀.၆၀၀ ကို လည်းကောင်း၊ ကျန်အရင်းအတိုးများ ပေးဆပ်နိုင်ရေး ဘဏ်ခွဲ၏ ၁၆-၆-၂၀၂၂ ရက်စွဲပါစာဖြင့် ကုမ္ပဏီသို့ အကြောင်းကြားခဲ့မှုအပေါ် ကုမ္ပဏီမှ(၉)လအတွင်း ပေးဆပ်မည်ဟုတင်ပြချက်အရ ၂၆-၁၂-၂၀၂၂ ရက်နေ့တွင် အရင်း ကျပ်သန်း ၁၀ နှင့် အတိုးကျပ်သန်း ၁.၅၇၇ နှင့် ၃၁-၃-၂၀၂၃ ရက်နေ့တွင် အရင်း ကျပ်သန်း ၁၀ နှင့် အတိုးကျပ်သန်း ၀.၃၃၁ ကိုလည်းကောင်း ပေးဆပ်ခဲ့သဖြင့် ၃၁-၃-၂၀၂၃ နေ့တွင် အရင်းပေးဆပ်ရန် ကျပ်သန်း ၂၀ ကျန်ရှိနေပြီး ၉/၂၀၂၃ လတွင်အရင်း ကျပ်သန်း ၁၀ နှင့် အတိုးပေးချေခွင့်ပြုပါရန် တင်ပြထားခြင်းနှင့် ချေးငွေသဘောတူစာချုပ်တွင် ငွေချေးသူ၏စာရင်းရှင် (သို့) ချေးငွေ စာရင်းများတွင် လက်ကျန်ငွေလုံလောက်စွာ ရှိပါက ငွေချေးသူက ဘဏ်သို့ ပေးရန်ရှိသော ငွေရပ်ကို မိမိတို့၏ စာရင်းမှ ခုနှိမ်ဖြတ်တောက်ရယူရန် သဘောတူညီမှုအရ ၃၁-၃-၂၀၂၃ နေ့အထိ ပေးရန်ရှိ အတိုးနှင့်ဒဏ်ကြေး ကျပ် ၂.၄၉၂ ကို ကုမ္ပဏီ၏စာရင်းရှင်စာရင်း မှ ရုံးချုပ် စာရင်းဌာနခွဲသို့ လွှဲပြောင်းထားပြီးဖြစ်၍ ကုမ္ပဏီ၏ စာရင်းရှင်စာရင်းလက်ကျန်မှာ ၁-၆-၂၀၂၃ နေ့တွင် ကျပ် ၂၇,၄၉၃.၁၉ သာ ကျန်ရှိကြောင်း တွေ့ရှိရခြင်း၊

(ဂ) ရန်ကုန်တိုင်းဒေသကြီးတွင် ၃၁-၃-၂၀၂၃ နေ့ အရင်းပေးဆပ်ရန် ဘဏ်ခွဲ-၃ မှ တစ်ဦး ကျပ်သန်း ၅၆ နှင့် တာမွေ ဘဏ်ခွဲမှ တစ်ဦး ကျပ်သန်း ၂၀၀ စုစုပေါင်း ကျပ်သန်း ၂၅၆ ကျန်ရှိနေပြီး ၃၀-၁၁-၂၀၂၃ နေ့အထိ ဘဏ်ခွဲ-၃ မှ တစ်ဦး ကျပ်သန်း ၅.၀၀၀ နှင့် တာမွေ ဘဏ်ခွဲ မှ ကျပ်သန်း ၆၆.၅၀၀ ပေးဆပ်ခဲ့သဖြင့် ကျပ်သန်း ၁၈၄.၅၀၀

ပေးဆပ်ရန် ကျန်ရှိနေပြီး နှိုးဆော်စာများ ထုတ်ဆင့်၍ ဆက်လက်တောင်းခံလျက် ရှိခြင်း၊

(ဃ) မြောက်ဥက္ကလာပမြို့နယ်ဘဏ်ခွဲမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်ထုတ်ချေးခဲ့သည့် Ngwe Marlar Microfinance Co.,Ltd ကျပ်သန်း ၁၀၀ ၏ အတိုးပေးဆပ်မှုကို စစ်ဆေးရာ အတိုးလိုငွေ ကျပ်သန်း ၀.၀၄၆ ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသဖြင့် ဌာန၏ Income A/C Interest on advance Int; on Loan to Microfinance for Covid-19 ၃၁-၈-၂-၂၃ ရက်စွဲပါမြီရှင်လွှာအမှတ်- ၇၉ ဖြင့် ပြန်လည်ပေးသွင်းပြီး ဖြစ်ခြင်း၊

(င) နေပြည်တော်မှ ၃၁-၃-၂၀၂၃ နေ့ ပေးဆပ်ရန် ကျန်ရှိသည့် ကျပ်သန်း ၅၅၅ မှာ ဆန္ဒဘုန်းပြည့်ကုမ္ပဏီမှ ကျပ်သန်း ၅၀၀ နှင့် ခန့်သုဝလ္လာကုမ္ပဏီမှ ကျပ်သန်း ၅၅ ဖြစ်ပြီး ပေးဆပ်ရန် ကျန်ရှိသည့်ချေးငွေအပေါ် အတိုးနှင့် ဒဏ်ကြေးများ ပေးသွင်းရန် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၏ ၈-၇-၂၀၂၁ ရက်စွဲပါစာနှင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရုံးချုပ်၏ ၂၅-၇-၂၀၂၂ ရက်စွဲပါစာ တို့ဖြင့် အကြောင်း ကြားထားသော်လည်း ပေးသွင်းထားမှုမရှိခြင်းနှင့် နှိုးဆော်စာများ ထပ်မံထုတ်ပြန်မှု မရှိကြောင်း တွေ့ရှိရခြင်း။

၃၄။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များအား ထုတ်ချေးငွေများနှင့်စပ်လျဉ်း၍ ပေးဆပ်ရန်ကျန်ရှိသည့် အရင်းအတိုးများ၊ ပေးဆပ်ရန် ပျက်ကွက်မှုအတွက် သတ်မှတ်ဒဏ်ကြေးနှင့် ပျက်ကွက်ကြေးများ ကောက်ခံရရှိစေရေး စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း သုံးသပ်အကြံပြုပါသည်။

**အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ထုတ်ချေးမည့် စီးပွားရေးချေးငွေ (Commercial Loan) ကာလတို (၃) နှစ် ထုတ်ချေးမှု**

၃၅။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အတွင်း စီးပွားရေး ချေးငွေ (Commercial Loan) လုပ်ငန်းရှင် (၃၆) ဦး ကျပ်သန်း ၁၃,၇၆၅.၀၀၀ ထုတ်ချေးခဲ့ပြီး ၃၁-၃-၂၀၂၃ နေ့တွင် (၂၉) ဦးကျပ်သန်း ၆,၄၂၅.၅၀၀ ပြန်လည် ပေးဆပ်ရန် ကျန်ရှိနေပြီး ချေးငွေအပေါ် အရင်း၊ အတိုး ပေးဆပ်မှုနှင့် ပေးဆပ်ရန် ကျန်ရှိမှု နှင့်စပ်လျဉ်း၍ **စစ်ကိုင်းတိုင်းဒေသကြီးမှအပ** နေပြည်တော်နှင့်

ကျန်တိုင်းဒေသကြီး/ ပြည်နယ်များမှ ၎င်းတို့စစ်ဆေးနိုင်သည့် အတိုင်းအတာအရ ပေးပို့လာသော အစီရင်ခံစာများပါ စစ်ဆေးတွေ့ရှိချက်များကို အောက်တွင် ဖော်ပြ ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးမှ ပေးဆပ်ရန်ကျန် (၁၂) ဦးအနက် Social Vision Co.,Ltd နှင့် P.V Microfinance Co.,Ltd (၂) ခုမှာ အရစ်အလိုက် ပေးဆပ်ရမည့်ကာလ စေ့ရောက်သော်လည်း ၃၁-၅-၂၀၂၃ နေ့ထိ ပြန်လည်ပေးဆပ်မှုမရှိဘဲ ယင်းကာလ များအတွက် အတိုးငွေကိုသာ ပေးသွင်းထားခြင်းကြောင့် ဌာနမှ ၁-၉-၂၀၂၃ ရက်စွဲပါ စာဖြင့် ချေးငွေအရင်းပေးဆပ်ရန် အကြောင်းကြားစာပေးပို့ထားခြင်းနှင့် ကျန် (၁၀) ဦးမှာ အရင်းပေးဆပ်ရန် ကာလစေ့ရောက်မှုမရှိသေးခြင်းနှင့် အတိုးပုံမှန် ပေးသွင်း လျက်ရှိခြင်း၊

(ခ) အတိုးပေးသွင်းမှုအား စိစစ်ရာ ၈-၁-၂၀၂၀ နေ့တွင် ထုတ်ချေးခဲ့သည့် Paye Mahar Co.,Ltd ကျပ်သန်း ၅၀၀ ၏ ပထမအရစ်ပေးဆပ်ရမည့်နေ့မှာ ၇-၇-၂၀၂၂ နေ့ ဖြစ်သော်လည်း ၁၂-၈-၂၀၂၂ နေ့မှသာ ပေးသွင်းသောကြောင့် ၃၄ ရက် နောက်ကျ ပေးသွင်းခြင်းအတွက် ကျသင့်ဒဏ်ကြေးကျပ် ၃၄၉,၃၁၉ နှင့် ဒုတိယအရစ် ပေးဆပ် ရမည့်နေ့မှာ ၇-၁-၂၀၂၃ နေ့ဖြစ်သော်လည်း ၃-၂-၂၀၂၃ နေ့မှသာ ပေးသွင်းသော ကြောင့် ၂၅ ရက် နောက်ကျပေးသွင်းခြင်းအတွက် ကျသင့်ဒဏ်ကြေးကျပ် ၂၅၆,၈၄၉ စုစုပေါင်း ဒဏ်ကြေး ကျပ် ၆၀၆,၁၆၈ ပေးဆောင်ရန် လိုအပ်ခြင်းအတွက် ဌာနမှ ၁၉-၉-၂၀၂၃ ရက်စွဲပါစာဖြင့် အကြောင်းကြားစာ ပေးပို့ထားခြင်း၊ ၁၂-၁-၂၀၂၁ နေ့ တွင် ထုတ်ချေးခဲ့သည့် Yangon Y Rural Microfinance Co.,Ltd ကျပ်သန်း ၅၀၀ ၏ ပထမအရစ် ပေးဆပ်ရမည့်နေ့မှာ ၁၁-၇-၂၀၂၂ နေ့ဖြစ်သော်လည်း ၂၅-၇-၂၀၂၂ နေ့ မှသာ ပေးသွင်းသောကြောင့် ၁၄ ရက် နောက်ကျပေးသွင်းခြင်းအတွက် ကျသင့် ဒဏ်ကြေး ကျပ် ၁၄၃,၈၄၀ နှင့် ဒုတိယအရစ် ပေးဆပ်ရမည့်နေ့မှာ ၁၁-၂-၂၀၂၃ နေ့ဖြစ်သော် လည်း ၂၃-၃-၂၀၂၃ နေ့မှသာ ပေးသွင်းသောကြောင့် ၄၀ ရက် နောက်ကျပေးသွင်းခြင်းအတွက် ကျသင့်ဒဏ်ကြေးကျပ် ၇၃၉,၇၂၈ စုစုပေါင်း ဒဏ်ကြေးကျပ် ၈၈၃,၅၆၈ အား ပေးဆောင်ရန် လိုအပ်ခြင်းအတွက် ဌာနမှ ၁၆-၉-၂၀၂၃ ရက်စွဲပါစာဖြင့် အကြောင်းကြားစာ ပေးပို့ထားခြင်း၊

(ဂ) မန္တလေးတိုင်းဒေသကြီးမှ အဖွဲ့အစည်း (၉) ခု ထုတ်ချေးမှုအနက် (၁) ခုမှာ ၁၈-၁-၂၀၂၁ နေ့တွင် ထုတ်ချေးထားပြီး ၇-၁၀-၂၀၂၁ နေ့တွင် အကြေပေးဆပ်ထားသဖြင့် ၃၁-၃-၂၀၂၃ နေ့ထိ ပေးဆပ်ရန်ကျန် (၈) ဦးအား ထုတ်ချေးငွေ ကျပ်သန်း ၉၉၀ မှာ ပေးဆပ်ရန် အချိန်စေ့ရောက်မှု မရှိသေးသော်လည်း စစ်ဆေးချိန် ၃၁-၈-၂၀၂၃ နေ့ထိ ယင်း (၈) ဦးမှ ကျပ်သန်း ၁၇၇.၅၀၀ ကို ထပ်မံ၍ အလီလီ ပေးဆပ်ခဲ့သဖြင့် ၃၁-၈-၂၀၂၃ နေ့ထိ ပေးဆပ်ရန်ကျန် (၈) ဦးမှ ကျပ်သန်း ၄၃၇.၅၀၀ ကျန်ရှိနေခြင်း၊

(ဃ) မကွေးတိုင်းဒေသကြီးမှ ၃၁-၃-၂၀၂၃ နေ့ထိ ပေးဆပ်ရန်ကျန် ကျပ်သန်း ၉၀ မှာ ချေးငွေပေးဆပ်ရမည့် သက်တမ်းမစေ့ရောက်သေးခြင်းနှင့် ကျသင့်အတိုးများအား အကြေ ပေးသွင်းထားကြောင်း တွေ့ရှိရခြင်း၊

(င) တနင်္သာရီတိုင်းဒေသကြီးမှ ၃၁-၃-၂၀၂၃ နေ့ရှိ ပေးဆပ်ရန်ကျန် ကျပ်သန်း ၈၀ မှာ အချိန်စေ့ရောက်မှု မရှိသေးသည့် ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီ၏ ကြွေးကျန် ကျပ်သန်း ၃၀၊ အောင်ပြည့်ဖြိုးကျော် ကုမ္ပဏီ၏ ကြွေးကျန် ကျပ်သန်း ၂၅ နှင့် အချိန်စေ့ရောက်သော်လည်း ပေးဆပ်မှုမရှိသေးသည့် ကြွေးကျန် ကျပ်သန်း ၂၅ တို့ဖြစ်ပြီး အချိန်စေ့ရောက်သော်လည်း ပေးဆပ်မှုမရှိသည့် ကြွေးကျန်အတွက် ထားဝယ်ဘဏ်ခွဲအနေဖြင့် နှိုးဆော်စာများ ထုတ်ပြန်ထားမှု မရှိခြင်း၊

(စ) ရောဝတီတိုင်းဒေသကြီးအတွင်း ထုတ်ချေးသူ (၃) ဦးမှ ကျပ်သန်း ၁၁၀ အလီလီ ပေးဆပ်ခဲ့ပြီး ၃၁-၃-၂၀၂၃ ရက်နေ့တွင် ချေးယူသူ (၃)ဦးမှ ကျပ်သန်း ၁၃၀ ပေးဆပ်ရန်ကျန်ရှိနေခြင်းနှင့် အတိုးပေးဆပ်ရာတွင် ချေးယူသူ (၂) ဦးမှ ကျပ်သန်း ၃၂.၈၁၄ ပေးသွင်းခဲ့ပြီး (၁)ဦးမှာ အတိုးပေးသွင်းမှုမရှိကြောင်း တွေ့ရှိရခြင်း၊

(ဆ) နေပြည်တော်မှ ဆန္ဒဘုန်းပြည့်ကုမ္ပဏီသို့ ကျပ်သန်း ၂၀၀ ၊ ဇေယျာအောင် ကုမ္ပဏီသို့ ကျပ်သန်း ၄၀ စုစုပေါင်း ကျပ်သန်း ၂၄၀ ထုတ်ချေးထားပြီး အရင်းပေးဆပ်ရန် သက်တမ်းစေ့ရောက်မှု မရှိသေးသော်လည်း ဇေယျာအောင် ကုမ္ပဏီမှ အရင်းကျပ်သန်း ၂ နှင့် ကျသင့်အတိုးကျပ်သန်း ၁၀.၀၇၂ ကို ပေးသွင်းထားခြင်းနှင့် ဆန္ဒဘုန်းပြည့် ကုမ္ပဏီမှ ကျသင့်အတိုးကျပ်သန်း ၅၂.၅၅၂ တွင် ကျပ်သန်း ၁၂.၂၈၇ ကို ပေးသွင်းထားသဖြင့် ကျပ်သန်း ၄၀.၂၆၅ ပေးသွင်းရန် ကျန်ရှိနေပြီး

မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်မှ နှီးဆော်စာများထုတ်ပြန် တောင်းခံမှု မရှိခြင်း၊

၃၆။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသို့ ထုတ်ချေးခဲ့သည့် စီးပွားရေးချေးငွေ (Commercial Loan) များနှင့်စပ်လျဉ်း၍ ချေးငွေသက်တမ်းစေ့ရောက်မှုမရှိသေးသည့် ချေးငွေအရင်းများ ကောက်ခံရရှိစေရေး ကြိုတင်စီမံဆောင်ရွက်ရန်၊ သက်တမ်းစေ့ရောက်၍ ပေးဆပ်ရမည့် ချေးငွေအရင်းများ၊ ပေးသွင်းရမည့် အတိုးများ၊ နောက်ကျပေးသွင်းမှုများအတွက် ပေးသွင်းရမည့် ဒဏ်ကြေးများ ကောက်ခံရရှိစေရေး စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း သုံးသပ်အကြံပြုပါသည်။

**ကုမ္ပဏီ/အဖွဲ့အစည်းများနှင့်လုပ်ငန်းရှင်များသို့ထုတ်ချေးငွေ**

၃၇။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ တစ်ဆင့် ကုန်ကြမ်းပေး၊ ကုန်ချောယူ လက်ခစားစနစ် (Cut Make Pack-CMP) လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆) လအထိ ( ၆၂၈၁ ) ဦး ကျပ်သန်း ၁၈၀,၄၇၉.၈၀၀ ထုတ်ချေးခဲ့ပြီး ၃၁-၃-၂၀၂၃ နေ့တွင် (၅၉၉၁ )ဦး ကျပ်သန်း ၁၃၈,၃၃၄.၅၄၉ ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေပြီး **ချင်းပြည်နယ်နှင့်ကယားပြည်နယ်မှ**အပ နေပြည်တော်နှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များမှ ၎င်းတို့စစ်ဆေးနိုင်သည့် အတိုင်းအတာအရ ပေးပို့လာသော အစီရင်ခံစာများပါ စစ်ဆေးတွေ့ရှိချက်များကို အောက်တွင် ဖော်ပြ ပါသည်-

**ကချင်ပြည်နယ်**

(က) ၃၁-၃-၂၀၂၃ နေ့တွင် အရင်းပေးဆပ်ရန်ကျန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ထုတ်ချေးသူ (၂၅)ဦး နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ထုတ်ချေးသူ (၁၅)ဦး ၊ ၂၀၂၁-၂၀၂၂ (mini ၆ လ ) (၄) ဦး စုစုပေါင်း (၄၄) ဦး ကျပ်သန်း ၈၈၂.၀၀၀ ကျန်ရှိနေပြီး သက်တမ်းတိုးခွင့်ပြုချက်အရအရင်းပြန်ဆပ်ရန် သက်တမ်းမစေ့ရောက်သေးကြောင်း တွေ့ရှိရခြင်း၊

(ခ) အတိုးရငွေ ကျပ်သန်း ၁၉.၉၆၆ တွင် အတိုး ၁၉.၉၄ နှင့် ဒဏ်ကြေး ကျပ်သန်း ၀.၀၂၆ ပါဝင်ကြောင်းတွေ့ရှိရခြင်း။

**ကရင်ပြည်နယ်**

(က) ကိုဗစ်-၁၉ချေးငွေထုတ်ချေးသူများအနက် ဘားအံခရိုင်ဘဏ်ခွဲမှ Thur Sue Co,Ltd စာရင်းအမှတ်CH-004208 သို့ ထုတ်ချေးငွေ ကျပ်သန်း ၅၀ မှာ စစ်ဆေးချိန် ၇/၂၀၂၃ လတွင် (၃) နှစ်ပြည့်ပြီးဖြစ်သော်လည်း ယင်း (၃) နှစ်အတွက် အရင်းနှင့် အတိုးအား လုံးဝပေးသွင်းထားမှုမရှိခြင်းနှင့် အရင်း၊အတိုးများကို ခွင့်ပြုသက်တမ်း စေ့ရောက်ချိန်တွင် လာရောက်ပေးဆပ်ရန်အတွက် ဘားအံခရိုင်ဘဏ်ခွဲ၏ ၁-၆-၂၀၂၂၊ ၇-၇-၂၀၂၂၊ ၇-၃-၂၀၂၃ နှင့် ၇-၅-၂၀၂၃ ရက်စွဲပါ စာများဖြင့် အကြောင်းကြားစာများ ထုတ်ဆင့်တောင်းခံထားကြောင်း တွေ့ရှိရခြင်း၊

(ခ) မြဝတီခရိုင်ဘဏ်ခွဲမှ ကျော်အထည်ချုပ်လုပ်ငန်း (စာရင်းအမှတ်-CK-000726) ချေးငွေ ကျပ်သန်း ၁၀ မှာ စစ်ဆေးချိန် ၇/၂၀၂၃ လ အထိ အရင်းနှင့်အတိုးအား လုံးဝပေးသွင်းထားမှုမရှိခြင်းနှင့် မြဝတီခရိုင်ဘဏ်ခွဲအနေဖြင့် အရင်းနှင့် အတိုးများ လာရောက်ပေးဆပ်ရန် အကြောင်းကြားစာများ ထပ်ဆင့်တောင်းခံထားကြောင်း တွေ့ရှိရခြင်း၊

**စစ်ကိုင်းတိုင်းဒေသကြီး**

(က) ၃၁-၃-၂၀၂၃ နေ့တွင် အရင်းပေးဆပ်ရန်ကျန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ထုတ်ချေးသူ (၃၈၄)ဦး ကျပ်သန်း ၇,၇၅၂.၁၀၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ထုတ်ချေးသူ (၂၈၈)ဦး ကျပ်သန်း ၄,၄၈၆.၀၀၀ ၂၀၂၁-၂၀၂၂ (mini ၆ လ ) (၁၁) ဦး ကျပ်သန်း ၉၆.၀၀၀ စုစုပေါင်း (၆၈၃) ဦး ကျပ်သန်း ၁၂,၃၃၄.၁၀၀ ကျန်ရှိနေကြောင်း တွေ့ရှိရခြင်း၊

(ခ) ငွေချေးယူသူများမှ ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် အတိုးပေးဆပ်မှုများကို အောက်ပါအတိုင်း တွေ့ရှိရပါသည် -

| **စဉ်** | **ဘဏ္ဍာရေးနှစ်** | **ပထမအတိုး** | | **ဒုတိယအတိုး** | | **တတိယအတိုး** | |
|---|---|---|---|---|---|---|---|
| | | **ဦးရေ** | **ကျပ်သန်း** | **ဦးရေ** | **ကျပ်သန်း** | **ဦးရေ** | **ကျပ်သန်း** |
| ၁ | ၂၀၁၉-၂၀၂၀ | ၄၃ | ၁၀.၆၄ | ၃၃ | ၈.၂၀ | ၁ | ၀.၁၀ |
| ၂ | ၂၀၂၀-၂၀၂၁ | ၁၄၃ | ၂၀.၈၇ | ၁၀၇ | ၁၆.၀၂ | - | - |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | ၂၀၂၁-၂၀၂၂ | ၂၄၅ | ၅၀.၂၄ | ၂ | ၀.၅၅ | ၁ | ၀.၃၀ |
| ၄ | ၂၀၂၂-၂၀၂၃ | ၇၉ | ၁၅.၆၇ | ၁၂၁ | ၅၀.၀၉ | ၁ | ၁.၁၀ |
| | **စုစုပေါင်း** | **၅၁၀** | **၉၇.၄၂** | **၂၆၃** | **၇၄.၈၆** | **၃** | **၁.၅၀** |

(ဂ) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ထုတ်ချေးသူ (၃၈၉ )ဦး ကျပ်သန်း ၈,၁၆၈.၅၀ မှ ပထမအကြိမ် အတိုးပေးဆပ်သူ (၂၈၆ )ဦး ကျပ်သန်း ၆၀.၇၈၊ ဒုတိယအကြိမ် အတိုးပေးဆပ်သူ ဦးရေ ( ၃၃)ဦး ကျပ်သန်း ၈.၂၀၀ သာ ပေးဆပ်ထားကြောင်း တွေ့ရှိ ရသဖြင့် ပျက်ကွက်သူဦးရေ (၃၅၆) ဦးမှာ သတ်မှတ်ကာလစေ့ရောက်တိုင်း အတိုးပေးဆပ်နိုင်မှုမရှိကြောင်း တွေ့ရှိရခြင်း၊

(ဃ) ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ထုတ်ချေးသူ ဦးရေ (၂၈၉)ဦး ကျပ်သန်း ၄.၄၉၆ မှ ပထမအကြိမ် အတိုးပေးဆပ်သူဦးရေ (၁၄၃) ဦး ကျပ်သန်း ၂၀.၈၇ ၊ ဒုတိယအကြိမ် အတိုးပေးဆပ်သူ (၁၀၇) ဦး ကျပ်သန်း ၁၆.၀၂၀ ပေးဆပ်ထားကြောင်း တွေ့ရှိရပြီး အတိုးပေးဆပ်ရန် ကျန်ဦးရေ (၁၈၂) ဦးမှာ သတ်မှတ် ကာလစေ့ရောက်တိုင်း အတိုးပေးဆပ်မှုမရှိကြောင်း တွေ့ရှိရခြင်း၊

(င) ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ထုတ်ချေးငွေများနှင့် စပ်လျဉ်း၍ ပထမအကြိမ်အတိုးနှင့် ဒုတိယအကြိမ်အတိုးများ သတ်မှတ်ကာလ အတွင်း ပေးသွင်းထားမှုမရှိ၍ ချေးငွေသက်တမ်းတိုးမြှင့်ခွင့်ပြုချက်နှင့် မကိုက်ညီ သဖြင့် ချေးငွေသက်တမ်းသတ်မှတ်ကာလစေ့ရောက်ကျော်လွန်ပြီး ဖြစ်ကြောင်း တွေ့ရှိရခြင်း၊

(စ) ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့၏ အပတ်စဉ်၊ လစဉ် အစီရင်ခံစာ တင်ပြခြင်းများနှင့် ကွင်းဆင်းစစ်ဆေးနိုင်မှုမရှိဘဲ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ဆန်းစစ်ချက်ပြုလုပ် ထားသော မှတ်တမ်းများအရ သက်တမ်းတိုး ဆောင်ရွက်သည့် ကာလအတွင်း ကုမ္ပဏီ /လုပ်ငန်းရှင် (၁၆၇ ) ဦးအနက် (၃၅) ဦးသာ ဖုန်းဖြင့် ဆက်သွယ် မေးမြန်းနိုင် ခဲ့ပြီး ကျန်လုပ်ငန်းရှင် (၁၃၂) ဦးမှာ ဆက်သွယ်ရရှိမှု မရှိခြင်း၊ ဖုန်းဖြင့် ဆက်သွယ်ရခဲ့သော (၃၅) ဦးမှာလည်း လုပ်ငန်းလည်ပတ်လျက်ရှိသော အဖွဲ့အစည်း

(၁၉) ခု၊ လျှပ်စစ်မီးမရရှိသဖြင့် လုပ်ငန်းလည်ပတ်နိုင်မှုမရှိသည့် လုပ်ငန်း (၆)ခု၊ နယ်မြေလမ်းခရီးအခြေအနေအရ လုပ်ငန်းရပ်ဆိုင်း ထားရသည့် လုပ်ငန်း(၆)ခု၊ ကြိုးစားထုတ်လုပ်နေသော်လည်း ဝယ်လက်မရှိသဖြင့် လုပ်ငန်းရပ်ဆိုင်းထားရသည့် လုပ်ငန်း(၂)ခု၊ ငွေချေးယူစဉ်ကလိပ်စာတွင် လုပ်ငန်းဆောင်ရွက်မှု မရှိသည့် လုပ်ငန်း (၁)ခု၊ ကုန်ကြမ်းဈေးကြီးမြင့်မှုကြောင့် လုပ်ငန်းလည်ပတ်နိုင်မှုမရှိသော လုပ်ငန်း (၁)ခု တို့ဖြစ်ကြောင်းတွေ့ရှိရခြင်း။

**တနင်္သာရီတိုင်းဒေသကြီး**

(က) မြိတ်ဘဏ်ခွဲ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အတွင်းထုတ်ချေးထားသည့် လုပ်ငန်းရှင် (၄၃) ဦးအနက် ၇/၂၀၂၀ လ တွင် ထုတ်ချေးထားသည့် ပရိဘောဂလုပ်ငန်းရှင် (၁)ဦးမှာ ချေးငွေကျပ်၁၀.၀၀၀ သန်း အတွက် အတိုးပေးသွင်းရန်ပျက်ကွက်နေသဖြင့် မြိတ်ဘဏ်ခွဲ၏ ၂၂-၁၀-၂၀၂၁၊ ၁၄-၁၁-၂၀၂၂ ရက်စွဲပါစာများဖြင့် လုပ်ငန်းရှင်သို့ နိုးဆော်စာများ ထုတ်ပြန်ထားကြောင်းနှင့် စစ်ဆေးချိန်တွင် ၂၂-၆-၂၀၂၃ ရက်စွဲပါ စာဖြင့် သတ်မှတ်ကာလအတွင်း အရင်းအတိုး ပြန်လည်ပေးဆပ်ခြင်းမရှိပါက ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမအကြောင်းအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အကြောင်းကြားထားကြောင်းတွေ့ရှိရခြင်း၊

(ခ) ၃၁-၃-၂၀၂၃ နေ့ရှိ ပေးဆပ်ရန်ကျန်သူ(၁၇၄ )ဦး ချေးငွေ ကျပ်သန်း ၅၂၁၀.၀၀၀ မှာ ပေးဆပ်ရန် အချိန်စေ့ရောက်မှုမရှိသေးကြောင်း တွေ့ရှိရခြင်း၊

**ပဲခူးတိုင်းဒေသကြီး**

(က) မြန်မာ့စီးပွားရေးဘဏ်၊ပဲခူးခရိုင်မှ ထုတ်ချေးသည့်လုပ်ငန်းရှင်များအနက် ၄၂ ဦးနှင့် မြန်မာ့စီးပွားရေးဘဏ်၊ ပြည်ခရိုင်မှ ထုတ်ချေးသည့် လုပ်ငန်းရှင်များအနက် ၃ ဦး တို့မှာ အတိုး(၁)ကြိမ်သာ ပေးသွင်းထားကြောင်း တွေ့ရှိရခြင်း၊

(ခ) ပဲခူးခရိုင်ဘဏ်ခွဲတွင် ထုတ်ချေးသူ (၂၁၂) ဦးအနက် (၁၈) ဦး၊ ပြည်ခရိုင်ဘဏ်ခွဲတွင် ထုတ်ချေးသူ (၁၅၅) ဦးအနက် (၁) ဦး၊ သာယာဝတီခရိုင်ဘဏ်ခွဲတွင် ထုတ်ချေးသူ (၁၅၅) ဦးအနက် (၃) ဦး စုစုပေါင်း (၂၂) ဦးမှာ သတ်မှတ်ကာလအတွင်း အတိုးငွေ

လုံးဝပေးဆပ်ထားမှုမရှိကြောင်းတွေ့ရှိပြီး နှိုးဆော်စာများထုတ်ပြန်၍ တောင်းခံထားခြင်း။

**မကွေးတိုင်းဒေသကြီး**

(က) ၃၁-၃-၂၀၂၃ နေ့ရှိ ပေးဆပ်ရန်ကျန်သူ(၃၄၀ )ဦး ချေးငွေ ကျပ်သန်း ၅၇၄၇.၃၀၀ မှာ ချေးငွေသက်တမ်းအချိန်စေ့ရောက်မှုမရှိသေးခြင်း၊

(ခ) အောက်ပါ ဘဏ်ခွဲများမှထုတ်ချေးထားသည့် ချေးငွေများအပေါ် တစ်နှစ် တစ်ကြိမ် ကျသင့်အတိုးများအား ပေးဆပ်ထားမှုမရှိခြင်းနှင့် အတိုးများပေးဆပ်နိုင်မှု မရှိခြင်း အတွက် လုပ်ငန်းရှင်များသို့ နှိုးဆော်စာများ ထုတ်ပြန်တောင်းခံထားမှုမရှိကြောင်း တွေ့ရှိရခြင်း -

| စဉ် | ဘဏ်ခွဲအမည် | ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် | | | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (Mini) | | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | စာရင်းဖွင့် အတိုးပေး ဆပ်ရန်ကျန် | အတိုးကျသင့်ငွေ | အတိုး ပေးဆပ်ငွေ | စာရင်းပိတ် အတိုးပေး ဆပ်ရန်ကျန် | စာရင်းဖွင့် အတိုးပေး ဆပ်ရန်ကျန် | အတိုးကျသင့်ငွေ | အတိုး ပေးဆပ်ငွေ | စာရင်းပိတ် အတိုး ပေး ဆပ်ရန်ကျန် | စာရင်းဖွင့် အတိုးပေး ဆပ်ရန်ကျန် | အတိုးကျသင့်ငွေ | အတိုး ပေးဆပ်ငွေ | စာရင်းပိတ် အတိုးပေး ဆပ်ရန်ကျန် |
| ၁ | မကွေး | - | ၂၀.၇၅၅ | - | ၂၀.၇၅၅ | ၂၀.၇၅၅ | ၁၅.၈၈၀ | ၃၁.၉၁၅ | ၄.၇၂၀ | ၄.၇၂၀ | ၃၆.၂၃၅ | ၄၁.၀၅၅ | (-)၀.၁၀၀ |
| ၂ | မင်းဘူး | - | ၁၀.၈၅၀ | - | ၁၀.၈၅၀ | ၁၀.၈၅၀ | ၁၀.၈၅၀ | ၈.၀၅၀ | ၁၃.၆၅၀ | ၁၃.၆၅၀ | ၁၀.၈၅၀ | ၁၁.၉၂၀ | ၁၂.၅၈၀ |
| ၃ | သရက် | - | ၀.၆၃၀ | - | ၀.၆၃၀ | ၀.၆၃၀ | ၁.၉၅၀ | ၂.၄၈၀ | ၀.၁၀၀ | ၀.၁၀၀ | ၂.၅၃၀ | ၂.၄၇၀ | ၀.၁၆၀ |
| ၄ | ပခုက္ကူ | - | ၅.၂၀၀ | - | ၅.၂၀၀ | ၅.၂၀၀ | ၂.၅၅၀ | ၇.၂၀၀ | ၀.၅၅၀ | ၀.၅၅၀ | ၇.၇၅၀ | ၇.၀၅၀ | ၁.၂၅၀ |
| | | **စုစုပေါင်း** | **၃၇.၄၃၅** | **-** | **၃၇.၄၃၅** | **၃၇.၄၃၅** | **၃၁.၂၃၀** | **၄၉.၆၄၅** | **၁၉.၀၂၀** | **၁၉.၀၂၀** | **၅၇.၃၆၅** | **၆၂.၄၉၅** | **၁၃.၈၉၀** |

**မန္တလေးတိုင်းဒေသကြီး**

(က) မန္တလေးတိုင်းဒေသကြီး အတွင်း မြန်မာ့ စီးပွားရေးဘဏ်ခွဲ(၈) ခုမှ လုပ်ငန်းရှင် ၅၆၆ ဦးကို ထုတ်ချေးခဲ့ပြီး ၃၁-၃-၂၀၂၃ ရက်နေ့တွင် ၅၁၇ ဦး ကျပ်သန်း ၁၁,၇၈၆.၅၆၄ ကျန်ရှိပြီး စစ်ဆေးချိန် ၃၀-၉-၂၀၂၃ ရက်နေ့အထိ ၃၆ ဦး စုစုပေါင်း ကျပ်သန်း ၁,၇၂၇.၃၇၁ ပေးဆပ်ခဲ့၍ ၃၀-၉-၂၀၂၃ ရက်နေ့တွင် ၄၈၁ ဦး ကျပ်သန်း ၁၀,၀၅၉.၁၉၃ ပေးဆပ်ရန်ကျန်ရှိနေခြင်း၊

(ခ) ၃၀-၉-၂၀၂၃ ရက်နေ့တွင် ပေးဆပ်ရန်ကျန် ၄၈၁ ဦး ကျပ်သန်း ၁၀,၀၅၉.၁၉၃တွင် အချိန်စေ့ရောက်သူ ၃၂၅ ဦး ကျပ်သန်း ၆၉၅၀.၇၉၃၊ ၁၀/၂၀၂၃ မှ ၁/၂၀၂၄ အထိ ကာလအတွင်း အချိန်စေ့ရောက်မည့်သူ ၁၅၀ ဦး ကျပ်သန်း ၂၈၉၁.၉၀၀ နှင့် ၂၀၂၅ ခုနှစ်တွင် အချိန်စေ့ရောက်မည့်သူ ၆ ဦး ကျပ်သန်း ၂၁၆.၅၀၀ တို့ဖြစ်ကြောင်း တွေ့ရှိရခြင်း၊

(ဂ) ပထမနှစ်အတွက် ၂၆ဦး ကျပ်သန်း ၅.၁၄၀၊ဒုတိယနှစ်အတွက် ၇၅ ဦး ကျပ်သန်း ၁၄.၅၉၀ နှင့် တတိယနှစ်အတွက် ၃၆၄ဦး ကျပ်သန်း ၇၂.၃၈၀ တို့မှာ အတိုး ပေးသွင်းရန် ကျန်ရှိ ကြောင်း တွေ့ရှိရခြင်း။

**မွန်ပြည်နယ်**

(က) မော်လမြိုင်မြို့ ၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ ၊ ဘဏ်ခွဲ (၂) မှ ချေးငွေ ရယူသူ လုပ်ငန်းရှင် ၁၀၅ ဦး အနက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အောက်ပါချေးယူသူ ၂ ဦးမှာ စစ်ဆေးချိန် ၁၆-၈-၂၀၂၃ နေ့ထိ လည်းကောင်း ၊ မြန်မာ့စီးပွားရေးဘဏ် ၊ သထုံခရိုင် ဘဏ်ခွဲမှ ချေးငွေရယူသူ ၄၀ ဦးအနက် ၂၀၁၉-၂၀၂၀ တွင် အောက်ပါ ချေးယူသူ ၃ ဦး မှာ စစ်ဆေးချိန် ၇-၈-၂၀၂၃ ထိလည်းကောင်း၊ အရင်း ၊ အတိုးများ လုံးဝပေးဆပ်နိုင်မှု မရှိသေးကြောင်း တွေ့ရှိရခြင်း -

| စဉ် | အမည်/လုပ်ငန်း | ချေးငွေ ထုတ်ယူသည့် ရက်စွဲ | ချေးငွေ ပေးဆပ်ရမည့် ရက်စွဲ | ချေးငွေ (ကျပ်သန်း) |
|---|---|---|---|---|
| | **မော်လမြိုင်မြို့** | | | |
| ၁။ | ရာမညရွှေဖြူကုမ္ပဏီ | ၈-၇-၂၀၂၀ | ၇-၇-၂၀၂၂ | ၁၅.၀၀၀ |

၂။ MZZ Oil Sale စက်သုံးဆီ ရောင်း ၁၇-၇-၂၀၂၂ ၁၆-၇-၂၀၂၂ ၁၀.၀၀၀
ဝယ်ရေး လုပ်ငန်း

**သထုံမြို့**

၃။ ရွှေညီကိုစားသောက်ဆိုင် လုပ်ငန်း၊ ၄-၆-၂၀၂၀ ၃-၆-၂၀၂၂ ၅၀.၀၀၀
ကျိုက်ထိုမြို့

၄။ Royal Family Restaurant၊ ၂၃-၆-၂၀၂၀ ၂၂-၆-၂၀၂၂ ၂၀.၀၀၀
ကျိုက်ထို မြို့

၅။ ဒေါ်တင်တင်အေး(သား) ဦးကျော်မိုး ၂၂-၇-၂၀၂၀ ၂၁-၇-၂၀၂၂ ၁၀.၀၀၀
ဆန်ရောင်းဝယ်ရေးလုပ်ငန်း
ဘီးလင်းမြို့

( ခ ) ဖော်ပြပါ ချေးငွေရယူသူလုပ်ငန်းရှင် (၅) ဦး မှာ ၆/၂၀၂၂ နှင့် ၇/၂၀၂၂ လများတွင် ချေးငွေသက်တမ်းကုန်ဆုံးခဲ့ပြီး ယင်းလုပ်ငန်းရှင်များအား ချေးငွေအရင်းနှင့်အတိုးငွေများ ပေးဆပ်ရန် နိုးဆော်စာထုတ်ပြန်ဆောင်ရွက်ထားခြင်းနှင့် စစ်ဆေးချိန်ထိ အရင်း၊ အတိုး ပြန်လည်ပေးဆပ်ရန်ကာလထက် (၁) နှစ် ကျော် ပျက်ကွက်နေသော်လည်း နိုးဆော်စာထုတ်ပြန်ဆောင်ရွက်ခြင်းမှအပ ချေးငွေသဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူဆောင်ရွက်နိုင်မှု မရှိသေးကြောင်း တွေ့ရှိရခြင်း၊

**ရခိုင်ပြည်နယ်**

(က) မြန်မာ့စီးပွားရေးဘဏ်၊ စစ်တွေဘဏ်ခွဲ မှ ချေးငွေရယူသူ လုပ်ငန်းရှင် ၁၀၄ ဦး တွင် ၂ ဦးမှာ အရင်းအကြေပေးဆပ်ခဲ့ပြီး ကျန် ၁၀၂ ဦးမှာ ပထမအကြိမ် အတိုးပေးသွင်းရန် စေ့ရောက်ချိန်တွင် အတိုးငွေပေးသွင်းထားပြီး၊ ဒုတိယအကြိမ် အတိုးပေးသွင်းရန် စေ့ရောက်ချိန်တွင် ၄၄ ဦးသာ ပေးသွင်းခဲ့၍ ၅၈ ဦး တို့မှာ စစ်ဆေးချိန် ၃၁.၈.၂၀၂၃ ရက်နေ့ထိ ပေးသွင်းထားမှုမရှိသေးခြင်း ။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလ မှ မတ်လအထိ)အတွင်း ထုတ်ချေးခဲ့သော လုပ်ငန်းရှင် ၁ ဦး မှ ချေးငွေအပေါ် ပေးသွင်းရမည့်အတိုး ကျပ်သန်း ၀.၄၀၀ ပေးသွင်းရမည့်အစား ကျပ်သန်း ၀.၁၀၀ ကိုသာ ပေးသွင်းထားခြင်းအား သက်ဆိုင်ရာ လုပ်ငန်းရှင်များသို့ ချေးငွေအရင်းနှင့်

ကျသင့်အတိုးများပေးသွင်းရန် ၆/၂၀၂၃ တွင် အကြောင်းကြားစာ ပေးပို့ထားကြောင်း တွေ့ရှိရခြင်း၊

(ခ) မြန်မာ့စီးပွားရေးဘဏ် ၊ သံတွဲဘဏ်ခွဲတွင် ချေးငွေရယူသူ ၂၄ ဦးမှာ ချေးငွေ ပေးဆပ်ရန် သက်တမ်းစေ့ရောက်မှုမရှိသေးခြင်းနှင့် အတိုးငွေပေးသွင်းမှုများတွင် အောက်ပါ လုပ်ငန်းရှင်များမှ အတိုးငွေပေးသွင်းရန် ပျက်ကွက်နေသဖြင့် သံတွဲဘဏ်ခွဲမှ ၆/၂၀၂၃ လ နှင့် ၉/၂၀၂၃ လတွင် အတိုးပေးသွင်းစေရေးနိုးဆော်စာများ ပေးပို့ထားကြောင်း တွေ့ရှိရခြင်း-

| စဉ် | လုပ်ငန်းရှင်အမည် | ချေးငွေ ပမာဏ | ချေးငွေ ထုတ်ချေး ရက် | အတိုး ပေးဆပ် ရန်ကျန် ကာလ | ပေးဆပ် ရန် ကျန် အတိုး |
|---|---|---|---|---|---|
| ၁။ | ဦးမျိုးရွှေ+ဒေါ်မြင့်မြင့်ရီ | ၁၀.၀၀၀ | ၁၀.၂.၂၀၂၁ | ၁ နှစ် | ၀.၁၀၀ |
| ၂။ | ဦးခင်မောင်လွင်+ဒေါ်မာလာမင်း | ၁၀.၀၀၀ | ၁၀.၂.၂၀၂၁ | ၁ နှစ် | ၀.၁၀၀ |
| ၃။ | ဦးအောင်ကျော်မြ+ဦးရန်လင်းအောင် | ၂၀.၀၀၀ | ၁၀.၂.၂၀၂၁ | ၁ နှစ် | ၀.၂၀၀ |
| ၄။ | ဦးထွန်းထွန်း+ဒေါ်ချိုချိုမြင့် | ၁၀.၀၀၀ | ၁၉.၂.၂၀၂၁ | ၂ နှစ် | ၀.၂၀၀ |
| ၅။ | ဦးလှမြအောင်+ဒေါ်မိုးမိုးယဉ် | ၁၀.၀၀၀ | ၁၈.၂.၂၀၂၁ | ၂ နှစ် | ၀.၂၀၀ |
| ၆။ | ဦးအောင်ကျော်ဖံ+ဒေါ်ဝင်းသန်းမြင့် | ၃၀.၀၀၀ | ၁၈.၆.၂၀၂၀ | ၁ နှစ် | ၀.၃၀၀ |
| | | | | **ပေါင်း** | **၁.၁၀၀** |

(ဂ) မြန်မာ့စီးပွားရေးဘဏ် ၊ ကျောက်ဖြူဘဏ်ခွဲမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းရှင်(၄)ဦး သို့ ထုတ်ချေးငွေ ကျပ်သန်း ၂၉၀ အပေါ် ၃၁.၈.၂၀၂၃ နေ့ထိ လုပ်ငန်းရှင် (၁)ဦး ထံမှ ကျပ်သန်း ၂၀ ကို ပြန်လည် ပေးဆပ်ခဲ့ပြီး ကျန်(၃)ဦး မှာ ပေးဆပ်မှုမရှိသေးကြောင်း နှင့် တစ်ဦးချင်းပေးဆပ်ရန် ကျန်ရှိမှုအခြေအနေကို အောက်တွင် ရှင်းလင်းဖော်ပြပါသည်-

(၁) ၁၇.၆.၂၀၂၀ နေ့တွင် ဦးငြိမ်းချမ်းမောင်နှင့်ဒေါ်မိုးမိုးရှိန် (ဗာရာဏသီဟိုတယ်) (စာရင်းအမှတ် (CM-002682))သို့ ထုတ်ချေးခဲ့သည့် ချေးငွေ ကျပ်သန်း ၁၅၀ မှာ ၁၆-၆-၂၀၂၃နေ့တွင် (၃)နှစ်ပြည့်မြောက်ခဲ့သော်လည်း ပေးဆပ်မှု

မရှိသေးခြင်းအပေါ် ဘဏ်ခွဲ၏၁၃-၆-၂၀၂၃ ရက်စွဲပါစာဖြင့် သက်တမ်းစေ့ရောက်မည့်နေ့တွင် အရင်းအတိုးအကြေပေးဆပ်ရန် နှင့် ပေးဆပ်ရန်ပျက်ကွက်ပါက ချေးငွေသဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားမကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခဲ့သော်လည်း လုပ်ငန်းရှင်မှ ပြန်လည်ပေးဆပ်ခြင်းမရှိသဖြင့် ဘဏ်ခွဲမှ ၂၀-၇-၂၀၂၃ ရက်စွဲပါစာဖြင့် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) ချေးငွေစိစစ်ကြီးကြပ်ကွပ်ကဲရေး ဌာနခွဲသို့ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရေး လမ်းညွှန်မှုပေးပါရန် တင်ပြခဲ့ရာ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) ချေးငွေစိစစ်ကြီးကြပ် ကွပ်ကဲရေးဌာနခွဲ၏ ၂၇-၇-၂၀၂၃ ရက်စွဲပါစာဖြင့် ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီမှ တရားစွဲဆိုရန် အကြောင်းကြားမှုမပြုမီကာလအတွင်း လုပ်ငန်းရှင်အား ချေးငွေအရင်း၊အတိုး ပြေကြေစွာပေးဆပ်စေရေး စည်းရုံးကောက်ခံသွားရန် ညွှန်ကြားထားခြင်း၊

(၂) ၁၄-၇-၂၀၂၀နေ့တွင် ဒေါ်အေးကြည် (သမီး)ဒေါ်မြတ်ငြိမ်းအေး (ကြံတိုင်းအောင် မိသားစု) (စာရင်းအမှတ်(CF-002672)) အား ထုတ်ချေးခဲ့သည့် ချေးငွေကျပ်သန်း ၁၀၀ မှာ ၂-၇-၂၀၂၂ နေ့တွင် ကျပ်သန်း ၃၀ ပေးသွင်း၍ ကျပ်သန်း ၇၀ ပေးဆပ်ရန်ကျန်ရှိနေခြင်းအပေါ် ပေးဆပ်ရန် ကျန်အရင်း နှင့် အတိုးငွေများကို သက်တမ်းစေ့ရောက်မည့်နေ့တွင် အကြေပေးဆပ်ရမည်ဖြစ်ကြောင်းနှင့် ပေးဆပ်ရန်ပျက်ကွက်ပါက ချေးငွေသဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားမကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ်ခွဲ၏ ၆-၇-၂၀၂၃ ရက်စွဲပါစာဖြင့် အသိပေးအကြောင်းကြားထားခြင်း၊

(၃) ၂၈-၇-၂၀၂၀ နေ့တွင် ဦးခင်မောင်ချို + ဒေါ်ခင်ထွေးရီ (ချိုထောက်ပံ့ရေးလုပ်ငန်းစု) စာရင်းအမှတ် (CC-00482) အား ထုတ်ချေးခဲ့သည့် ချေးငွေကျပ်သန်း ၂၀ မှာ ၂၇-၇-၂၀၂၃ နေ့တွင် (၃)နှစ် ပြည့်မြောက်ခဲ့သော်လည်း

ပေးဆပ်မှုမရှိသေးခြင်းအပေါ် ချေးငွေအရင်းနှင့် အတိုးငွေများကို သက်တမ်းစေ့ရောက်မည့်နေ့တွင် အကြေပေးဆပ်ရမည်ဖြစ်ကြောင်း နှင့် ပေးဆပ်ရန်ပျက်ကွက်ပါက ချေးငွေသဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားမကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ်ခွဲ၏ ၆-၇-၂၀၂၃ ရက်စွဲပါစာဖြင့် အသိပေးအကြောင်းကြားထားခြင်း၊

**ရန်ကုန်တိုင်းဒေသကြီး**

(က) **ဘဏ်ခွဲ-၁ မှ** ၃၁-၅-၂၀၂၃ နေ့ထိ အရင်းအကြေပေးဆပ်သောလုပ်ငန်း ၁၁ ခု ကျပ်သန်း ၁,၀၆၅ ၏ ပြန်လည်ပေးဆပ်မှုအား စစ်ဆေးရာတွင် အောက်ပါ လုပ်ငန်း ၆ ခုမှာ အမှန်ပေးချေရမည့်နေ့ထက် နောက်ကျပေးချေထားမှုအပေါ် ဒဏ်ကြေး ကောက်ခံပေးသွင်းထားမှုမရှိခြင်း-

| စဉ် | လုပ်ငန်း | ချေးငွေ (ကျပ်သန်း) | စတင် ထုတ်ချေးနေ့ | ပြန်ဆပ်ရမည့်နေ့ | ပြန်လည်ပေးဆပ်သည့်နေ့ | ကျော်လွန်ရက် |
|---|---|---|---|---|---|---|
| ၁။ | ရွှေရည်စံပယ်အဝတ်အထည်ထုတ်လုပ်ရေး | ၁၂၅.၀၀၀ | ၅-၅-၂၀၂၀ | ၄-၅-၂၀၂၃ | ၁၁-၇-၂၀၂၃ | ၆၈ |
| ၂။ | Earth Industrial (Myanmar) Co.,ltd | ၃၅၀.၀၀၀ | ၄-၅-၂၀၂၀ | ၃-၅-၂၀၂၂ | ၂၁-၇-၂၀၂၂ | ၇၉ |
| ၃။ | Men Collection | ၂၅.၀၀၀ | ၅-၅-၂၀၂၀ | ၄-၅-၂၀၂၃ | ၈-၈-၂၀၂၃ | ၉၆ |
| ၄။ | Affinity Allience International Co.,ltd | ၂၀.၀၀၀ | ၁၃-၅-၂၀၂၀ | ၁၃-၅-၂၀၂၃ | ၈-၆-၂၀၂၃ | ၂၆ |
| ၅။ | Bagan Gift Centre | ၃၀.၀၀၀ | ၁၄-၅-၂၀၂၀ | ၁၃-၅-၂၀၂၃ | ၂၁-၈-၂၀၂၃ | ၁၀၀ |
| ၆။ | ပုလဲကြွယ်စားသောက်ဆိုင် | ၃၀.၀၀၀ | ၁-၆-၂၀၂၀ | ၃၁-၅-၂၀၂၃ | ၂၇-၆-၂၀၂၃ | ၂၇ |

(ခ) **ဘဏ်ခွဲ-၁ မှ** ၃၁-၅-၂၀၂၃ နေ့ရှိပေးဆပ်ရန်ကျန် ၂၁၅ ဦး ကျပ်သန်း ၁၄,၅၇၆ တွင် ပေးဆပ်ခြင်းမရှိသူ ၂၁၁ ဦး ကျပ်သန်း ၁၃,၈၀၁ ၊ ၅/၂၀၂၃ လထိ အလီလီပေးဆပ်သူ ၄ ဦး ၏ စာရင်းရှင်စာရင်းတွင် ထိန်းသိမ်းထားရှိသော အလီလီ ပေးဆပ်ငွေ ကျပ်သန်း ၄၈၂.၄၀၀ နှင့် အလီလီပေးဆပ်မှုမှကျန်ငွေ ကျပ်သန်း ၂၉၂.၆၀၀ တို့ပါဝင်နေပြီး

ပေးဆပ်ရန်ကျန်ရှိသည့် သက်တမ်းစေ့ရောက်ပြီး ချေးငွေများအတွက် ပြန်လည်ပေးဆပ်ရန် နှိုးဆော်စာများ ထုတ်ပြန်ထားကြောင်း တွေ့ရှိရခြင်း။

(ဂ) **ဘဏ်ခွဲ-၂ မှ** ၃၁-၅-၂၀၂၃ ရက်နေ့အထိ ပေးဆပ်ရန်ကျန်ရှိသည့် လုပ်ငန်း ၁၇၀ ခု ကျပ်သန်း ၅,၀၂၁.၅၀၀ တွင် ပေးဆပ်ရန်သက်တမ်းစေ့ရောက်သည့် လုပ်ငန်း ၅၂ ခု ကျပ်သန်း ၁,၅၄၃.၀၀၀ နှင့် ၃၁-၅-၂၀၂၃ ရက်နေ့အထိ ပေးဆပ်ရန် သက်တမ်းစေ့ရောက်မှုမရှိသေးသည့် လုပ်ငန်း ၁၁၈ ခု ကျပ်သန်း ၃,၄၇၈.၅၀၀ တို့ပါဝင်ကြောင်း တွေ့ရှိရပြီး ပေးဆပ်ရန်ကျန်ရှိသည့် သက်တမ်းစေ့ရောက်ပြီးချေးငွေများအတွက် ပြန်လည်ပေးဆပ်ရန် နှိုးဆော်စာများ ထုတ်ပြန်ထားမှု မရှိကြောင်း တွေ့ရှိရခြင်း။

(ဃ) **ဘဏ်ခွဲ-၄ တွင်** ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ထုတ်ချေးငွေ လုပ်ငန်း ၁၃၁ ခု ကျပ်သန်း ၄,၂၄၉ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လုပ်ငန်း ၁၂ ခုမှ အရင်း ကျပ်သန်း ၆၂၅၊ အတိုး ကျပ်သန်း ၁၂.၅၁၀ ၊ ဒဏ်တိုး ကျပ်သန်း ဝ.၃၅၁ နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (၄/၂၀၂၃ မှ၅/၂၀၂၃ လအထိ)တွင် လုပ်ငန်း ၁ ခုမှ အရင်း ကျပ်သန်း ၅.၀၀၀ နှင့် အတိုး ကျပ်သန်း ဝ.၁၅၀ ပြန်လည်ပေးဆပ်ခဲ့သဖြင့် ၃၁-၅-၂၀၂၃ ရက်နေ့ တွင် လုပ်ငန်း ၁၁၈ ခုအတွက် ချေးငွေလက်ကျန် ကျပ်သန်း ၃,၆၁၉ ကျန်ရှိ နေခြင်း၊

(င) **ဘဏ်ခွဲ-၄ တွင်** ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ထုတ်ချေးငွေ လုပ်ငန်း ၃၅ ခု ကျပ်သန်း ၅၆၅ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း ၃ ခုမှ အရင်း ကျပ်သန်း ၄၀ နှင့် အတိုး ကျပ်သန်း ဝ.၈၀၀ ပေးဆပ်ခဲ့သဖြင့် ၃၁-၅-၂၀၂၃ ရက်နေ့တွင် လုပ်ငန်း ၃၂ ခု အတွက်ချေးငွေလက်ကျန် ကျပ်သန်း ၅၂၅ ကျန်ရှိကြောင်း တွေ့ရှိရခြင်း၊ **ဘဏ်ခွဲ-၄** တွင် ၃၁-၅-၂၀၂၃ နေ့တွင် စုစုပေါင်း လုပ်ငန်း ၁၅၀ ခု၊ ကျပ်သန်း ၄,၁၄၄ ပေးဆပ်ရန် ကျန်ရှိကြောင်း တွေ့ရှိရခြင်း၊

(စ) **ဘဏ်ခွဲ-၅မှ** ၃၁-၅-၂၀၂၃ ရက်နေ့အထိ ပြန်လည်ပေးဆပ်သူဦးရေ (၁၉)ဦးရှိပြီး အပြေအကြေပေးဆပ်သူများထံမှ အတိုးနှင့်ဒဏ်ကြေး ၁ % ကောက်ခံရာတွင် ကုမ္ပဏီ (၅)ခုမှာ သက်တမ်း (၂)နှစ်အထိအား အတိုးကောက်ခံထားပြီး၊ သက်တမ်း(၂)နှစ် ကျော်သည့် ရက်များအပေါ် အတိုးအနေဖြင့် ကောက်ခံမှုမရှိဘဲ ဒဏ်ကြေး ၁ % သာ

ကောက်ခံထားကြောင်းနှင့် ကုမ္ပဏီ(၅)ခုမှာ ရက်လွန်ဒဏ်ကြေး ကောက်ခံထားမှုမရှိကြောင်း တွေ့ရှိရခြင်း။

(ဆ) **ကြည့်မြင်တိုင်ဘဏ်ခွဲမှ** ထုတ်ချေးသူ (၂၅၃) ဦး ကျပ်သန်း ၇,၀၀၂.၃၀၀ တွင် ၃၁-၅-၂၀၂၃ နေ့ထိ (၇)ဦး ကျပ်သန်း ၂၃၀ ပေးဆပ်ထားသည့်အတွက် ပေးဆပ်ရန်ကျန် (၂၄၆)ဦး ကျပ်သန်း ၆,၇၇၂.၃၀၀ ကျန်ရှိနေပြီး၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ချေးယူထားသူများမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ (၃) ဦး ချေးငွေ ကျပ်သန်း ၆၅ နှင့် MSME လုပ်ငန်းမှ (၃၆)ဦး ချေးငွေ ကျပ်သန်း ၆၂၀ တို့မှာ အရင်း၊ အတိုး လုံးဝ ပေးသွင်းမှုမရှိကြောင်း တွေ့ရှိရခြင်း၊

(ဇ) **တာမွေဘဏ်ခွဲမှ** ၁၆-၇-၂၀၂၀ ရက်နေ့တွင် ချေးငွေ ကျပ်သန်း ၁၀ ထုတ်ချေးထားသည့် ရွှေမန္တလာမေကုမ္ပဏီမှ အရင်းနှင့်အတိုး(၂)နှစ်အတွက် ပေးဆပ်ထားပြီး ၁၆-၇-၂၀၂၂ မှ ၂၄-၁၁-၂၀၂၂ အထိ ရက်ကျော် (၁၃၂) ရက်အတွက် ဒဏ်ကြေး ကျပ်သန်း ၀.၀၂၆ ကောက်ခံမှုမရှိကြောင်း တွေ့ရှိရခြင်း၊

(ဈ) **သင်္ကန်းကျွန်းဘဏ်ခွဲမှ** May Yu Marine Products Co.,Ltd (စာရင်းအမှတ် CM-006588 )သည် ၂-၂-၂၀၂၁ နေ့တွင် ကျပ်သန်း ၁၀၀ ချေး ယူ ပြီး ၁ နှစ် ပြည့် မြောက်သည့် ၁-၂-၂၀၂၂ နေ့တွင် ပေးဆပ်ရန် ဖြစ်သော်လည်း ၉-၂-၂၀၂၂ နေ့တွင် ကျပ်သန်း ၅၀ နှင့် ၁၅-၂-၂၀၂၂ နေ့တွင် ကျပ်သန်း ၅၀ တို့ကို အကြေပေးဆပ်ထားပြီး အတိုးငွေ ကျပ်သန်း ၁.၀၀၀ ကောက်ခံထား၍ ဒဏ်ကြေး ကောက်ခံထားမှုမရှိခြင်းနှင့် ထုတ်ချေးသူ (၂၁၃) ဦးတွင် (၅၂)ဦးသာ အတိုးပေးသွင်း မှုရှိပြီး ကျန်(၁၆၁)ဦးမှာ အတိုး လုံးဝ ပေးသွင်းမှုမရှိကြောင်း တွေ့ရှိရခြင်း။

## ရှမ်းပြည်နယ်

(က) မြန်မာ့စီးပွားရေးဘဏ် (တောင်ကြီး) မြို့တွင် (၃)နှစ်ကာလပြည့်မြောက်ပြီး ဖြစ်သော်လည်း အတိုး/အရင်း လုံးဝ ပေးသွင်းထားမှုမရှိသော ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ထုတ်ချေးသူ လုပ်ငန်းရှင် (၁၀) ဦး ကျပ်သန်း ၂၀၀ နှင့် အတိုးလုံးဝမသွင်းသော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် လုပ်ငန်းရှင်(၄) ဦး ကျပ်သန်း ၈၀ နှင့် ၂၀၂၁-၂၀၂၂ (Mini) ၆ လ ကာလအတွင်း ထုတ်ချေးသူလုပ်ငန်းရှင်(၁) ဦး ကျပ်သန်း ၁၅ စုစုပေါင်း (၁၅) ဦး

ကျပ်သန်း ၂၉၅ ရှိပြီး မြန်မာ့စီးပွားရေးဘဏ်၊ တောင်ကြီးမြို့ ၏ ၄-၉-၂၀၂၃ နှင့် ၁၅-၁၁-၂၀၂၃ ရက်စွဲပါ စာများဖြင့် နှိုးဆော်စာများ ထုတ်ပြန်၍ တောင်းခံထားကြောင်း တွေ့ရှိရခြင်း၊

(ခ) မြန်မာ့စီးပွားရေးဘဏ် (ကျောက်မဲ) မြို့တွင် ချေးငွေသက်တမ်း (၃)နှစ်ကာလပြည့် မြောက်ပြီးဖြစ်သော်လည်း အတိုး/အရင်းပေးဆပ်ရန်ကျန်(၃)ဦးနှင့် အတိုး ပေးဆပ်ရန် ကျန်(၁)ဦးပေါင်း (၄)ဦး ရှိပြီး မြန်မာ့စီးပွားရေးဘဏ် (ကျောက်မဲ) မြို့မှ ၆/၂၀၂၃ လတွင် နှိုးဆော်စာများထုတ်ပြန်၍ တောင်းခံထားကြောင်းတွေ့ရှိရခြင်း၊

(ဂ) မြန်မာ့စီးပွားရေးဘဏ် (လားရှိုး)မြို့မှ ချေးငွေ သက်တမ်း(၃)နှစ်ပြည့်သူ လုပ်ငန်းရှင် (၁)ဦးနှင့် မြန်မာ့စီးပွားရေးဘဏ် (ပင်းတယ) မှ မွေးမြူရေးလုပ်ငန်းရှင်(၁)ဦးတို့မှာ စစ်ဆေးချိန် ၈/၂၀၂၃ လအထိ လုပ်ငန်းလိုင်စင်မှတ်ပုံတင် သက်တမ်းတိုးရယူထားမှု မရှိကြောင်း တွေ့ရှိရခြင်း။

**ဧရာဝတီတိုင်းဒေသကြီး**

(က) ဧရာဝတီတိုင်းဒေသကြီးတွင် ထုတ်ချေးသူ ၈၈၈ ဦး ကျပ်သန်း ၁၈၇၇၅ မှာ စစ်ဆေးသည့်ကာလအတွင်း ချေးငွေများအကြေပေးဆပ်မှု မရှိခြင်းနှင့် အလီလီ ပေးဆပ်ခြင်း ကျပ်သန်း ၈၁၆.၉၄၀ ရှိပြီး ၃၁-၃-၂၀၂၃ နေ့တွင် ထုတ်ချေးသူ ၈၈၈ ဦး ကျပ်သန်း ၁၈၁၅၆.၀၆ ပေးဆပ်ရန် ကျန်ရှိကြောင်း တွေ့ရှိရခြင်း၊

(ခ) ချေးငွေထုတ်ချေးမှုများနှင့်စပ်လျဉ်း၍ မှတ်တမ်းများထားရှိပြီး သတ်မှတ်ကာလ အတွင်း အရင်းအတိုးများပေးဆပ်ရန်အတွက် အကြောင်းကြားစာများထုတ်ဆင့်ခြင်း၊ ဖုန်းဖြင့် ဆက်သွယ်တောင်းခံခြင်း၊ နှိုးဆော်စာများဖြင့် အကြောင်းကြားခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြချက်အရ တွေ့ရှိရခြင်း၊

**နေပြည်တော်**

(က) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းရှင် (၅၆) ဦးသို့ ထုတ်ချေးငွေ ကျပ်သန်း ၂၁၀၅ ဖြစ်ပြီး ၃၁-၃-၂၀၂၃ ရက်နေ့ထိ အရင်း အကြေပေးဆပ်သူ (၈)ဦး ကျပ်သန်း ၇၉၀ နှင့် အရင်းအလီလီ ပေးဆပ်သူ (၆)ဦး ကျပ်သန်း ၅၂.၁၀၀ ဖြစ်သဖြင့် ပေးဆပ်ရန်ကျန် (၄၈)ဦး ကျပ်သန်း ၁၂၆၂.၉၀၀ ဖြစ်ပြီး ၈/၂၀၂၃ လတွင် သက်တမ်း

(၃) နှစ် ပြည့်မြောက်မည်ဖြစ်၍ ပေးဆပ်ရန်ကျန်သည့် လုပ်ငန်းရှင်များသို့ ချေးငွေ အရင်းနှင့်အတိုးငွေများ ပြန်လည်ပေးဆပ်ရန်အတွက် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၏ ၁၉-၆-၂၀၂၃ ရက်စွဲပါစာဖြင့် နှိုးဆော်စာ ထုတ်ပြန်ထားကြောင်း တွေ့ရှိရခြင်း၊

(ခ) ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းရှင် (၁၅) ဦးသို့ ထုတ်ချေးငွေ ကျပ်သန်း ၄၅၈.၀၀၀ ဖြစ်ပြီး အရင်းပေးဆပ်ရန် ကာလမစေ့ရောက်သေးသော်လည်း လုပ်ငန်းရှင် (၁)ဦးမှ အရင်း ကျပ်သန်း ၅.၀၀၀ ပေးသွင်းခဲ့သဖြင့် ၃၁-၃-၂၀၂၃ ရက်နေ့တွင် ပေးဆပ်ရန် ကျပ်သန်း ၄၅၃ ကျန်ရှိနေကြောင်း တွေ့ရှိရခြင်း၊

(ဂ) ၂၀၂၁-၂၀၂၂ (Mini) တွင် မြန်မာ့စီးပွားရေးဘဏ်၊ ပျဉ်းမနားမှ မွေးမြူရေးလုပ်ငန်းရှင် (၃) ဦးသို့ ကျပ်သန်း ၂၃ နှင့် မြန်မာ့စီးပွားရေးဘဏ်၊ တပ်ကုန်းမှလုပ်ငန်းရှင် (၁) ဦးသို့ ကျပ်သန်း ၁၀ စုစုပေါင်း ကျပ်သန်း ၃၃ ထုတ်ချေးခဲ့ပြီး အတိုး ကျပ်သန်း ၀.၃၃၀ ပေးဆပ်ခဲ့ခြင်းနှင့် ထုတ်ချေးငွေ အရင်းပေးဆပ်ရန် ကာလမစေ့ ရောက်သေးကြောင်း တွေ့ရှိရခြင်း။

၃၈။ မြန်မာ့စီးပွားရေးဘဏ်မှ ပုဂ္ဂလိကဘဏ်များသို့ ထုတ်ချေးငွေ ကျပ်သန်း ၁၀,၆၉၂.၅၀၀ မှာ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီမှ မြန်မာနိုင်ငံဘဏ်များအသင်းသို့ တိုက်ရိုက်ထုတ်ချေးခဲ့ပြီး မြန်မာ့အရှေ့တိုင်း ဘဏ်လီမိတက်(MOB) မှ (၄၉) ဦး ကျပ်သန်း ၁,၅၃၇.၅၀၀၊ အသေးစားနှင့်အလတ်စားဖွံ့ဖြိုး တိုးတက်ရေးဘဏ်လီမိတက် (SMED) မှ (၄၅) ဦး ကျပ်သန်း ၁,၉၂၀၊ နေပြည်တော်ဖွံ့ဖြိုးရေး ဘဏ်လီမိတက်(NDB) မှ (၁၆) ဦး ကျပ်သန်း ၆၀၀၊ သမဝါယမဘဏ်လီမိတက်(CB) မှ (၆၈) ဦး ကျပ်သန်း ၃,၃၀၀၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်(AGD) မှ (၄၃) ဦး ကျပ်သန်း ၁,၆၈၅၊ ဧရာဝတီတောင်သူလယ်သမားများဘဏ်လီမိတက်( A Bank) မှ (၄၃) ဦး ကျပ်သန်း ၁,၆၅၀ စုစုပေါင်း ဘဏ် ၆ ဘဏ် မှ (၂၆၄) ဦး ကျပ်သန်း ၁၀,၆၉၂.၅၀၀ ထုတ်ချေးခဲ့ခြင်း ဖြစ်ပါသည်။ ပုဂ္ဂလိကဘဏ်များမှ ချေးငွေပမာဏတင်ပြချက်အရ မြန်မာ့စီးပွားရေးဘဏ်သည် ကိုဗစ်-၁၉ ရန်ပုံငွေမှ စာရင်းညှိနှိုင်းပေးခြင်းဖြစ်ကြောင်းနှင့် ပုဂ္ဂလိကဘဏ်များက ထုတ်ချေးသည့် ဦးရေနှင့် ငွေပမာဏကိုသာ တင်ပြခဲ့ပြီး ချေးငွေနှင့်စပ်လျဉ်းသည့် စာရင်းအထောက်အထားများနှင့် ကြီးကြပ်

သည့် အထောက်အထားများတင်ပြနိုင်မှုမရှိကြောင်း တွေ့ရှိရသဖြင့် ပုဂ္ဂလိကဘဏ်များက ထုတ်ချေးမှုများအတွက် တင်ပြသည့် စာရင်းအထောက်အထားများနှင့် ကြီးကြပ်မှု အထောက်အထားများကို စစ်ဆေးမှုခံယူနိုင်ရေး အလေးထား စီမံကြီးကြပ်ဆောင်ရွက်သင့်ကြောင်း သုံးသပ်အကြံပြုပါသည်။

၃၉။ ကုန်ကြမ်းပေး၊ ကုန်ချောယူ လက်ခစားစနစ် (Cut Make Pack-CMP) လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ထုတ်ချေးခဲ့သည့်ချေးငွေများနှင့်စပ်လျဉ်း၍ ချေးငွေသက်တမ်းစေ့ရောက်မှုမရှိသေးသည့် ချေးငွေအရင်းများ ကောက်ခံရရှိစေရေး ကြိုတင်စီမံဆောင်ရွက်ရန်၊ သက်တမ်းစေ့ရောက်၍ ပေးဆပ်ရမည့် ချေးငွေအရင်းများ၊ ပေးသွင်းရမည့် အတိုးများ ၊နောက်ကျပေးသွင်းမှုများအတွက် ပေးသွင်းရမည့် ဒဏ်ကြေးများ ကောက်ခံရရှိစေရေး စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း သုံးသပ်အကြံပြုပါသည်။

## နှစ်ချုပ်စာရင်းစစ်ဆေးခြင်း

၄၀။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့မှတစ်ဆင့် ထုတ်ချေးခဲ့သည့် ချေးငွေအရင်း၊ အတိုးပေးဆပ်မှုများ၊ ပေးဆပ်ရန်ကျန်ရှိမှုများနှင့်စပ်လျဉ်း၍ နှစ်ချုပ်စာရင်းတင်မှုများကို စစ်ဆေးရာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများသို့ ထုတ်ချေးသည့် COVID -19 Special Relief's Loan ချေးငွေများအတွက် အရင်းအတိုးပေးဆပ်မှုများ၊ ရရန်ရှိ အရင်း၊အတိုးများကို နှစ်ချုပ်စာရင်းတွင် စာရင်းတင်ထားကြောင်း တွေ့ရှိရပါသည်။ မြန်မာ့စီးပွားရေးဘဏ်မှ လုပ်ငန်းရှင်များသို့ ထုတ်ချေးခဲ့သည့် ချေးငွေများအတွက် အရင်း၊ အတိုးပေးဆပ်မှုများ၊ ရရန်ရှိ အရင်းများကို နှစ်ချုပ်စာရင်းတွင် စာရင်းတင်ထားသော်လည်း ရရန်ရှိ အတိုးများနှင့်စပ်လျဉ်း၍ မြန်မာ့စီးပွားရေးဘဏ်၏ ၃၀-၃-၂၀၂၃ ရက်စွဲပါ ကြေးနန်းစာဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းတွင် COVID -19 ချေးငွေများ အတိုး လျာထားခြင်းအားဆောင်ရွက်ခြင်းမပြုရန် လက်အောက်ဘဏ်ခွဲများသို့ အကြောင်းကြားချက်အရ ရရန်ရှိအတိုးများ လျာထားခြင်းမပြုကြောင်း တွေ့ရှိရပြီး မြန်မာ့စီးပွားရေးဘဏ်သည် Accural Basis ဖြင့် ဆောင်ရွက်နေသည့် ဌာနဖြစ်သဖြင့် ရရန်ရှိ အတိုးများ လျာထားဆောင်ရွက်သင့်ကြောင်း သုံးသပ်ပါသည်။

**ကိုဗစ် ၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (COVID-19 Economic Relief Plan- CERP's Action Plan) ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

၄၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးမှုမရှိဘဲ ရောဂါကူးစက်မှုကို လျော့နည်းစေနိုင်မည့်နည်းလမ်းများကို ဖော်ဆောင်ရန်အတွက် စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီး ဌာန ၏ ၂၈-၄-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ စဘစ/ဘဏ္ဍာ-၂/၂/၂/၂၂(၁၈၇၄/၂၀၂၀) ဖြင့် ထုတ်ပြန်ထားသည့် ကိုဗစ် ၁၉ ၏ ဆိုးကျိုးသက်ရောက်မှုများကို ဖြေလျော့နိုင်ရန် အားလုံးတစ်ပေါင်းတည်း ကျော်လွှားခြင်း - ကိုဗစ် ၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (Overcoming as One: COVID-19 Economic Relief Plan- CERP's Action Plan) အရ **ယခင် စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**အနေဖြင့် ဆောင်ရွက်ရမည့်ပန်းတိုင်များနှင့် လုပ်ငန်းစဉ်များအနက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို အောက်ပါဇယား ( ၄ ) ဖြင့် ဖော်ပြပါသည် -

**ဇယား ( ၄ )**

**Covid-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (COVID-19 Economic Relief Plan –CERP's Action plan) အရ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၏ ဆောင်ရွက်ထားရှိမှုအခြေအနေ**

| စဉ် | | | ပန်းတိုင် | ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် | ညွှန်းကိန်း | အချိန်ကာလ | ဆောင်ရွက်ပြီးစီးမှု အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | | **ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့်ဘဏ် လုပ်ငန်းကဏ္ဍများ ပိုမိုလွယ်ကူချောမွေ့စေခြင်းဖြင့် ပုဂ္ဂလိက ကဏ္ဍအပေါ် သက်ရောက်မှုများ လျော့နည်းစေခြင်း** | | | | | |
| | ၁ | | **၂.၁ ပုဂ္ဂလိကကဏ္ဍရှိ လုပ်ငန်းများအပေါ် သက်ရောက်မှုများ လျော့နည်းစေခြင်း** | | | | | |
| | | ၁ | | **၂.၁.၁ အတိုးနှုန်းသက်သာသည့် ချေးငွေထုတ်ချေးခြင်း (အစိုးရ၏ အသုံးစရိတ် ပိုမိုသုံးစွဲခြင်း)** | | | | |
| | | | | (ဃ) မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ပေါင်းစည်းခြင်းကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ပြီးစီးပွားရေးအရ ထိခိုက်မှု အများဆုံးခံရ | ဘဏ် (၂) ခု ပေါင်းစည်းခြင်းကို နှစ်မကုန်မီတတ်နိုင်သမျှ မြန်မြန်ဆောင်ရွက်ပြီးဖြစ်ရန်၊ | ၂၀၂၀ ပြည့်နှစ် မကုန်မီ | မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ လုပ်ငန်းနယ်ပယ်တစ်ခုဖြစ်သည့် နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ မြန်မာ့စီးပွားရေးဘဏ် နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ | အမှန်တကယ်ဆောင်ရွက်နိုင်သည့် ရရန်ပိုင်ခွင့် |

| စဉ် | ပန်းတိုင် | ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် | ညွှန်းကိန်း | အချိန်ကာလ | ဆောင်ရွက်ပြီးစီးမှု အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | | သည့် မြို့နယ်များတွင် ရွှေ့ပြောင်းဆောင်ရွက်လျက်ရှိသည့်ချေးငွေ အစီအစဉ်များ တိုးချဲ့ထုတ်ချေးနိုင်ရေး ဆောင်ရွက်သွားရန်။ | | | ပေါင်းစည်းရေးအတွက် ပြုပြင်ပြောင်းလဲရေး အစီအစဉ်အား ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် Rabo International Advisory Services မှ ရေးဆွဲခဲ့ပြီး ကမ္ဘာ့ဘဏ်နှင့် အဆက်အသွယ် မရရှိသေးသည့် ကြားကာလအတွင်း အဆိုပါအစီစဉ်ကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ၍ ၂.၁.၁ ပါ အတိုးနှုန်းသက်သာသည့် ချေးငွေထုတ်ချေးခြင်းကိစ္စနှင့် စပ်လျဉ်း၍ ရပ်ဆိုင်းခဲ့ပါသည်။ ဘဏ်နှစ်ဘဏ် ပေါင်းစည်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမှန်တကယ် ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်များဖြစ်သည့် Action Plan ပါ ရရန်ပိုင်ခွင့်အားလုံး (မြေနှင့် အဆောက်အဦ) စာရင်းပြုစုခြင်း နှင့် ပိုင်ဆိုင်မှုအထောက်အထား ခိုင်မာအောင် ဆောင်ရွက်ခြင်း၊ Assets Verification ပြုလုပ်ခြင်း၊ MADB ၏ ရရန်ကျန်ရှိနေသည့် ကြွေးကျန်များစိစစ်ခြင်းနှင့် ကြွေးကျန်များ အရည်အသွေးစစ်ဆေးခြင်း IT နည်းပညာနှင့် | အားလုံး(မြေနှင့် အဆောက်အဦ) စာရင်းပြုစုခြင်း နှင့်ပိုင်ဆိုင်မှုအထောက်အထားခိုင်မာအောင် ဆောင်ရွက်ခြင်း၊ Assets Verification ပြုလုပ်ခြင်း၊ MADB ၏ ရရန်ကျန်ရှိနေသည့် ကြွေးကျန်များ စိစစ်ခြင်း လုပ်ငန်းစဉ်များ ဆက်လက် ဆောင်ရွက်ရန် |

| စဉ် | ပန်းတိုင် | ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် | ညွှန်းကိန်း | အချိန်ကာလ | ဆောင်ရွက်ပြီးစီးမှု အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | | | | | လုပ်ငန်းပိုင်းဆိုင်ရာ ပေါင်းစပ်နိုင်ရေး ဆောင်ရွက်ခြင်း နှင့် New Products များပေးနိုင်ရေး ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းစဉ်များကို စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း Covid - 19 Special Relief Loan (အထူးချေးငွေ) ထုတ်ချေးရန် ငွေတိုက်ဦးစီးဌာနမှ ခွဲဝေရရှိခဲ့သည့် ရန်ပုံငွေဖြင့် တောင်သူလယ်သမားများသို့ Covid-19 Special Relief Loan အား ချေးငွေ အတိုးနှုန်း တစ်နှစ်လျှင် ၅ % ဖြင့် ၂၀၂၀ ပြည့်နှစ် ဇွန်လ မှစတင်၍ ၂၄-၁၂-၂၀၂၀ ရက်နေ့ အထိ ထုတ်ချေးခဲ့ပါသည်။ Covid-19 Special Relief Loan (အထူးချေးငွေ)ကို ၂၄-၁၂-၂၀၂၀ နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ် (၁၅) ခု၊ ခရိုင်/ မြို့နယ် ဘဏ်ခွဲ (၂၀၈) ခုတွင် ရပ်ကွက်/ ကျေးရွာအုပ်စု (၁၀,၅၈၁) ၊ တောင်သူ (၁,၆၃၇,၁၄၃) ဦး၊ ဧကပေါင်း (၉,၆၉၅,၄၀၆) ၊ ချေးငွေပမာဏကျပ် (၄၈၄.၇၇၀၃) ဘီလီယံအား | နှင့် ထုတ်ချေး ထားသည့် ချေးငွေများ အပြည့်အဝ ပြန်လည်ရရှိစေ ရေး စီမံ ဆောင်ရွက်သင့် ကြောင်းသုံးသပ် ပါသည်။ |

| စဉ် | | | ပန်းတိုင် | ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် | ညွှန်းကိန်း | အချိန်ကာလ | ဆောင်ရွက်ပြီးစီးမှု အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | | | | | | | ထုတ်ချေးပေးခဲ့ပါသည်။ | |
| | | ၂ | | **၂.၁.၂ ချေးငွေအာမခံခြင်း**<br>(ခ) လက်ရှိ လည်ပတ်နေသော (သို့) အသစ်ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် စီးပွားရေးတိုးတက်မှုကို ဖြစ်ထွန်းစေမည့် သတ်မှတ်ကဏ္ဍများတွင် လုပ်ငန်းဆောင်ရွက်ပြီး အဆိုပါလုပ်ငန်းသည် COVID-19 ကြောင့် သက်ရောက်မှုများ ခံစားရပါက အစိုးရအနေဖြင့် ချေးငွေအာမခံချက်များ ပေးသွားရန်။ | လုပ်ငန်းများသို့ ချေးငွေ အာမခံချက် ပေးပြီးဖြစ်ရန်၊ | ၂၀၂၀ ပြည့်နှစ် မကုန်မီ | ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ အထွေထွေပိုလျှံငွေမှ ရယူခဲ့သည့် ကျပ် ၂၀၀ ဘီလီယံအနက် ကျပ် ၁၇၀ ဘီလီယံ ကို ၃၁-၁၀-၂၀၂၂ ရက်နေ့တွင်လည်းကောင်း၊ ၂၃-၁၁-၂၀၂၂ ရက်နေ့တွင် ကျပ် ၁၅.၀၆၁ ဘီလီယံကို လည်းကောင်း ငွေတိုက်ဦးစီးဌာန (နိုင်ငံတော်စာရင်း) သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ရငွေအဖြစ် လွှဲပြောင်းထည့်သွင်းပြီးဖြစ်ပါသည်။ ပေးသွင်းရန်ကျန်ရှိသည့် ကျပ် ၁၄.၉၃၉ ဘီလီယံကို သတ်မှတ်ကာလအတွင်း ပေးဆပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။<br>အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ရယူခဲ့သည့် ကျပ် ၂၃၉.၉၁၇ ဘီလီယံမှ ကျပ် ၂၁၄.၀၉၆ ဘီလီယံကို ၂၂-၁၀-၂၀၂၁ ရက်နေ့တွင် လည်းကောင်း၊ ကျပ် ၂၅.၈၂၁ ဘီလီယံကို ၂-၅-၂၀၂၃ ရက်နေ့တွင်လည်းကောင်း အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေစာရင်းအမှတ် | ထုတ်ချေးထားသည့် ချေးငွေများ အပြည့်အဝ ပြန်လည်ရရှိစေရေး စီမံကြီးကြပ်ဆောင်ရွက်သင့်ကြောင်း သုံးသပ်ပါသည်။ |

| စဉ် | | | ပန်းတိုင် | ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် | ညွှန်းကိန်း | အချိန်ကာလ | ဆောင်ရွက်ပြီးစီးမှု အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | | | | | | | (OA-011834)သို့ အပြေအကျေပြန်လည် လွှဲပြောင်းအပ်နှံပြီးဖြစ်ပါသည်။ | |
| | ၂ | ၁ | **၂.၄. နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ခြင်း** | **၂.၄.၁ ကုန်သွယ်မှုမြှင့်တင်ရေး ဘဏ္ဍာငွေပံ့ပိုးခြင်း**<br>(က) ကုန်သွယ်မှု မြှင့်တင်ရန်အတွက် ကျပ် ၁၀၀ ဘီလီယံကို ရန်ပုံငွေ တစ်ရပ်တည်ထောင်၍ သတ်မှတ်ထားသည့် ကူးသန်းရောင်းဝယ်ရေးဘဏ်များမှ တစ်ဆင့် မည်သည့်ကုန်ပစ္စည်းမျိုးအတွက်မဆို Trade financing ပေး၍ ဆောင်ရွက်သွားရန်။ | နှစ်မကုန်မီ ကုန်သွယ်မှုပံ့ပိုးငွေကို ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပြီး ဖြစ်ရန်၊ | ၂၀၂၀ ပြည့်နှစ်မကုန်မီ | သီးသန့် ကျပ် ဘီလီယံ ၁၀၀ ထူထောင်ခြင်းမရှိ သော်လည်းမြန်မာ့စီးပွားရေးဘဏ်၊မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ Trade financing ပေးနိုင်ရေးအတွက် SOP ရေးဆွဲဆောင်ရွက်ပြီး SOP နှင့်အညီ ဆောင်ရွက် လျက်ရှိပါသည်။ | Trade financing SOP ရေးဆွဲမှု ပြီးပြတ်စေရေးနှင့်SOP နှင့်အညီလုပ်ငန်းဆောင်ရွက်မှုများကိုစီမံ ကြီးကြပ်သင့်ကြောင်း သုံးသပ်ပါသည်။ |

၄၂။ **ဆောက်လုပ်ရေးဝန်ကြီးဌာန** အနေဖြင့် ကိုဗစ်-၁၉ အလွန်စီးပွားရေးကုစားမှုအနေဖြင့်CERP ၏ ပန်းတိုင်(၃)ဖြစ်သည့် "အလုပ်သမားများအပေါ် ဆိုးကျိုးသက်ရောက်မှု လျော့နည်းစေရန် ဆောင်ရွက်ခြင်း" လုပ်ငန်းအစီအစဉ် (၃.၁.၂) "အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည့် အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းများအကောင်အထည်ဖော်ခြင်း"အရ ပြည်သူ့အငှားအိမ်ရာ အခန်း (၁၀,၀၀၀) စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သည့် ရန်ကုန်တိုင်းဒေသကြီး ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး တို့အနက် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး တို့မှာ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး၍ ရန်ကုန်တိုင်းဒေသကြီး အတွင်းဆောင်ရွက်သည့် (၄)ခန်းတွဲ(၅)ထပ်တိုက် (၁၉၄)လုံး၊ အခန်း (၃၁၀၄)ခန်း တည်ဆောက်ခြင်း လုပ်ငန်းကို ၃၁-၃-၂၀၂၄ ရက်နေ့တွင် ပြီးစီးရမည် ဖြစ်ပြီး ခန့်မှန်းခြေစာရင်းမှာ နှစ်အလိုက် ဆောက်လုပ်ရေးသုံးပစ္စည်း ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် အဆောက်အဦ၏ တစ်ယူနစ်ဧရိယာတွင် ခန့်မှန်းတွက်ချက်မှု စရိတ်များ (PAE)နှုန်း တစ်စတုရန်းပေလျှင် ကျပ် ၂၉,၀၀၀ မှ ကျပ် ၅၀,၀၀၀ သို့ တိုးမြှင့်သတ်မှတ်ခြင်းအတွက် Revised Estimate ကို တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသို့ ၁၅-၆-၂၀၂၃ ရက်နေ့တွင် တင်ပြခဲ့ရာ ၂၃-၈-၂၀၂၃ ရက်နေ့တွင် အတည်ပြုချက်ရရှိခဲ့၍ ၃၁-၁၀-၂၀၂၃ ရက်နေ့ထိ တွင် တိုက်(၉၇)လုံး မှာ ၈၇.၅၂ ရာခိုင်နှုန်းသာ ပြီးစီးသေးကြောင်းတွေ့ရှိရသဖြင့် ၃၁-၃-၂၀၂၄ နေ့တွင် ရာနှုန်းပြည့်ပြီးစီးစေရေး တည်ဆောက်ရေးဦးစီးကော်မတီ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် PMU အဖွဲ့တို့က တွန်းအားပေးကြီးကြပ်ဆောင်ရွက်ရန်နှင့် ပြီးစီးမှုမရှိပါက သတ်မှတ်ဒဏ်ကြေးကောက်ခံနိုင်စေရေး စီမံဆောင်ရွက်သင့်ကြောင်း သုံးသပ်ရပါသည်။

**အကြံပြုချက်**

၄၃။ ၂၀၂၀-၂၀၂၁ ခု ၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လထိ (၆) လ ကာလအတွက် ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးဆိုင်ရာ အသုံးစရိတ်များနှင့် COVID-19 Economic Relief Plan- CERP's Action Plan) အရ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့နှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်များအရ အောက်ပါတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည် -

(က) အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်၊ကုသရေး ကုစားရေးတို့နှင့် ဆက်စပ်သည့်အသုံးစရိတ်များအား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ သုံးလပတ်

အလိုက်ပေးပို့ရာတွင် ပိုမို/လျော့နည်းပေးပို့ထားခြင်း၊ ကိုဗစ်-၁၉ အသုံးစရိတ်တွင် မှားယွင်းစာရင်းတင်ထားခြင်း၊ ပြည့်စုံမှန်ကန်မှုမရှိခြင်း၊ ကိုဗစ်-၁၉ အသုံးစရိတ်နှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသည့် အသုံးစရိတ်များ မှားယွင်းထည့်သွင်းပေးပို့ခြင်း၊ ရုံးချုပ် အသုံးစရိတ်စာရင်းနှင့် ဒေသအသုံးစရိတ်စာရင်းများကွဲလွဲခြင်း တို့ကြောင့် ကိုဗစ်-၁၉ အသုံးစရိတ်များ၏ မှန်ကန်မှုကို ထိခိုက်စေသဖြင့် ဒေသရုံးများမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ ၊ရုံးချုပ်မှ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ လစဉ် / သုံးလပတ် စာရင်းများ ပြုစုပေးပို့ရာတွင် ပြည့်စုံမှန်ကန်စွာ ပေးပို့စေရေး ကြီးကြပ် ဆောင်ရွက်ရန် လိုအပ်ခြင်း၊ (အစီရင်ခံစာအပိုဒ်- ၇၊၈)

(ခ) အစိုးရဌာန၊အဖွဲ့အစည်းများသည် ကိုဗစ်-၁၉ ကာကွယ်၊ထိန်းချုပ်၊ကုသရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များကျခံသုံးစွဲရာတွင် ငွေစာရင်း ခေါင်းစဉ်များ မှားယွင်းသုံးစွဲ ထားခြင်းများတွေ့ရှိရသဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး ဌာနမှထုတ်ပြန်ထားသော သာမန်အသုံးစရိတ်များသုံးစွဲရာတွင် အသုံးပြုရမည့် ဘတ်ဂျက်ခေါင်းစဉ် အမှတ်အသား များ ညွှန်ကြားချက်နှင့်အညီ ကျခံသုံးစွဲနိုင်ရေး စီမံကြီးကြပ်ဆောင်ရွက်ရန်လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ်- ၉၊၁၀)

(ဂ) အစိုးရဌာန၊အဖွဲ့အစည်းများသည် ကိုဗစ်-၁၉ ကာကွယ်၊ထိန်းချုပ်၊ကုသရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များအတွက် လအလိုက်သီးသန့် မှတ်တမ်းထားရှိမှုမရှိခြင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် ပစ္စည်းများအတွက် မှတ်ပုံတင် စာအုပ် (Register Book) ဖြင့် စာရင်းပြုစုမှုမရှိခြင်းများတွေ့ရှိရသဖြင့် စာရင်းမှတ်တမ်းများ ပြည့်စုံစွာ ပြုစု ထိန်းသိမ်း စေရေးစီမံကြီးကြပ်ဆောင်ရွက်ရန်လိုအပ်ခြင်း၊ (အစီရင်ခံစာအပိုဒ်- ၁၁၊၁၂)

(ဃ) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန (ရုံးချုပ်) မှ ထောက်ပံ့အသုံးစရိတ်သုံးစွဲငွေ ကျပ်သန်း ၈၅.၅၉၁ ဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်း များ အသုံးပြုရန် ဝယ်ယူခဲ့သည့် ကျန်းမာရေးသုံးအကာအကွယ် ပစ္စည်း(၆)မျိုးမှာ Volunteer များက တောင်းခံမှုမရှိခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် ပစ္စည်းများကို သုံးစွဲခြင်းတို့ကြောင့် ၄-၉-၂၀၂၃ နေ့အထိ လက်ကျန်များစွာ ကျန်ရှိနေ

သဖြင့် လိုအပ်သည့် နေရာများသို့ ဖြန့်ဝေ သုံးစွဲနိုင်ရေး စီမံကြီးကြပ် ဆောင်ရွက်ရန် လိုအပ်ခြင်း၊ (အစီရင်ခံစာအပိုဒ်- ၁၃၊၁၄)

(င) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ယခင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ တို့တွင် ကိုဗစ်-၁၉ကာကွယ်၊ထိန်းချုပ်၊ကုသရေးတို့နှင့်ဆက်စပ်သည့် အသုံးစရိတ်များ ကျခံသုံးစွဲရာတွင် ထောက်ပံ့ငွေ (၂) ကြိမ်ထပ်ထုတ်ပေးခြင်း၊ အသုံးစရိတ်ထုတ်ယူပြီး ချက်ချင်း ငွေပေးချေမှုမရှိခြင်း၊ ရန်ပုံငွေခွင့်ပြုမိန့်မရရှိမီ ကြိုတင်ထုတ်ပေးထားခြင်းတို့ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်စေရေး စီမံကြီးကြပ်ဆောင်ရွက်ရန်လိုအပ်ခြင်း၊ (အစီရင်ခံစာအပိုဒ်- ၁၅၊၁၆)

(စ) ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံး စရိတ်များစစ်ဆေးရာတွင် ယခင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တို့တွင် အသုံးစရိတ်ပြေစာအထောက်အထားများ၊ မှတ်တမ်းများပြည့်စုံစွာ ရရှိမှုမရှိ၍ စစ်ဆေးနိုင်မှုမရှိခဲ့သဖြင့် အသုံးစရိတ်ပြေစာအထောက်အထားများ၊ မှတ်တမ်းများ ပြည့်စုံစွာထားရှိ၍ စာရင်းစစ်ဆေးမှုခံယူနိုင်ရေး စီမံကြီးကြပ်ဆောင်ရွက်ရန်လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ်- ၁၇၊၁၈)

(ဆ) ယခင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ခွင့်အမျိုးမျိုးခံစားနေသည့် ဝန်ထမ်း များ၊ ဌာနကင်းကွာဝန်ထမ်းနှင့် နေ့စားဝန်ထမ်းများအား ၀၁-၀၂ စရိတ်ချီးမြှင့်ငွေ ခေါင်းစဉ်မှ Special Allowance များထုတ်ပေးထားကြောင်း တွေ့ရှိရသဖြင့် Special Allowance ထုတ်ပေးရန် ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ရန်နှင့် လုပ်ငန်း အခြေအနေအရဆောင်ရွက်ရမည့် ကိစ္စရပ်များအတွက် ဦးစီးဌာန၏ခွင့်ပြုချက် ကြိုတင် ရယူဆောင်ရွက်ရန် လိုအပ်ခြင်း၊ (အစီရင်ခံစာအပိုဒ်- ၁၉၊၂၀)

(ဇ) ယခင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ကိုဗစ်-၁၉ အသုံးစရိတ်များအတွက် ခွဲဝေချထားပေးသောငွေစာရင်းခေါင်းစဉ်နှင့် ဆီလျော်မှုမရှိသည့် အသုံးစရိတ်များသုံးစွဲ

ထားကြောင်း တွေ့ရှိရသဖြင့် ခွဲဝေချထားပေးသောငွေစာရင်းခေါင်းစဉ်နှင့် ဆီလျော်သည့် အသုံးစရိတ်များ သုံးစွဲရေး စီမံကြီးကြပ်ဆောင်ရွက်ရန်လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ်- ၂၁၊၂၂)

(ဈ) အလုပ်သမားဝန်ကြီးဌာန ၊ လူမှုဖူလုံရေးအဖွဲ့ (ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ) မှ ကိုဗစ်-၁၉ ဖြစ်စဉ်ကြောင့် ယာယီပိတ်သိမ်းခဲ့သည့် အလုပ်သမားများအား လူမှုဖူလုံရေး အကျုံးဝင် မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများအတွက် ထည့်ဝင်ကြေးပေးသွင်း ထားသည့် လုပ်ခလစာ၏ ၄၀ %ကို ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် အဖြစ်လည်းကောင်း ၊ Quarantine ပြုလုပ်သည့် အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီး အာမခံအလုပ်သမားများအတွက် လုပ်ခလစာ၏ ၆၀ % ကို မကျန်းမာမှု အကျိုး ခံစားခွင့် အဖြစ်လည်းကောင်း ထုတ်ပေးရာတွင် ခွင့်ပြုမိန့် မထုတ်ပြန်မီ ပေးချေထားခြင်း၊ ပိုမိုပေးချေထားခြင်း၊ ခွင့်ပြုပေးသည့် ဦးရေကို ငွေစာရင်းစာအုပ်တွင် ပြည့်စုံမှန်ကန်စွာ ရေးသွင်းထားမှု မရှိခြင်း၊ အလုပ်သမားများ၏ တောင်းခံလွှာများ ပူးတွဲထားမှုမရှိခြင်း၊ အလုပ်သမားများမှ လက်ခံရရှိကြောင်း အထောက်အထားများကို ကုမ္ပဏီများမှ ဌာနသို့ သတ်မှတ်ချိန် အတွင်း ပေးပို့ထားမှုမရှိခြင်း၊ အကျိုးခံစားခွင့်များ ထုတ်ပေးရာတွင် အမှန်ထုတ်ပေးမည့်ရက်ထက် ကြိုတင်ထုတ်ပေးထားခြင်း၊ ရုံးခွဲများမှစာရင်းများ အချိန်မီ ပေးပို့မှုမရှိသဖြင့် ရုံးချုပ်စာရင်းတွင် ထည့်သွင်းဖော်ပြနိုင်မှုမရှိခြင်း၊ အကျိုးခံစားခွင့် စာရင်းများကို ခန့်မှန်းခြေဖြင့် ပေးပို့ခြင်း၊ ဘဏ္ဍာရေးနှစ်ကျော်လွန်မှ ပေးပို့ခြင်းများ နှင့် ရုံးချုပ်သို့ ပေးပို့သည့် လစဉ်အစီရင်ခံစာတွင် အသေးစိတ်စာရင်း ပေးပို့မှုမရှိခြင်း တို့ကိုတွေ့ရှိရသဖြင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်စေရေး၊ စာရင်းများ ပြည့်စုံစွာ ပြုစုထိန်းသိမ်းစေရေး ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ်- ၂၅၊၂၆)

(ည) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် တောင်သူများသို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ကျပ်သန်း ၄၈၄,၇၇၀.၃၀၀ ထုတ်ချေးခဲ့ပြီး ၃၁-၃-၂၀၂၃ နေ့တွင် တောင်သူများမှ ကျပ်သန်း ၃၂၄,၆၈၇.၃၄၄ ပြန်လည် ပေးဆပ်ရန်ကျန်ရှိနေသဖြင့် ချေးငွေအရင်းများ ပြည့်ဝစွာ ပြန်လည်ရရှိ

စေရေး၊ သတ်မှတ်အတိုးများ၊ ဒဏ်ကြေးများကောက်ခံရရှိစေရေး၊ လျော့နည်းကောက်ခံမှုမဖြစ်ပေါ်စေရေး ၊ လျော့နည်းကောက်ခံရငွေများ ပြန်လည်ကောက်ခံပေးသွင်းစေရေး စီမံဆောင်ရွက်ရန် လိုအပ်ခြင်း၊ (အစီရင်ခံစာအပိုဒ်- ၂၉(ကမှ ပ)၊၃၀)

(ဠ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊မြို့နယ်ဘဏ်ခွဲများ ၏ စာရင်းများကွဲလွဲခြင်းမှာ လချုပ်၊ နှစ်ချုပ်စာရင်းများပေးပို့ရာတွင် ရရန်ရှိအတိုးငွေများပါဝင်နေခြင်း၊ အတိုး၊ဒဏ်တိုးများ ပိုမိုဖော်ပြခြင်းနှင့် ကျန်ခဲ့ခြင်း၊ ကျပ်သန်း ဂဏန်းဒဿမ ဖြတ်ယူရာတွင် မှားယွင်းခြင်း၊ စာရင်းရေးသွင်းမှုမှားယွင်းခြင်းတို့ကြောင့် ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊မြို့နယ်ဘဏ်ခွဲများ၏ စာရင်းများ ကွဲလွဲမှုမရှိစေရေး ၊ လချုပ်၊ နှစ်ချုပ်စာရင်းများပေးပို့ရာတွင် ကိန်းဂဏန်း မှန်ကန်မှုရှိစေရေး စီမံဆောင်ရွက်ရန် လိုအပ်ခြင်း၊ (အစီရင်ခံစာအပိုဒ်- ၂၉(ဖ)၊၃၀)

(ဋ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် သတင်းမီဒီယာ လုပ်ငန်းရှင် (၉၉) ဦးသို့ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လအတွင်း ကျပ်သန်း ၇,၇၄၇.၅၀၀ ထုတ်ချေးခဲ့ပြီး ၃၁-၃-၂၀၂၃ နေ့တွင် (၉၇) ဦး မှာ အရင်း ကျပ်သန်း ၇၆၃၈.၇၀၀ ပေးဆပ်ရန် ကျန်ရှိနေသဖြင့် သက်တမ်းစေ့ရောက်ချိန်တွင် ချေးငွေများ ပြန်လည်ရရှိစေရေး ကြိုတင်စီမံဆောင်ရွက်ရန်၊ ချေးငွေသက်တမ်း ၁ နှစ် စေ့ရောက် သည့်နေ့တွင် အတိုးများ ရရှိစေရေး စီမံဆောင်ရွက်ရန်၊ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)နှင့် မန္တလေးတိုင်းဒေသကြီးဘဏ်ခွဲ စာရင်းကွဲလွဲမှုများ ပြန်လည် ညှိနှိုင်းရန် လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ်- ၃၁၊၃၂)

(ဌ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်လုပ်ကိုင်သူ (၅၉)ဦးသို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ကျပ်သန်း ၆၅,၉၀၃.၀၀၀ ထုတ်ချေးခဲ့ပြီး ၃၁-၃-၂၀၂၃ နေ့တွင် (၈)ဦး ကျပ်သန်း ၁,၀၁၀.၃၃၃ ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသဖြင့် ပေးဆပ်ရန် ကျန်ရှိသည့်

အရင်းအတိုးများ၊ ပေးဆပ်ရန်ပျက်ကွက်မှုအတွက် သတ်မှတ်ဒဏ်ကြေးနှင့် ပျက်ကွက်ကြေးများ ကောက်ခံရရှိစေရေး စီမံဆောင်ရွက်ရန် လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ်- ၃၃၊၃၄)

(ဃ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း စီးပွားရေး ချေးငွေ (Commercial Loan) လုပ်ငန်းရှင် (၃၆) ဦး ကျပ်သန်း ၁၃,၇၆၅.၀၀၀ ထုတ်ချေးခဲ့ပြီး ၃၁-၃-၂၀၂၃ နေ့တွင် (၂၉) ဦးကျပ်သန်း ၆,၄၂၅.၅၀၀ ပြန်လည် ပေးဆပ်ရန် ကျန်ရှိနေသဖြင့် ချေးငွေသက်တမ်းစေ့ရောက်မှုမရှိသေးသည့် ချေးငွေ အရင်းများ ကောက်ခံရရှိစေရေး ကြိုတင်စီမံဆောင်ရွက်ရန်၊ သက်တမ်းစေ့ရောက်၍ ပေးဆပ်ရမည့် ချေးငွေအရင်းများ၊ ပေးသွင်းရမည့်အတိုးများ၊ နောက်ကျပေးသွင်း မှုများအတွက် ပေးသွင်းရမည့် ဒဏ်ကြေးများကောက်ခံရရှိစေရေး စီမံဆောင်ရွက်ရန် လိုအပ်ခြင်း၊ (အစီရင်ခံစာအပိုဒ်- ၃၅၊၃၆)

(ဏ) မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)မှ ပုဂ္ဂလိကဘဏ်များသို့ ထုတ်ချေးငွေများနှင့်စပ်လျဉ်း၍ ပုဂ္ဂလိကဘဏ်များမှ ချေးငွေပမာဏတင်ပြချက်အရ မြန်မာ့စီးပွားရေးဘဏ်သည် ကိုဗစ်-၁၉ ရန်ပုံငွေမှ စာရင်းညှိနှိုင်းပေးခြင်းဖြစ်ကြောင်းနှင့် ပုဂ္ဂလိကဘဏ်များက ထုတ်ချေးသည့် ဦးရေနှင့်ငွေပမာဏကိုသာ တင်ပြခဲ့ပြီး ချေးငွေနှင့်စပ်လျဉ်းသည့် စာရင်း အထောက်အထားများနှင့် ကြီးကြပ်သည့်အထောက်အထားများ တင်ပြနိုင်မှု မရှိကြောင်း တွေ့ရှိရသဖြင့် ပုဂ္ဂလိကဘဏ်များက ထုတ်ချေးမှုများအတွက် တင်ပြသည့်စာရင်း အထောက်အထားများနှင့် ကြီးကြပ်မှုအထောက်အထားများကို စစ်ဆေးမှုခံယူနိုင်ရေး အလေးထားစီမံကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ခြင်း။

(အစီရင်ခံစာအပိုဒ်-၃၈)

(တ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် များမှ တစ်ဆင့် ကုန်ကြမ်းပေး၊ ကုန်ချောယူ လက်ခစားစနစ် (Cut Make Pack-CMP) လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁ ခုနှစ်၊ အောက်တို ဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆) လအထိ ( ၆၂၈၁ ) ဦး ကျပ်သန်း ၁၈၀,၄၇၉.၈၀၀

ထုတ်ချေးခဲ့ပြီး ၃၁-၃-၂၀၂၃ နေ့တွင်(၅၉၉၁)ဦး ကျပ်သန်း ၁၃၈,၃၃၄.၅၄၉ ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသဖြင့် ချေးငွေသက်တမ်းစေ့ရောက် မှုမရှိသေးသည့် ချေးငွေအရင်းများ ကောက်ခံရရှိစေရေး ကြိုတင်စီမံဆောင်ရွက်ရန်၊ သက်တမ်းစေ့ရောက်၍ ပေးဆပ်ရမည့် ချေးငွေအရင်းများ၊ ပေးသွင်းရမည့် အတိုးများ၊ နောက်ကျပေးသွင်းမှုများအတွက် ပေးသွင်းရမည့်ဒဏ်ကြေးများ ကောက်ခံရရှိစေရေး စီမံဆောင်ရွက်ရန်လိုအပ်ခြင်း၊ (အစီရင်ခံစာအပိုဒ်- ၃၇၊၃၉)

(ထ) မြန်မာ့စီးပွားရေးဘဏ်မှ လုပ်ငန်းရှင်များသို့ ထုတ်ချေးခဲ့သည့် ချေးငွေများအတွက် အရင်း၊ အတိုးပေးဆပ်မှုများ၊ ရရန်ရှိ အရင်းများကို နှစ်ချုပ်စာရင်းတွင် စာရင်းတင်ထားသော်လည်း မြန်မာ့စီးပွားရေးဘဏ်၏ ၃၀-၃-၂၀၂၃ ရက်စွဲပါ ကြေးနန်းစာဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ချုပ်တွင် COVID -19 ချေးငွေများ အတိုး လျာထားခြင်းအား ဆောင်ရွက်ခြင်းမပြုရန် လက်အောက်ခံဘဏ်ခွဲများသို့ အကြောင်းကြားချက်အရ ရရန်ရှိအတိုးများ လျာထားခြင်းမပြုကြောင်း တွေ့ရှိရပြီး မြန်မာ့စီးပွားရေးဘဏ်သည် Accural Basis ဖြင့် ဆောင်ရွက်နေသည့် ဌာနဖြစ်သဖြင့် ရရန်ရှိ အတိုး များ လျာထားဆောင်ရွက်ရန် လိုအပ်ခြင်း၊ (အစီရင်ခံစာအပိုဒ်- ၄၀ )

(ဒ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် CERP's Action Plan အရ ဆောင်ရွက်လျက်ရှိသည့် ရရန်ပိုင်ခွင့် အားလုံး(မြေနှင့် အဆောက်အဦ) စာရင်းပြုစုခြင်း နှင့်ပိုင်ဆိုင်မှု အထောက်အထား ခိုင်မာအောင် ဆောင်ရွက် ခြင်း၊ Assets Verification ပြုလုပ်ခြင်း၊ MADB ၏ ရရန် ကျန်ရှိနေသည့် ကြွေးကျန်များ စိစစ်ခြင်း ဆက်လက်ဆောင်ရွက်ရေး ၊ ထုတ်ချေးထားသည့် ချေးငွေများ အပြည့်အဝ ပြန်လည်ရရှိစေရေး ၊Trade financing SOP နှင့်အညီ လုပ်ငန်းဆောင်ရွက်မှုများကို စီမံကြီးကြပ် ဆောင်ရွက်ရန်လိုအပ်ခြင်း၊
(အစီရင်ခံစာအပိုဒ်- ၄၁ )

(ဓ) ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ အလွန်စီးပွားရေးကုစားမှုအနေဖြင့် CERP's Action Plan အရ ပြည်သူ့အငှားအိမ်ရာ အခန်း (၁၀,၀၀၀) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး တို့အနက် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး တို့မှာ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး၍ ရန်ကုန်တိုင်းဒေသကြီး အတွင်းဆောင်ရွက်သည့် (၄)ခန်းတွဲ (၅)ထပ်

တိုက် (၁၉၄)လုံး၊ အခန်း (၃၁၀၄) ခန်း တည်ဆောက်ခြင်းလုပ်ငန်းကို ၃၁-၃-၂၀၂၄ ရက်နေ့တွင် ပြီးစီးရမည် ဖြစ်ပြီး ၃၁-၁၀-၂၀၂၃ ရက်နေ့ထိတွင် တိုက်(၉၇)လုံး မှာ ၈၇.၅၂ ရာခိုင်နှုန်း သာ ပြီးစီးသေးကြောင်းတွေ့ရှိရသဖြင့်၃၁-၃-၂၀၂၄ နေ့တွင် ရာနှုန်းပြည့်ပြီးစီးစေရေး တည်ဆောက်ရေးဦးစီးကော်မတီ၊ မြို့ပြနှင့်အိမ်ရာဖွံ့ ဖြိုးရေးဦးစီးဌာနနှင့် PMU အဖွဲ့တို့က တွန်းအားပေးကြီးကြပ်ဆောင်ရွက်ရန်နှင့် ပြီးစီးမှုမရှိပါက သတ်မှတ်ဒဏ်ကြေး ကောက်ခံနိုင်စေရေး စီမံဆောင်ရွက်ရန် လိုအပ်ခြင်း။

(အစီရင်ခံစာအပိုဒ်- ၄၂ )

(ခင်ထွေးရီ)

ဒုတိယညွှန်ကြားရေးမှူးချုပ်

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၅ ရက်